# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာစွာနေရ၏**

အနိုင်ရသူသည် ရန်ကိုပွားစေ၏။ ရှုံးသောသူသည် ဆင်းရဲစွာနေရ၏။ (ကိလေသာ)ငြိမ်းပြီးသောသူသည် အနိုင်အရှုံးကိုစွန့်၍ ချမ်းသာစွာ နေရ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၀၁)


၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့ | 25, Wednesday May 2016 | (၈၅၇၂)




## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

### စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့်အတူ ပြည်သူ့အတွက် တိုက်ရိုက်အကျိုးရှိစေမည့် ရက် ၁၀၀ စီမံချက်


စာမျက်နှာ
၁၆
၁၇


## မြစ်ရေအခြေအနေ

**နေပြည်တော် မေ ၂၄**

ဧရာဝတီမြစ်ရေသည် မေ ၂၂ ရက်မှ ၂၄ ရက်အတွင်း မြစ်ကြီးနားမြို့၌ ၁၄ ပေခန့် မြင့်တက်ခဲ့ပြီး မေ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ခြောက်နာရီအတွင်း နှစ်ပေခန့် ပြန်လည်ကျဆင်းခဲ့ပြီး ဖြစ်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့ တို့တွင် လေးပေမှ ခြောက်ပေခန့်နှင့် နောက်သုံးရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူ မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ ယနေ့ မွန်းတည့်မှ နောက် ၁၂ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဧရာဝတီမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

## လူထုအခြေပြုခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရွှေ့ပြောင်းလုပ်ငန်းဆောင်ရွက်

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာစေရေးအတွက် လူထုအခြေပြုခရီးသွားလုပ်ငန်းအဖြစ် လျာထားသည့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မိရိုးဖလာလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မန္တလေးရုံးခွဲမှ သိရသည်။


**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**




ဧရာဝတီလင်းပိုင်အကူအညီဖြင့် ငါးရှာနေသော ဒေသခံ ရေလုပ်သားတစ်ဦးကို တွေ့ရစဉ်။

### အမျိုးသားလွှတ်တော်၌ ဆွေးနွေးရန် သဘောတူထားသည့် ဥပဒေကြမ်း တင်သွင်းမှုအား ရပ်သိမ်း


စာမျက်နှာ - ၅


### ဆရာဝန်တွေ ဂျူတီကုတ် ဝတ်သင့်၊ မဝတ်သင့်


စာမျက်နှာ - ၆







ကြေးမုံ

# ပြည်သူလူထုကို ယုံကြည်သော ပြည်သူလူထုက ယုံကြည်သော

မြန်မာနိုင်ငံ၏ မဖွံ့ဖြိုးမတိုးတက်မှုများကို လေ့လာအကဲခတ်ကြသူ နိုင်ငံရေးသိပ္ပံပညာရှင်များက အဓိက အကြောင်းအရင်းတစ်ခုအဖြစ် နိုင်ငံရေးမတည်ငြိမ်မှုကို မီးမောင်းထိုးပြလေ့ရှိသည်။

ခေတ်သစ်မြန်မာနိုင်ငံသမိုင်းကိုကြည့်လျှင် ယင်းအချက်က ကွက်ကွက်ကွင်းကွင်း ပေါ်လွင်နေသည်။ လွတ်လပ်ရေး ရပြီးသည်ကတည်းက မတည်မငြိမ်ဖြစ်ရသည့် မြန်မာ့နိုင်ငံရေးရာသီဥတုဟုဆိုရပါမည်။ ဒီမိုကရေစီခေတ် လေသုန်သုန်တိုက်ရာမှ တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီးသည်၏နောက်မှာ လေထန်ထန်ဖြစ်လာကာ အဲသည့်နောက်မှာ အရှိန်တဖြည်းဖြည်းချင်းတက်လာပြီး လေပြင်းရော မုန်တိုင်းရော၊ လျှပ်စီးရော မိုးကြိုးရောဟု ဆိုရမည်ထင်ပါ၏။

ပါလီမန်ဒီမိုကရေစီခေတ်ကာလတိုတစ်ခုကို နိုင်ငံရေးသမားတို့က အငြင်းအခုန် အတိုက်အခံ အတွန်းအကန် တို့ကြားထဲကနေ အတော်အသင့်တည်ငြိမ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နိုင်ခဲ့သော်လည်း နိုင်ငံရေး မတည်ငြိမ်မှုက မွေးထုတ်လိုက်သော ပြည်ထောင်စုသားချင်း မညီညွတ်မှုနှင့် အာဏာရှင်စနစ် ကြီးထွားလာမှု တို့နှင့်အတူ မညီမျှမှု၊ အခွင့်ထူးခံမှု၊ အဂတိလိုက်စားမှု၊ အလွဲစီမံခန့်ခွဲမှု၊ အလွဲသုံးစားမှုတို့က တိုင်းပြည်ကို ဆင်းရဲတွင်းထဲသို့ နစ်သည်ထက်နစ်အောင် ဆွဲချသွားခဲ့ပါတော့သည်။

သည်လိုအခြေအနေမှာ တက်ကြွ၍ စွန့်လွှတ်ရဲရင့်သော ကျောင်းသားတို့၏ ရှေ့တန်းထွက်ကာ ဦးဆောင်လာ ရာမှ ပြည်သူတစ်ရပ်လုံး အုံကြွတော်လှန်သော ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီး ပေါ်ပေါက်လာကာ တိုင်းပြည်၏ နိုင်ငံရေးတစ်ဆစ်ချိုးအဖြစ် ရောက်ခဲ့ပါသည်။ နိုင်ငံရေးအရ ဒီမိုကရေစီ၏အရေးပါမှုကို လက်ခံ သဘောပေါက်ကြပြီး ဦးတည်ချက်တူ၊ ရည်ရွယ်ချက်တူသည့် ဘုံရည်မှန်းချက်အပေါ်တွင် နိုင်ငံရေးအင်အားစုများ အာရုံစိုက်လာခဲ့ခြင်းဖြင့် နိုင်ငံရေးအတော်အသင့် တည်ငြိမ်မှုဆီသို့ ဦးတည်လာနိုင်ခဲ့သည်။

ဤသို့ ပြည်ထောင်စုသားတို့ စုစည်းညီညွတ်မှု အတော်အသင့် ရရှိလာခြင်းကြောင့်ပင် ယနေ့အချိန်မှာ ပြည်သူလူထုကရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့အစိုးရအဖွဲ့တို့ ပေါ်ထွက် လာခဲ့ခြင်းပင် ဖြစ်ပါသည်။

ယနေ့အချိန်မှာ နိုင်ငံရေးတည်ငြိမ်မှုရရှိပြီဟူ၍ လုံးလုံးလျားလျား မကြွေးကြော်နိုင်သေးလင့်ကစား နိုင်ငံရေး တည်ငြိမ်မှုပန်းတိုင်ဆီသို့ နီးနီးကပ်ကပ်ဦးတည်နေကြပြီဟူ၍တော့ ဆိုနိုင်မည်ထင်ပါသည်။

အထက်တွင်ဆိုသကဲ့သို့ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားခဲ့သည့်အနေအထားအရ ပြည်တွင်းဖွံ့ဖြိုး တိုးတက်မှု အလွန်နိမ့်ကျခဲ့သကဲ့သို့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း သိက္ခာကြီးကြီး မရပ်တည်နိုင်ခဲ့ ဖြစ်ရပါသည်။ နိုင်ငံတကာဆက်ဆံရေးတွင် စူပါပါဝါနိုင်ငံကြီးများက ဒီမိုကရေစီဆိတ်သုဉ်းမှုကို အကြောင်းပြု၍ ပိတ်ဆို့အရေးယူမှုများ၊ သံတမန်ရေးတွင် သံအမတ်အဆင့်ပင်မထားခဲ့သည့် အနေအထားများအထိ ကျဆင်းခဲ့ ရသည်။

သည်လိုအနေအထားတွင် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှု အရိပ်အယောင်များ စတင်ပေါ်ထွန်းလာခဲ့ပြီး သည်စဉ်ကတည်းက နိုင်ငံတကာဆက်ဆံရေးပုံစံများ စတင်ပြောင်းလဲလာခဲ့သည်မှာ အထင်အရှားဖြစ်ခဲ့ပါသည်။ ပြည်သူလူထု၏ထောက်ခံမှုနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးအင်အားကြီးမှုက နိုင်ငံတကာမျက်နှာ စာတွင် မြန်မာနိုင်ငံ၏ဂုဏ်သရေကို ပြန်လည်မြင့်မားလာစေခဲ့သည်ဟု ယူဆပါသည်။

ဒီမိုကရေစီ ပွင့်လန်းလာမှုနှင့် နိုင်ငံရေးတည်ငြိမ်မှု အတော်အတန် တိုးတက်လာသည့်နောက်တွင် ပြည်သူ့ အစိုးရ ပေါ်ပေါက်လာခဲ့ပြီးဖြစ်သော်လည်း အတိတ်ကအမွေဆိုးများကို ဆက်ခံဖြေရှင်းနေရသည်မှာလည်း အထင်အရှားဖြစ်ပါသည်။ မြောက်မြားလှစွာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာများ၊ ရင်ဆိုင် ဖြေရှင်းစရာများကြားမှာ အစိုးရအဖွဲ့သစ်အနေဖြင့် ပြည်သူလူထုအင်အားကိုအားကိုးရင်း တစ်လှမ်းချင်းတက်နေရ သည်မှာလည်း အထင်အရှားပင်ဖြစ်ပါသည်။

သည်လိုအခြေအနေတွင် ၂၂ မေ ၂၀၁၆ နေ့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နှင့် တွေ့ဆုံစကားပြောကြသည်ဟု သိရပါသည်။

မစ္စတာဂျွန်ကယ်ရီက မြန်မာနိုင်ငံဒီမိုကရေစီရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကူညီလိုကြောင်း၊ institution အားလုံးကို အားပေးသည့်အနေဖြင့် အချို့သောပိတ်ဆို့မှုများကို ဆက်လက်ထားရှိပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲမှုကို ဆက်လက်ထောက်ပံ့နိုင်ဖို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အားပေးတိုက်တွန်းနေကြောင်း စသဖြင့် ပြောကြားသွားပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ကျန်ရှိနေသေးသည့် ပိတ်ဆို့အရေးယူမှုများနှင့် စပ်လျဉ်း၍ မိမိတို့သည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေကြောင်းနှင့် အမေရိကန်အစိုးရ၏ပိတ်ဆို့မှုကို နားလည်ကြောင်း၊ ယင်းပိတ်ဆို့မှုသည် မြန်မာနိုင်ငံအတွက် ကြီးမားသည့်ပြဿနာမဟုတ်ကြောင်း၊ ယင်းကို ကြောက်ရွံ့မှုမရှိကြောင်း မိတ်ဆွေနိုင်ငံအဖြစ် ဆက်ဆံသွားမည်ဆိုသည့်သဘောထားကို ပြန်လည်ပြောဆိုခဲ့ပါသည်။

လုံးလုံးလျားလျား ဒီမိုကရေစီခိုင်မာမှုမရှိသေးသည့် ယနေ့ကာလတွင် လက်ရှိအစိုးရသစ်အနေဖြင့် ပြည်သူ့အင်အားကို အလေးအနက်ထားကာ ရင်ဆိုင်စရာရှိသည်များကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကျော်ဖြတ်ကာ ဖွံ့ဖြိုး တိုးတက်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်းနှင့် ပြည်သူလူထုက လည်း အစိုးရနှင့်လက်တွဲမဖြုတ်စတမ်း ရပ်တည်သွားမည်မှာ အသေအချာဖြစ်သည်ဟု ယုံကြည်ပါကြောင်း။



## မြစေတီ(ရာဇကုမာရ်)ကျောက်စာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းအထိမ်းအမှတ် စိုက်ထူ

**ညောင်ဦး မေ ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ဒေသရှိ မြစေတီ(ရာဇကုမာရ်) ကျောက်စာအား ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်း (MoW)ဝင်အဖြစ် သတ်မှတ်ခြင်းအထိမ်းအမှတ် Logo စိုက်ထူပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပုဂံရှေးဟောင်း သုတေသနပြတိုက်နှင့် ပုဂံမြို့ဟောင်း မြင်းကပါရပ်ကွက် မြစေတီဘုရား တို့၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက မြစေတီ ကျောက်စာအား ကမ္ဘာ့မှတ်တမ်းအမွေ အနှစ်စာရင်းတွင် ပါဝင်ခြင်းနှင့် Logo စိုက်ထူပွဲသည် မြန်မာနိုင်ငံ အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ သားများအတွက် လည်းကောင်း၊ ဒေသခံပြည်သူလူထုအတွက်လည်း ကောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ် ပါကြောင်း၊ ကမ္ဘာ့မှတ်တမ်းအမွေ အနှစ်စာရင်းတွင် ပါဝင်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းရေးနှင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ရေရှည် တည်တံ့အောင် ဆောင်ရွက်နေသော ဒေသခံပြည်သူလူထု၊ ဒေသတွင်းအဖွဲ့ အစည်းများအား ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားခဲ့သည်။ ဆက်လက် ၍ ရှေးဟောင်းသုတေသနနှင့် အမျိုး သားပြတိုက်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးကျော်ဦးလွင်က မြစေတီ (ရာဇကုမာရ်)ကျောက်စာအား Memory of the World (MoW) စာရင်း ဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့မှု များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကို၊ မန္တလေး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဒေါက်တာ စိုင်းကျော်ဇောနှင့် မြစေတီဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ တို့က ပုဂံရှေးဟောင်းသုတေသန ပြတိုက် ပုဂံခေတ် စာပေပြခန်း အတွင်းရှိ မြစေတီ (ရာဇကုမာရ်) ကျောက်စာနှင့် မြင်းကပါရပ်ကွက် မြစေတီဘုရား ရင်ပြင်တော်ပေါ်ရှိ မြစေတီ (ရာဇကုမာရ်) ကျောက်စာ တို့၏ရှေ့တွင် စိုက်ထူထားသည့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ် Logo ကို ဖဲကြိုးဖြတ် ၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ပုဂံမြို့ဟောင်းရှိ မြစေတီ (ရာဇကုမာရ်)ကျောက်စာသည် အေဒီ (၁၂)ရာစု မြန်မာနိုင်ငံ၏ သမိုင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ အတွက် ထူးခြားထင်ရှားသော စာပေ အထောက်အထားဖြစ်ပြီး ကျောက်စာ ကို အေဒီ (၁၁၁၃)ခုနှစ်တွင်ရေးထိုး ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာတိုင်၏ မျက်နှာစာလေးဘက်တွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိတို့အား တစ်ဘာသာစီ ရေးထိုးထားပြီး သက္ကရာဇ်ပါသည့် အစောဆုံးမြန်မာဘာသာဖြင့် ရေးထိုး ထားသော စာပေအထောက်အထား တစ်ခုဖြစ်ကြောင်း၊ မျက်နှာစာ လေးဘက်ရှိပြီး ကျောက်စာတိုင် နှစ်တိုင်ပေါ်တွင် ရေးထိုးထားသော ကြောင့် ဒေသတွင်း အလွန်ရှားပါးသော ကျောက်စာဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်စာကို ပုဂံမြို့ ဟောင်း မြင်းကပါရွာ မြစေတီဘုရား အနီးတွင် တွေ့ရှိခဲ့ခြင်းကြောင့် မြစေတီ ကျောက်စာဟုလည်းကောင်း၊ ရေးထိုးခဲ့သည့် အလှူရှင်ကို အစွဲပြု၍ ရာဇကုမာရ် ကျောက်စာဟု လည်းကောင်း ခေါ်ဆိုကြကြောင်း၊ အေဒီ(၁၂)ရာစုက ရေးသားထားသော ပကတိအတိုင်းရှိသည့် ကျောက်စာ တိုင်ဖြစ်ကြောင်း သိရသည်။

ယင်းမြစေတီ (ရာဇကုမာရ်) ကျောက်စာကို ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ် စာရင်းသို့တင်သွင်းခဲ့ရာ အာရပ် စော်ဘွားများပြည်ထောင်စု အဘူဒါဘီ မြို့တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ လ ၄ ရက်မှ ၆ ရက်ထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် Memory of the World အစီအစဉ်၏ International Advisory Committee အစည်း အဝေး ဆုံးဖြတ်ချက်အရ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က သဘောတူ အတည်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ် Memory of the World International Register စာရင်းဝင်အဖြစ် သတ်မှတ် ခဲ့ကြောင်းသိရသည်။

**ရဲသူရအောင်(ညောင်ဦး)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေအဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁ ရက်နေ့ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သတ္တသတ္တာဟတရားစခန်းတွင် တတိယအကြိမ် ဓမ္မဒူတ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**နေပြည်တော် မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေဥတ္တရသီရိမြို့နယ် သတ္တသတ္တာဟတရားစခန်းတွင် တတိယအကြိမ် ဓမ္မဒူတ ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက် ၉ နာရီက စတင်ဖွင့်လှစ်ရာ ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ ကြွရောက်တော်မူ၍ ကျောင်းသားကျောင်းသူများအား သင်တန်းပို့ချသည်။



အဆိုပါ ဓမ္မဒူတ ယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းသား ကျောင်းသူ၊ လူငယ်မောင်မယ်များ ယဉ်ကျေးလိမ္မာပြီး အမျိုး၊ ဘာသာသာသနာကို ချစ်မြတ်နိုး၍ စောင့်ရှောက်တတ်စေရန်ရည်ရွယ်ကာ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခု ဓမ္မဒူတ ယဉ်ကျေးလိမ္မာသင်တန်းသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း တတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယနေ့မှစ၍ မေ ၂၆ ရက်ထိ သင်တန်းအမှတ်စဉ်(၁)တွင် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ တက္ကသိုလ်တက်ရောက်မည်သူများနှင့် ဒသမတန်း၊ နဝမတန်း တက်ရောက်ကြမည့် ကျောင်းသား ၂၀၆ ဦး၊ ကျောင်းသူ ၂၅၉ ဦး စုစုပေါင်း ၄၆၅ ဦး တက်ရောက်ကြသည်။

"အဓိကကတော့ ဒီကလေးလေးတွေ မိမိကိုယ်ကို မိမိယုံကြည်မှုရှိအောင်၊ သူတို့ရဲ့စွမ်းရည်တွေကို ထုတ်သုံးဖြစ်အောင်၊ မိမိကိုယ်ကိုမိမိ အားကိုးနိုင်ပြီး မိဘတွေ အားကိုးနိုင်တဲ့၊ မိမိမြို့နယ်၊ မိမိတိုင်းပြည်မှာ အားကိုးနိုင်တဲ့၊ မိမိအမျိုးဘာသာသာသနာမှာ အားကိုးနိုင်တဲ့ သားလိမ္မာ၊ သမီးလိမ္မာလေးတွေဖြစ်ဖို့ အတွက် အခုလိုသင်တန်းတွေက အထောက်အကူပြု ဖြစ်စေမှာပါ"ဟု သင်တန်းနည်းပြ ဒေါ်အေးအေးသန်းက ပြောကြားသည်။

ထို့ပြင် ဓမ္မဒူတယဉ်ကျေးလိမ္မာသင်တန်း အမှတ်စဉ်(၂)ကိုလည်း အခြေခံပညာ အဋ္ဌမတန်း၊ သတ္တမတန်းနှင့် ဆဋ္ဌမတန်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀၀ ခန့်ဖြင့် မေ ၂၇ ရက်မှ ၂၉ ရက်ထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)**

**၁၃၇၈ ခုနှစ်၊     လ   ရက်**

**(၂၀၁၆ ခုနှစ်၊     လ   ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၄**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဦးကျော်တုတ်တို့သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့အခြေစိုက် မြန်မာ-အမေရိကန်လူမျိုးများကွန်ရက်အသင်းဥက္ကဋ္ဌ ဦးအောင်မင်းနိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသခင်ခိုင်ဘွားတို့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ်(I-20)ဧည့်ခန်းမ၌ တွေ့ဆုံပြီး အမေရိကန်နိုင်ငံ၌ အမေရိကန်-မြန်မာလူမျိုးများကွန်ရက်အသင်း၏ ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခြင်းနှင့် မြန်မာနိုင်ငံအား ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံလွှတ်တော်မှ ငွေရေးကြေးရေးဆိုင်ရာ ဆန်းစစ်လေ့လာရေးကော်မရှင်ဥက္ကဋ္ဌ တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား ဂျပန်နိုင်ငံလွှတ်တော်မှ ငွေရေးကြေးရေးဆိုင်ရာ ဆန်းစစ်လေ့လာရေး ကော်မရှင်ဥက္ကဋ္ဌ H.E. Mr. Takumi NEMOTO နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးအပ်သည့် သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အကောင်အထည်ဖော်သည့် CBM-NET တိုးတက်မှုအခြေအနေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်လျက်ရှိသော ငွေကြေးမူဝါဒကို လွတ်လပ်စွာ အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဂျပန်လွှတ်တော်မှ H.E. Mr. Takumi NEMOTO က မိမိတို့အနေဖြင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် နယ်ပယ်အသီးသီးအတွက် မြန်မာနိုင်ငံအား ရင်းနှီးစွာအကူအညီပေးလျက်ရှိပြီး ဂျပန်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်မှု အခြေအနေ၊ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးအတွက် ဂျပန်အစိုးရမှ ရန်ကုန်စတော့ဈေးကွက် ပေါ်ပေါက်ရေး မြန်မာနိုင်ငံအစိုးရနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**အင်းမ မေ ၂၄**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အင်းမမြို့၌ မိုးဦးကာလတွင် လျှပ်စစ်ဓာတ်အားလိုင်းများပေါ်သို့ သစ်ကိုင်းများ ကျိုးကျခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ပြည်သူများဓာတ်အား သုံးစွဲမှုတွင် ဓာတ်အားပြတ်တောက်မှု နည်းပါးစေရန်အတွက် ပေါင်းတည်မြို့ ဓာတ်အားခွဲရုံမှ အင်းမမြို့သို့ ဓာတ်အားပေးထားသော ရန်ကုန်-ပြည်ကားလမ်းဘေးရှိ(၁၁) ကေဗွီဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို မေ ၂၃ ရက်က အင်းမမြို့ လျှပ်စစ်ရုံးမှ မြို့နယ်လျှပ်စစ်မှူး ဦးဇော်မင်း ဦးဆောင်၍ လျှပ်စစ်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၄၃)**

*** လူထုအခြေပြုမှ**

ဧရာဝတီမြစ်ကြောင်းရှိ ကျောက်မြောင်းနှင့် မင်းကွန်းအကြား စိန်ပန်းကုန်းရွာနှင့် မြေစွန်းရွာများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မန္တလေးရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုနှင့် Wildlife Conservation Society (WCS) မှ တာဝန်ခံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်များသည် မေ ၂၁ ရက်မှ ၂၃ ရက်အထိ သွားရောက်ကာ ကျေးရွာလူထုများနှင့် ညှိနှိုင်းဆွေးနွေးပြီး မြန်မာ့ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသည်။

ထိုသို့ဆွေးနွေးဆောင်ရွက်ရာတွင် ဒေသတွင်းယဉ်ကျေးမှုနယ်မြေသစ်ခရီးစဉ်များရှာဖွေခြင်း၊ ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အိုးလုပ်ငန်း၊ ဝါးခမောက်လုပ်ငန်း၊ စည်းခါးဆေးပေါလိပ်လုပ်ငန်းနှင့် ကျေးရွာဓလေ့များအား နိုင်ငံခြားသားများသို့ပြသ၍ ခရီးစဉ်ဒေသသစ်များ ရှာဖွေနိုင်ရန် စီစဉ်ခြင်း၊ ကမ္ဘာတွင် မြန်မာနိုင်ငံမှာသာတွေ့ရှိနိုင်သည့် လင်းပိုင်နှင့် ရေလုပ်သား အကျိုးတူငါးဖမ်းခြင်းအား စဉ်ဆက်မပြတ် ပြသနိုင်ရန်၊ လုပ်သက်နုရေလုပ်သားငယ်များအား ဆင့်ပွားသင်တန်းပေးနိုင်ရန်စီစဉ်ခြင်း၊ Bed And Breakfast ဆင့်ပွားသင်တန်းပေးနိုင်ရေးအတွက် ဆရာဖြစ်မွမ်းမံသင်တန်းပေးနိုင်ရန် စီစဉ်ပေးခြင်း၊ ဧရာဝတီလင်းပိုင်များ အရှည်တည်တံ့ရေးအတွက် ရိုးရာငါးဖမ်းနည်းသာပြုလုပ်ရန်နှင့် ဘက်ထရီလျှော့တိုက် ငါးဖမ်းနည်းများမပြုလုပ်ရန် ဆွေးနွေးပညာပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မော်တော်ယာဉ် အရောင်းစင်တာ / အရောင်းပြခန်းဝန်ထမ်းများ၏ လုပ်ငန်းခွင်ရက်တိုသင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်

**ရန်ကုန် မေ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မော်တော်ယာဉ်အရောင်းစင်တာ/ အရောင်းပြခန်းဝန်ထမ်းများ၏ လုပ်ငန်းခွင်ရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၁၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်နှင့် မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းတို့က အမှာစကားပြောကြားကြသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားရှိသည့် မော်တော်ယာဉ်အရောင်းစင်တာများနှင့် အရောင်းပြခန်းများမှ ဝန်ထမ်း သင်တန်းသားသင်တန်းသူ စုစုပေါင်း ၈၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယခုသင်တန်းသည် ဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ခုနှစ်က ပထမအကြိမ် ဖွင့်လှစ်ပေးသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုပညာပေးရေးအတွက် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ယခုမော်တော်ယာဉ်တင်သွင်းမှုများ လွယ်ကူစွာ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့်ဌာနများနှင့်ပူးပေါင်း၍ ကုန်သွယ်မှုဆိုင်ရာပညာပေးသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယီမင်၌ ကလပ်စတာဗုံးများ အသုံးပြုသည်ဆိုမှု ဗြိတိန်ကာကွယ်ရေးဌာန စုံစမ်းစစ်ဆေးနေဟုဆို

**လန်ဒန် မေ ၂၄**

ယီမင်နိုင်ငံ၌ ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ဗြိတိန်လုပ် ကလပ်စတာဗုံး(ခေါ်)ဗုံးပဒေသာများကို အသုံးပြုခဲ့သည်ဆိုသော သတင်းများ ပေါ်ထွက်လာခြင်းနှင့်ပတ်သက်၍ မိမိတို့အစိုးရအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဟမ်မွန်းက ပါလီမန်သို့ မေ ၂၄ ရက်တွင် ပြောကြားသည်။

ယီမင်နိုင်ငံ၌ ဆော်ဒီဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့က ကလပ်စတာဗုံးများကို အသုံးပြုခဲ့သည်ဟူ၍ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စွပ်စွဲထားသော အစီရင်ခံစာတစ်ရပ် မေ ၂၃ ရက်က ပေါ်ထွက်လာခဲ့သည်။

အဆိုပါကလပ်စတာဗုံးများကို ဗြိတိန်နိုင်ငံ၌ ၁၉၇၀ ပြည့်လွန်နှစ်များက ထုတ်လုပ်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက အရေးတကြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဝန်ကြီး ဟမ်မွန်းက ပါလီမန်သို့ ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ကလပ်စတာဗုံးများကို အသုံးပြုခဲ့ခြင်းနှင့်ပတ်သက်၍ လောလောဆယ် သက်သေအထောက်အထားမရှိကြောင်း၊ ယင်းသို့သော လက်နက်မျိုးကို မသုံးပါဟု ဆော်ဒီအာဏာပိုင်များက အာမခံချက်ပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**




# ကလင်တန်အပေါ် နှာတစ်ဖျားအသာရနေသည့် ထရန့်

**ဝါရှင်တန် မေ ၂၄**

လူထုသဘောထားစစ်တမ်းကောက်ယူမှုအရ ရီပတ်ဘလီကင်သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန် သေချာသလောက်ဖြစ်နေသည့် ဒေါ်နယ်ထရန့်သည် ဒီမိုကရက်တစ်ပါတီသမ္မတလောင်းပြိုင်ပွဲတွင် ထိပ်ဆုံးမှပြေးနေသည့် ဟီလာရီကလင်တန်ကို နှာတစ်ဖျားအသာဖြင့် ဦးဆောင်လျက်ရှိသည်ဟု သိရသည်။

အဆိုပါ လူထုသဘောထားစစ်တမ်းကောက်ယူမှုကို အမေရိကန်နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်ဝက်ဘ်ဆိုက်ဖြစ်သည့် RealClear Politics က အမေရိကန်သတင်းမီဒီယာများ၊ အခြားသော လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ယခုကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းသည် နိုဝင်ဘာရွေးကောက်ပွဲတွင် အမှန်တကယ် ယှဉ်ပြိုင်ရမည်ဟု ယူဆရသည့် သမ္မတလောင်းနှစ်ဦးကို အခြေခံကောက်ယူထားခြင်းဖြစ်သည်။ လူထုသဘောထားစစ်တမ်းတွင် ထရန့်က ၄၃ ဒသမ ၄ ရာခိုင်နှုန်း၊ ကလင်တန်က ၄၃ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားသည်။

ယင်းသဘောထားကောက်ယူမှုကို အေဘီစီသတင်းဌာနနှင့် ဝါရှင်တန်ပို့စ်သတင်းစာတို့က ပူးပေါင်းကောက်ယူ၍ တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်လအတွင်း ထရန့်ကို ထောက်ခံမှု ငါးမှတ်မြင့်တက်လာပြီး ၄၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည့်တိုင် ကလင်တန်ကို ထောက်ခံမှုမှာ ခြောက်မှတ်လျော့ကျသွားပြီး ၄၄ ရာခိုင်နှုန်းလျော့ကျခဲ့သည်ဟု ဆိုသည်။ ကလင်တန်ရော ထရန့်ပါ နှစ်ဦးစလုံးကို ဆန့်ကျင်ကန့်ကွက်မှုမှာ ၅၇ ရာခိုင်နှုန်း ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ငံပိုင်နက်အတွင်း မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့မှုအပေါ် အမေရိကန်သံအမတ်အား ပါကစ္စတန်အစိုးရဆင့်ခေါ်

**အစ္စလမ္မာဘတ် မေ ၂၄**

အမေရိကန်တပ်ဖွဲ့များက ပါကစ္စတန်နိုင်ငံပိုင်နက်အတွင်း မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် အာဖဂန်တာလီဘန်အဖွဲ့ ခေါင်းဆောင် မူလာအက်တားမန်ဆော သေဆုံးရခြင်းသည် ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ရာရောက်ကြောင်းနှင့် ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ပါကစ္စတန်အစိုးရအနေဖြင့် စိုးရိမ်ပူပန်မှုရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်သံအမတ်ကြီး ဒေးဗစ်ဟာလေအား မေ ၂၃ ရက်တွင် ဆင့်ခေါ်ကာ အသိပေးပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မိမိ၏ပိုင်နက်အတွင်း အမေရိကန်တပ်ဖွဲ့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ရာရောက်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ပိုက်နက်နယ်မြေစုစည်းတည်ရှိမှု ထာဝရဖြစ်ပေါ်စေရေးကို အာမခံချက်ပေးထားသည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ချိုးဖောက်ရာရောက်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ နိုင်ငံခြားရေးဆိုင်ရာ လက်ထောက်အကြံပေးပုဂ္ဂိုလ်ကို တာရစ်ဖာတေမီက ပြောကြားသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများကို အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံတို့ အနီးကပ်ပူးပေါင်းဟန့်တားနေကြောင်း လက်ထောက်အကြံပေးပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

အသက် (၅၀)ကျော်အရွယ်ရှိမည်ဟု ခန့်မှန်းရသော တာလီဘန်ခေါင်းဆောင် မန်ဆောသည် အမေရိကန် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် သေဆုံးခဲ့သည်။

**ပီတီအိုင်။**



# တောင်တရုတ်ပင်လယ်အတွင်း လွတ်လပ်စွာ ရေကြောင်းသွားလာခွင့် အရေးကြီးပုံ သမ္မတအိုဘားမား ထုတ်ဖော်ပြောကြား

**ဟနွိုင်း မေ ၂၄**

တောင်တရုတ်ပင်လယ်အတွင်း လွတ်လပ်စွာပင်လယ်ရေကြောင်း သွားလာခွင့်ရှိရေးဟူသော အခြေခံမူအတွက် မိမိတို့၏လုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက မေ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံကြီးများသည် နိုင်ငံငယ်လေးများအပေါ် စိုးမိုးမှုမရှိသင့်ကြောင်း သမ္မတ အိုဘားမားက ဗီယက်နမ်ခရီးစဉ်၏ ဒုတိယမြောက်နေ့တွင် ပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ပိုင်နက်အငြင်းပွားမှုများတွင် အမေရိကန်ပါဝင်ပတ်သက်ခြင်းမရှိသော်လည်း လွတ်လပ်စွာပင်လယ်ရေကြောင်းသွားလာခွင့်ရှိရေးကဲ့သို့ အဓိကကျသည့် အခြေခံမူများကို ကိုင်စွဲရာတွင် မိမိတို့၏လုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

နိုင်ငံများသည် နိုင်ငံအရွယ်အစားကြီးငယ်မရွေး အချုပ်အခြာပိုင်စိုးသည့် နိုင်ငံများသာလျှင်ဖြစ်ကြောင်း၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ကြကြောင်း သမ္မတအိုဘားမားက ရုပ်မြင်သံကြားမှတစ်ဆင့် ဗီယက်နမ်ပြည်သူများအား မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

လူ့အခွင့်အရေးနှင့်ပတ်သက်၍လည်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်။ လူ့အခွင့်အရေးဟူသည် တည်ငြိမ်မှုကို ခြိမ်းခြောက်သည်မဟုတ်၊ တည်ငြိမ်မှုဖြစ်ပေါ်ရေးအတွက် အားပေးမြှင့်တင်ကြောင်း၊ လွတ်လပ်စွာရေးသားဖော်ပြခွင့်သည် စီးပွားရေးတိုးတက်မှုအတွက် တွန်းကန်အားဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

**ရိုက်တာ။**

# အီးယူမှ ဗြိတိန်နုတ်ထွက်လျှင် စီးပွားရေးကျဆင်းနိုင်ကြောင်း ကင်မရွန်း သတိပေး

**လန်ဒန် မေ ၂၄**

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ ဆက်လက်ပါဝင်ရေးသို့မဟုတ် နုတ်ထွက်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်ပြည်သူများက နုတ်ထွက်ရေးကို ရွေးချယ်ခဲ့မည်ဆိုပါက ဗြိတိန်နိုင်ငံသည် စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားသည်။

အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ခဲ့လျှင် နှစ်နှစ်အတွင်း ပေါင်ငွေတန်ဖိုး ကျဆင်းသွားနိုင်ကြောင်းနှင့် ကုန်စျေးနှုန်းမြင့်တက်လာနိုင်ကြောင်း ကင်မရွန်းအစိုးရက မေ ၂၃ ရက်တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ယင်းနေ့မှာပင် ကင်မရွန်းက အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်လျှင် ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းသွားနိုင်ပြီး ယင်းစီးပွားရေးကျဆင်းမှုသည် ကိုယ့်ဘာသာကိုယ်ပြုလုပ်ခြင်းပင်ဖြစ်သည်ဟု ပြောကြားသည်။

အတိုက်အခံဘက်မှ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဥပဒေပြုလွှတ်တော်အမတ် ဘောရစ်ဂျွန်ဆင်က အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်လျှင် ဗြိတိန်စီးပွားရေးပိုမိုကောင်းမွန်လာမည်ဟု ပြောကြားသည်။ အီးယူ၏ ပိုမိုများပြားလာသည့် စည်းမျဉ်းများက ဗြိတိသျှစီးပွားရေးလုပ်ငန်းများတွင် မလိုအပ်သည့် ကုန်ကျစရိတ်များ ဖြစ်ပေါ်စေသည်ဟု လန်ဒန်မြို့တော်ဝန်ဟောင်း ဘောရစ်ဂျွန်ဆင်က ပြောကြားသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားသည်။ နောက်ဆုံး ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းအရ ပြည်သူ ၄၄ ရာခိုင်နှုန်းက အီးယူတွင် အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်လိုပြီး ၄၀ ရာခိုင်နှုန်းက အီးယူမှ ခွဲထွက်လိုကြသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် မေ ၂၄**
ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ မုံရွာ-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး ဗျူဟာကားလမ်းမကြီး ဖောက်လုပ်နေမှုနှင့် ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် မည်သည့်အချိန်တွင်ပြီးစီးရန် သတ်မှတ်မှုရှိ၊ မရှိ မေးမြန်းချက်အပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဆိုပါလမ်း၏ ရေဦး-ကလေးဝလမ်းပိုင်း မိုင်(၈၀) (၃)ဖာလုံမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် ကွန်ကရစ်လမ်း(၁၉)မိုင်၊ ကတ္တရာလမ်း(၆၁)မိုင် (၃)ဖာလုံအဆင့်သို့ ရောက်ရှိမည်ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မုံရွာ - သက္ကယ်ကျင်း - ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး ဗျူဟာလမ်းသည် စုစုပေါင်းအရှည်(၄၆၄)မိုင် (၃)ဖာလုံရှိပါကြောင်း၊ မုံရွာ-ရေဦး လမ်းပိုင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး မုံရွာမှ ဒီပဲယင်းနယ်စပ်ထိ (၄၇)မိုင်ကို ဆုထူးပန်ကုမ္ပဏီမှ B.O.T စနစ်ဖြင့်လည်းကောင်း၊ ဒီပဲယင်းနယ်စပ်မှ ရေဦးမြို့အထိ (၇)မိုင်ကို လမ်းဦးစီးဌာနမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဦး-ကလေးဝလမ်းပိုင်း မိုင်(၈၀) (၃)ဖာလုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် မြေသားတာပေါင်ခဲ့တင်ခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။


ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်


ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့်

သက္ကယ်ကျင်း - ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းရှိ သက္ကယ်ကျင်း-သာနန်းတော (၄၅)မိုင်နှင့် ဖောင်းပြင်-ဟုမ္မလင်းလမ်းဆုံ-ယက်ဖ (၁၁၉)မိုင်သည်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းမှာ မိုင် (၃၃၀)ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းပိုင်းဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြေတာပေါင်ခဲ့ခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ ရမ်းဗြဲမြို့မှ လေးတောင်တိုက်နယ်သို့သွားသော ကားလမ်းအား ကျောက်ချောလမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှုရှိ၊ မရှိ မေးမြန်းချက်နှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီးက အဆိုပါလမ်းမှာ အမာခံလမ်းအဆင့်ဖြစ်သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဆင့် ရောက်ရှိစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ရမ်းဗြဲ-လေးတောင်လမ်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ ရမ်းဗြဲ-လေးတောင်လမ်းအပိုင်းသည် အမာခံလမ်းအမျိုးအစားဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ခွဲဝေရရှိသည့် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖြုန်းကျောက်စရစ်ခင်းခြင်း၊ သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း၊ သစ်သားတံတားများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

အဆိုပါဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် မေ ၂၄**
တတိယအကြိမ်ပြင်ဆင်သည့် ရပ်ကျေးဥပဒေကြမ်းကို ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်လိုက်သည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၅ ဦးကလည်း ယနေ့အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးချက်များအပေါ် ပြန်လည်ကြားနာဆောင်ရွက်ရန် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကို တာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှဝင်းအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ ပါ ပြည်သူလူထု၏လုံခြုံမှုကို ဥပဒေအရ ကာကွယ်ပေးရမည့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်မကျေသည့် တာဝန်ရှိသူများအဖြစ် ရောက်ရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၃၊ ၃၈၄နှင့် ၃၈၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် ရပ်ကျေးဥပဒေပါ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မ ၁၇ တို့ကိုပယ်ဖျက်ခြင်းမပြုဘဲ မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် မသမာသူဒုစရိုက်သမားများသည် မြို့ရွာနယ်ပယ်အသီးသီးတွင် ဒေသခံများအသွင်သဏ္ဌာန်ယူ၍ တည်းခိုခန်းများ၊ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများ၌ တည်းခိုပြီး အဖျက်အမှောင့်လုပ်ငန်းများကို ကြံစည်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ဒုစရိုက်အဖျက်လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ရပ်ကွက်နယ်မြေအတွင်း လူစိမ်းဧည့်သည်များ ဝင်ထွက်မှုကို စိစစ်ပြီး ဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဧည့်စာရင်းတိုင်ကြားစစ်ဆေးခြင်းကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုဘဝလုံခြုံရေးအတွက် ဆောင်ရွက်ထားသည့် လုံခြုံရေးစည်းရိုးသဖွယ်ဖြစ်သောပြဋ္ဌာန်းချက်များကို ပယ်ဖျက်လိုက်ပါက မရှိတော့သည့်စည်းရိုးအပေါ်တွင် အခွင့်ကောင်းယူ၍ မသမာသူများမှ အဖျက်လုပ်ငန်းများဆောင်ရွက်ပါက ပြည်သူလူထု၌ ကြေကွဲဝမ်းနည်းရမည့်ကိစ္စရပ်များကြုံတွေ့နိုင်သည်ကိုလည်း ဗိုလ်မှူးကြီးလှဝင်းအောင်က သတိပေးပြောကြားခဲ့သည်။

ဧည့်စာရင်းတိုင်ကြားခြင်းအပေါ် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး


ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း

(၁၂)မှ ဦးအောင်သိန်းက ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေတွင် အခန်း ၇ ပုဒ်မ ၁၃(ဇ)၊ အခန်း ၉ ပုဒ်မ ၁၉(က) နှင့် အခန်း ၁၁ ပုဒ်မ ၂၇ တို့တွင် အုပ်ချုပ်ရေးမှူးတစ်ဦး၌ တာဝန်ရှိခြင်းမဟုတ်ဘဲ ရပ်ကျေးအတွင်းရှိ ပြည်သူများနှင့်သက်ဆိုင်သည့် လုံခြုံရေးကိစ္စများကို တာဝန်ခံထားရသည့်အတွက် ဧည့်စာရင်းစိစစ်ရန် မလိုအပ်သည့် အခြေအနေတွင်ရှိပါကြောင်း ဆွေးနွေးသည်။

ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ပေးရေးနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက မူလဥပဒေပြဋ္ဌာန်းချက် အခန်း ၁၂ ပါ ချီးမြှင့်ထောက်ပံ့ငွေအခန်း၌ အဂတိကင်းစင်သော အစိုးရတစ်ရပ်ဖြစ်ထွန်းစေရန် အောက်ခြေအဖွဲ့အစည်းသည် အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် နေ့စဉ်ထိတွေ့ရပြီး ဆိုးခြင်း၊ ကောင်းခြင်းသည် ပြည်သူများထံ တိုက်ရိုက်ထိတွေ့ရပါကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် နေ့စဉ် ၂၄ နာရီ တာဝန်ထမ်းဆောင်ရခြင်း၊ ရွေးကောက်ခံအုပ်ချုပ်ရေးမှူးဖြစ်သည့်အတွက် အဂတိကင်းစင်သောအုပ်ချုပ်ရေးမှူးများဖြစ်စေရန် လုံလောက်သောလစဉ်ချီးမြှင့်ငွေများကို အုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာခွဲတာဝန်ခံများအား လိုအပ်သောနည်းဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

မှတ်ကျောက်တင်ခံနိုင်သည့်ဥပဒေဖြစ်ရန်အတွက်လည်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ယခုပြဋ္ဌာန်းလိုက်သည့် ဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီသောဥပဒေများဖြစ်ရန် ပြည်သူလူထုက လေးစားလိုက်နာသည့် ဥပဒေဖြစ်ရန် အရေးကြီးပါကြောင်း၊ ဥပဒေတစ်ခုပြဋ္ဌာန်းပြီး အနည်းဆုံးလွှတ်တော်သက်တမ်းသုံးဆက်အထိ ခေတ်စနစ်နှင့်လျော်ညီ၍ မှတ်ကျောက်တင်ခံနိုင်သည့်အပြင် သင့်တော်ခြင်း၊ ကောင်းမွန်ခြင်းနှင့် လက်တွေ့ကျခြင်းဆိုသည့် စံနှုန်းပြည့်မီသောဥပဒေဖြစ်ရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က လွှတ်တော်သို့တင်ပြရာ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံဆွေးနွေးသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဆန္ဒရယူရာ ကန့်ကွက်သူမရှိသည့်အတွက် ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အတည်ပြုကြောင်းကြေညာသည်။

အလားတူ ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေးက မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအား အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# အမျိုးသားလွှတ်တော်၌ ဆွေးနွေးရန်သဘောတူထားသည့် ဥပဒေကြမ်းတင်သွင်းမှုအား ရုပ်သိမ်း

**နေပြည်တော် မေ ၂၄**
အမျိုးသားလွှတ်တော်၌ လက်ခံဆွေးနွေးရန် သဘောတူထားသည့် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းတင်သွင်းခဲ့မှုကို ပြန်လည်ရုပ်သိမ်းရန် လွှတ်တော်က ယနေ့အစည်းအဝေး၌ ဆုံးဖြတ်လိုက်သည်။

အဆိုပါဥပဒေကြမ်းကို ၂၀၁၆ ခုနှစ် မေ ၄ ရက်တွင်ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က တင်သွင်းခဲ့ပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ထားသည်။

သို့သော် ယင်းဥပဒေကို ရုပ်သိမ်းလိုက်ပါက အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်များဆုံးရှုံးမည်ဖြစ်ပြီး လက်ရှိစီမံခန့်ခွဲအုပ်ချုပ်ရေးဆောင်ရွက်ရန်အတွက် အခက်အခဲအကျပ်အတည်းတွေ့နိုင်သည့်အပြင် ဥပဒေကြောင်းအရ ပြဿနာပေါ်ပေါက်နိုင်သည့်အတွက် အဆိုပါရုပ်သိမ်းသည့် ဥပဒေကြမ်းတင်သွင်းခဲ့မှုကို ပြန်လည်ရုပ်သိမ်းရခြင်းဖြစ်ကြောင်း အဆိုရှင်က လွှတ်တော်သို့ တင်ပြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအတွက် လိုအပ်သော ဥပဒေများကို စနစ်တကျပြဋ္ဌာန်းပြီးမှသာ ယခုဥပဒေကို ရုပ်သိမ်းခြင်းက ပိုမိုသင့်လျော်ပါကြောင်း၊ မူလတင်ပြခဲ့သည့်ရုပ်သိမ်းသောဥပဒေကို လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်ရုပ်သိမ်းပြီး ဥပဒေအသစ်ပြဋ္ဌာန်းပြီးမှသာ ဖျက်သိမ်းသင့်သည့်အတွက် ယခုလိုပြန်လည်ရုပ်သိမ်းရန် တင်ပြရခြင်းဖြစ်ကြောင်း ဦးအောင်ကြည်ညွန့်က လွှတ်တော်သို့ ဆက်လက်တင်ပြသည်။

၎င်းအပေါ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဒေသန္တရအုပ်ချုပ်ရေးဖြစ်သည့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဒေသန္တရအုပ်ချုပ်ရေးဥပဒေများကို လက်ရှိအနေအထားအရ ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် မည်သို့တာဝန်ယူ၊ တာဝန်ခံပြီး မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်များသည် အဆိုပါဥပဒေတွင် အကျုံးဝင်နေသည့်အတွက် လတ်တလောရုပ်သိမ်းခြင်းမပြုဘဲ ဒေသန္တရအုပ်ချုပ်ရေးဥပဒေများ ရေးဆွဲအတည်ပြုပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ကော်မတီ၏ သဘောထားကို ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ ဥပဒေကြမ်း ပြန်လည်ရုပ်သိမ်းရန်တင်ပြခြင်းကို အမျိုးသားလွှတ်တော်၌ ကန့်ကွက်သူမရှိ သဘောတူသည့်အတွက် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်က ပြန်လည်ရုပ်သိမ်းရန် ခွင့်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# မေရောက်မှ လွမ်းရတဲ့ ဧပြီ

မောင်စွမ်းရည်(ဧပြီဒုက္ခသည်ဟောင်း)

ဧပြီရောက်တိုင်း သတိရမိတာတွေ တော်တော်များပါတယ်။ သတိရတယ်ဆိုတာ စိတ်ထိခိုက်လောက်အောင် ခံစားရမှုဖြစ်တတ်တယ်ထင်ပါရဲ့။ ဝမ်းသာလွန်းရင်ပဲဖြစ်ဖြစ်၊ ဝမ်းနည်းလွန်းရင်ပဲဖြစ်ဖြစ် အမှတ်တရ ဖြစ်နေတတ်တယ်ထင်ပါတယ်။

ဧပြီလဟာ မြန်မာတို့ သင်္ကြန်လ၊ နှစ်သစ်ကူးတဲ့လ မင်္ဂလာယူတဲ့ အခါမဟုတ်လား။ ဒီလထဲ လဆန်းပိုင်းမှာကိုပဲ စိတ်ထိခိုက်စရာတစ်ခု ကြုံတွေ့ခဲ့ရပါတယ်။ ၂၀၀၂ ခုနှစ် ဧပြီလ ၆ ရက်နေ့ပါ။ ကျွန်တော့်ရဲ့ဆောက်ပြီးစအိမ်ကို ရန်ကုန် ကမာရွတ် ဝဂ္ဂီရပ်ကွက်ထဲမှာ အများနဲ့အတူ အဖျက်ခံရပါတယ်။ စစ်အစိုးရက ဖျက်တာပါ။ အများနဲ့အတူလည်း ဖြစ်သေးတယ်။ အိမ်ခန်းလည်း အစားရတာပဲလို့ တချို့က ဖြေသာအောင်ပြောပေမယ့် ဖြေလို့မရနိုင်ပါ။ ဝဂ္ဂီဆိုတာ မူလက ဆင်းရဲသားရပ်ကွက်ဆိုတော့ တဲအိမ်ကများပါတယ်။ ရပ်ကွက်မီးလောင်ပြီးနောက် အကွက်ချပေးထားခါစပါ။ တချို့က အမြတ်အစွန်းလေးရချင်လို့ မြေကွက်ရောင်းချပြီး မြို့စွန်ကွက်သစ်တွေကို ရွှေ့ပြောင်းသွားကြပါတယ်။ ကျွန်တော်တို့လို အစိုးရဝန်ထမ်းအငယ်စားတွေက သူတို့ရောင်းချတဲ့မြေကိုဝယ်ပြီး အိမ်ဆောက်ကြပါတယ်။ ကျောင်းဆရာ၊ ကျူရှင်ဆရာ၊ စာရေး၊ တရားရေးဝန်ထမ်းစတဲ့ ဝန်ထမ်းအငယ်စားတွေပေါ့။

ကျွန်တော်က ကျောင်းဆရာဘဝနဲ့ ခွေ့တာစုဆောင်းခဲ့ရတာပါ။ ကဗျာရေးလို့ ဝင်ငွေရတာက လက်ဖက်ရည်ဖိုးတောင် မရှိပါဘူး။ ပညာရေးဝန်ထမ်းအဖြစ် ဇနီးမောင်နှံ နှစ်ပေါင်း ၃၀ လောက်လုပ်ပြီး ပင်စင်ယူတော့ နေရအောင် မီးလောင်မြေကွက်တစ်ခု ပေ (၂၅ × ၄၀)လောက်ရှိတယ်ထင်ပါရဲ့။ ဝယ်ပြီး ဖြည်းဖြည်းဆောက်ပါတယ်။ ငွေမလောက်လို့ ချေးရ ငှားရပါသေးတယ်။ အပေါ်ပိုင်းမှာ ပျဉ်ကာပြီး အထပ်သားမိုးထားပါတယ်။ နောက်မှ အောက်ပိုင်းမှာ အုတ်စီ၊ အမိုးကို သွပ်နဲ့လဲပါတယ်။ ပြီးတော့ အဝီစိတွင်းကောတူးလိုက်သေးတာ။ ကိုယ့်မြေကွက်ကလေးပေါ်မှာ ငှက်ပျောပင်၊ ဆူးပုပ်ပင်၊ ပြည်ပန်းညိုပင်၊ သရက်ပင်စတဲ့အပင်လေးတွေ အတော်ဖြစ်ထွန်းနေပါပြီ။ တိုက်ခန်းမှာနေရင် မြေကွက်မပါလို့ အပင်စိုက်စရာနေရာမရှိပါဘူး။ ပန်းအိုးပဲ စိုက်လို့ရတာပါ။ မန္တလေးမှာ အစိုးရတိုက်ခန်း ရဖူးပါတယ်။ ပြန်အပ်ခဲ့တယ်။ သန်လျင်မှာလည်း အစိုးရတိုက်ခန်းရတယ်။ ရောင်းမစား၊ ငှားမစားဘဲ(အူတယ် အတယ် အပြောခံပြီး) ပြန်အပ်ခဲ့ပါတယ်။ ခုတော့ တက္ကသိုလ်နဲ့နီးတဲ့ ရပ်ကွက်ထဲမှာပဲ သစ်ပင်လေးတွေ စိမ်းစိမ်းစိုစို ခြံရံပြီးနေနိုင်ပြီပေါ့လို့ ကျေနပ်နေတာ။ ဘာမှမကြာလိုက်ဘူး။ အသိမ်းအဖျက်ခံရတာပါပဲ။ ပြီးတော့ တိုက်ခန်းတစ်ခန်းဆီကို ရဲတွေ၊ ဒိုင်းတွေ၊ သေနတ်တွေနဲ့ ခြံရံပြီး သူတို့ကားကြီးတွေနဲ့ လူရောပစ္စည်းပါ ကားပေါ်တင်ပြီး ဇွတ်ရွှေ့ပြောင်းပေးခဲ့ပါတယ်။ စုဆောင်းထားတဲ့ ပေ၊ ပုရပိုက်တွေတော့ တချို့ကျိုးကုန်တာပေ့ါ။

တိုက်ခန်းထိရောက်သွားပြန်တော့ အိမ်အကျယ်ချုပ်သဘောနဲ့ ဘယ်မှမသွားရဘဲ ရဲတွေ၊ ပါတီကောင်စီတွေ စုပေါင်းဝိုင်းပတ်စောင့်ကြည့်ထားတာခံရပါတယ်။ အရပ်သားတွေကလည်း သူတို့ကို တာဝန်ဆိုတဲ့လက်ပတ်ကလေးတစ်ခုစီ ပတ်ထားပေးလိုက်တာနဲ့ ရပ်ကွက်ထဲက ကျောင်းဆရာတစ်ယောက်ကို သူပုန်၊ ဓားပြစောင့်ကြည့်သလို မျက်နှာထားကြီးတွေနဲ့ ဝိုင်းရံစောင့်ကြည့်နေတော့တာပါ။ သူတို့ကို ဘာအဖိုးအခမှ အစိုးရက မပေးထားဘဲနဲ့ "တာဝန်" ဆိုတာလေးနဲ့ ဘဝင်မြောက်နေကြရှာတယ်။ ဗိုလ်နေဝင်းက ဒီလိုလူတွေကို သဘောကျသလို ဒီလိုလူတွေ(ပညာမဲ့ဆင်းရဲသားတွေ)ကလည်း ဗိုလ်နေဝင်းကို သဘောကျကြမှာပါပဲ။

အဲဒီလို တိုက်ခန်းသွင်းခံရတဲ့ နေ့မှာပဲ အစောင့်ရဲတွေကို ခွင့်တောင်းဖြတ်သန်းပြီး စာတစ်စောင် အိတ်မပါဘဲ ရောက်လာပါတယ်။ လက်တစ်ဝါးလောက် စာရွက်လေးနဲ့ပါ။ "ဝင်းဖေ ဒီနေ့ငါ့မွေးနေ့ကို ဖိတ်ပါတယ်။ ဆက်ဆက်လာခဲ့ပါတဲ့။ သန်းထွန်းလို့ လက်မှတ်ထိုးထားပါတယ်။ အောက်မှာ ဆက်ရေးထားတာက မင်းမလာနိုင်မှန်းသိလို့ ဖိတ်လိုက်တာ" လို့လည်း ရေးထားပါသေးတယ်။ "ဝင်းဖေ" ဆိုတာက ကျွန်တော့်နာမည်ရင်းပါ။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းဆီက နောက်တဲ့စာ တစ်စောင်ပါ။ ဆရာတပည့်ဖြစ်ပေမယ့် ညီအစ်ကိုလို၊ သူငယ်ချင်းလိုနေကြတာဆိုတော့ ဆရာက အဲသလိုပဲ နောက်တတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ပျော်သွားပါတယ်။ သတင်းတွေပိတ်ဆို့ထားတဲ့ကြားက ဆရာက ငါ့သတင်းကိုရရှိပြီး ငါ့ကိုဂရုစိုက်နေရှာသားပဲဆိုပြီး ပျော်သွားတာပါ။ တကယ်တော့ အားပေးတဲ့စာပါ။

နောက်တစ်နေ့ကျတော့လည်း မမျှော်လင့်ဘဲ လူငယ်တစ်ယောက် အိမ်ရှေ့ပေါက်က ဒီလိုပဲ ရဲတွေကိုခွင့်တောင်းပြီး ရောက်လာပါတယ်။ ဆရာကြီး မင်းသုဝဏ်ရဲ့သား တစ်ယောက်ပါ။ ရဲတွေက အတွင်းကလူသာ အပြင်ထွက်ခွင့်မပေးတာပါ။ အပြင်လူတော့ အတွင်းကို ခေတ္တခဏဝင်ခွင့်ပြုပါတယ်။ အတွင်းလူ မထွက်ရတာက ပြင်ပရေဒီယိုတွေ၊ ဗွီအိုအေ၊ ဘီဘီစီစတဲ့ အသံလွှင့်ဌာနတွေနဲ့ ဆက်သွယ်ပြီး သတင်းမပေးနိုင်အောင်လို့တဲ့။ သတင်းတွေကို ကျွန်တော်က ဝဂ္ဂီရပ်ကွက်ထဲမှာရှိတဲ့ အိမ်နီးချင်း တယ်လီဖုန်းတွေနဲ့ ပြောခဲ့တာပါ။ ဗွီအိုအေက စိန်ကျော်လှိုင်ဆိုရင် ဝဂ္ဂီထဲနေသွားသူဆိုတော့ ဘယ်အိမ်မှာ ဖုန်းရှိတယ်ဆိုတာ သိထားတဲ့လူကိုး။ သတင်းထူးမရှိရင်လည်း မိတ်ဆွေချင်း ဆက်သွယ်နေကျအဆက်မပြတ်ခဲ့ဘူး။ ခုတော့ အဆက်ပြတ်အောင် အိမ်အကျယ်ချုပ်ထားလိုက်တာပါ။ ၁၅ ရက်၊ ရက် ၂၀ လောက်ကြာပါတယ်။

ဆရာကြီးမင်းသုဝဏ်ရဲ့သားက ကျွန်တော့်အိမ်ကို တစ်ခါမှမလာခဲ့ဖူးတော့ ထူးဆန်းတာပေ့ါ။ သူလာစရာလည်း မလိုဘူးလေ။ ကျွန်တော်က ဆရာတို့အိမ်ကို တစ်ပတ်တစ်ခေါက်လောက်ရောက်နေတာ။ ရန်ကုန် တပည့်တွေက ဆရာကြီးကို ဗိုလ်နေဝင်း အရေးယူထားကတည်းက တစ်ယောက်မှမရောက်သလောက်ပါပဲ။ သူ့ရုံးကတပည့်တွေရော၊ သူစာသင်ခဲ့တဲ့ တပည့်တွေရော မလာရဲကြရှာဘူး။ မန္တလေးက လာကြတဲ့ မောင်သာနိုး၊ တင်မိုးနဲ့ မောင်စွမ်းရည်တို့ သုံးယောက်ဦးစီးပြီး ဆရာကြီး မင်းသုဝဏ်နဲ့ ဆရာဇော်ဂျီတို့ နှစ်ဦးကို နှစ်စဉ်ကန်တော့ပွဲလုပ်ကြတော့မှ တစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာခဲ့ကြတာပါ။ ခုဆရာကြီးရဲ့သားက ငွေထုပ်တစ်ထုပ်ပါလာခဲ့တယ်။ ငွေတစ်သောင်းလား၊ နှစ်သောင်းလား ပါလာပါတယ်။ ကျွန်တော် ဒုက္ခရောက်နေတယ်ဆိုပြီး ဆရာကြီးက လွှတ်လိုက်ရှာတာပါ။ ကျွန်တော်က မယူပါရစေနဲ့၊ အဆင်ပြေပါတယ်လို့ အတင်းငြင်းရပါတယ်။

ဆရာကြီး မင်းသုဝဏ်နဲ့ ကဗျာဆရာမကြီး ဒေါ်နုယဉ်တို့ဟာ မောင်နှမအရင်းတွေဆိုတာ အားလုံးသိကြပါတယ်။ ဆရာမကြီးရဲ့ ခင်ပွန်းက ဆရာတက်တိုးပါ။ ကျွန်တော် စာပေဝေဖန်ရေး ကလောင်သွေးစအခါက ဆရာ့ကို လေးပတ်လောက် ဆက်တိုက်ရေးပြီး ဝေဖန်ခဲ့တာပါ။ "ရွှေစင်နှင်းဆီဆိုတဲ့ ဆရာရဲ့ အက်ဆေးစာအုပ်ကို ရှုတ်ချဝေဖန်တာပါ။ ဆရာကဆိုရင် ကျွန်တော့်အက်ဆေးတွေကို ချီးကျူးရှာတယ်။ ကဗျာဆရာမကြီး ဒေါ်နုယဉ်ရဲ့ ကဗျာများကိုလည်း အကောင်းမရေးခဲ့ပါဘူး။ ဒါပေမယ့် အရေးကြုံတော့ သူတို့ရဲ့သား ကိုမင်းအောင်ကို လွှတ်လိုက်ကြရှာတယ်။ ရှေ့က ဆရာကြီး မင်းသုဝဏ်ရဲ့သားထွက်သွားပြီး နောက်က ဆရာမကြီးဒေါ်နုယဉ်ရဲ့သား ဝင်လာပါတယ်။ သူတို့ချင်းတိုင်ပင်ထားကြတာမဟုတ်ပါဘူး။ သူကလည်း ငွေထုပ်တစ်ထုပ်နဲ့ လာပါတယ်။ နှစ်သောင်း၊ သုံးသောင်းပါပဲ။ ကျေးဇူးတင်လိုက်တာ။ ဝမ်းသားအားတက် လိုက်တာ။ ဒါပေမယ့် အားနာလွန်းလို့ ဇွတ်ငြင်းရပါတယ်။ တကယ်လည်း ငွေမလိုပါဘူး။

နောက်ထပ်ရောက်လာတာ တစ်ဦးတစ်ယောက်တည်း မဟုတ်ပါဘူး။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဂူဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင် သခင်ကြီးတွေပါ။ အဘိုးကြီး လေး၊ ငါး၊ ခြောက်ယောက်ကို ဝါးခယ်မသခင်သိမ်းမောင်နဲ့ သခင်အုန်းမြင့်ရဲ့သားကြီး ဦးထွန်းဝေတို့ ဦးဆောင်ပြီး ခေါ်လာပါတယ်။ အခြေအနေစုံစမ်းမေးမြန်းပြီး ဘာကူညီရမလဲ မေးလာတော့ ကိုယ့်အဖေအရွယ် အဘိုးကြီးတွေကိုအားနာပြီး မျက်ရည်လည်မိပါတယ်။ ကျွန်တော်က အဲဒီအချိန်မှာ အသက် ၅၀ ကျော်ပေ့ါ။ သူတို့က ၈၀ ကျော်တွေပါ။ ကျွန်တော့်ကို သူတို့ကပဲ "လူငယ်" တစ်ယောက်ပါဖို့လိုတယ်ဆိုပြီး သခင်ကိုယ်တော်မှိုင်းဂူဗိမာန်စောင့်ရှောက်ရေးနဲ့ ရန်ပုံငွေအဖွဲ့မှာ ထည့်ထားကြတာပါ။ လစဉ်ပထမပတ်ရဲ့ တနင်္ဂနွေနေ့တိုင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့အိမ်မှာ ဆုံနေကျ သခင်ကြီးတွေပါ။

ဆရာကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို ဧပြီလရောက်တိုင်း အထူးသတိရဆင်ခြင်ပြီး ကန်တော့မေတ္တာပို့ဖို့ကိုလည်း မမေ့ပါဘူး။ မပြောမဖြစ်ပြောရဦးမယ်ဆိုရင် အိမ်ဖျက်ခဲ့တဲ့ စစ်အစိုးရအဖွဲ့ကြီးကိုလည်း "အဖျက်သမားတွေအဖြစ် သတိရလျက်ပါ"။ သူတို့ကိုလည်း ဦးပုညပြောသလို မေတ္တာတုံးကြီးကြီးနဲ့ ဦးခိုက်ပြီး ပို့လိုက်ရကြောင်း။ ကျွန်တော် မောင်စွမ်းရည်ပါခင်ဗျား။

# ဆရာဝန်တွေ ဂျူတီကုတ် ဝတ်သင့် မဝတ်သင့်

လက်ာရည်ကျော်

တော်တော်တော့ ထူးဆန်းသည့် ခေါင်းစဉ်ဟု ထင်ကြပေမည်။

သူ့ဆေးရုံနဲ့သူ၊ သူ့ဆေးရုံအုပ်က ဝတ်ခိုင်းရင် ဝတ်ပေ့ါ။ မဝတ်ခိုင်းရင် မဝတ်နဲ့ပေ့ါဟု ပြောမည့်သူတွေလည်းရှိလောက်သည်။

သည်ကိစ္စကလေးက ခုတလော နည်းနည်း အသံကျယ်နေ၍ ရေးရတာပါ။

ဆရာဝန်တွေ တာဝန်ချိန်၊ တာဝန်ကျသည့် ဆေးရုံမှာ ဂျူတီကုတ်ဝတ်ရမည်ဟု အမိန့်စာထွက်သတဲ့။ နယ်မှာတဲ့။

ဘယ်အသင်လူကြီးက ညွှန်ကြား၍ ဘယ်နှနေရာမှာ ထွက်သလဲတော့ ကျွန်တော် သေသေချာချာမသိ။ ကျွန်တော့်ဆေးရုံမှာတော့ စာမရောက်။ ကျွန်တော်လည်း မထုတ်။ ရောက်လာလျှင်လည်း ငြင်းမိမည် ထင်သည်။ အကျိုးသင့်အကြောင်းသင့်သွားပြော၍ရသည့် လူကြီးတွေ အုပ်ချုပ်နေသောခေတ်မို့ ဒါကို သိပ်စိတ်မပူမိ။

အဲသည်ကိစ္စကို ယူကေနိုင်ငံမှာ သွားအလုပ်လုပ်နေသော မြန်မာဆရာဝန်ကလေးတစ်ဦးက မြန်မာနိုင်ငံက ဆရာကြီးတွေ တိုးတက်သောနိုင်ငံတွေမှာ ဘယ်လိုဆိုတာ မသိကြတော့ဘူးထင်သည်ဟု အဓိပ္ပာယ်ရသော စာသားနှင့်တကွ facebook မှာ ဖြန့်ဝေနေတာ တွေ့ရတော့ စိတ်မကောင်းဖြစ်မိသည်။

သူပြောသည့် ဆရာကြီးဆိုတာ ဘယ်သူတွေကို ဆိုလိုမှန်းမသိတော့လည်း လက်ရှိမှာ ပင်စင်မယူသေးဘဲ ဆေးပညာလောကကို ဦးဆောင်နေသည့် ဆရာဝန်ကြီးတွေထဲမှာ ကိုယ်ပါတာတော့ အသေအချာပဲမို့ သူပြောသည့် ကိစ္စလေးကို ဖြေရှင်းချင်လာမိသည်။

**နိုင်ငံတကာနှင့် အဆက်မပြတ်ခဲ့သော မြန်မာဆရာဝန်တွေ**

၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ တော်တော်များများကဏ္ဍတွေ နိုင်ငံတကာနှင့် အဆက်ပြတ်စေခဲ့သည့် တံခါးပိတ်မူဝါဒကြီးစိုးခဲ့တာ မှန်သော်လည်း ဆေးပညာသင်ကြားရေးတွင်တော့ နိုင်ငံတကာနှင့် ပြတ်တောက်သွားတာမျိုး ဘယ်တုန်းကမှမရှိခဲ့တာ အမှန်ပင်ဖြစ်သည်။

ဥပမာအားဖြင့် ကျွန်တော်တို့ "ကလေး ကျန်းမာ" ဘာသာရပ်တွင် ပထမဦးဆုံး ပါမောက္ခဌာနမှူးဖြစ်ခဲ့သော ဆရာကြီး ဦးတင်ဦးမှအစပြု၍ ကျွန်တော့်အထိ တာဝန်ယူ ခေါင်းဆောင်ခဲ့သော ဆရာဝန်ကြီးများအားလုံး တစ်ယောက်မကျန် ယူကေနိုင်ငံရှိ တော်ဝင်ကောလိပ်မှ တော်ဝင် သမားတော်ဘွဲ့ ရခဲ့ကြသူများသာဖြစ်သည်။ ဆေးပညာ ခွဲစိတ်ကုပညာ၊ သားဖွားနှင့် မီးယပ်ကုပညာများမှာလည်း ထိုနည်းနှင်နှင်သာ။

ထိုမျှသာမက ယူကေအပါအဝင် တိုးတက်သောနိုင်ငံများနှင့် ဆေးပညာလေ့ကျင့်သင်ကြားပေးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ဘယ်တော့မှ အပြတ်အတောက်မခံခဲ့သည့်အတွက် ပထမဦးဆုံး ခွဲစိတ်ကုပညာမှ အစပြု၍ နောက် ဆေးပညာ၊ မနှစ်ကစပြီး ကျွန်တော့်ကို ကလေးကျန်းမာရေးပညာရပ်တွေမှာ မြန်မာနိုင်ငံမှာတင် MRCS, MRCP နှင့် MRCPCH စာမေးပွဲများ စစ်ဆေးနေခဲ့ပြီဖြစ်ပြီး ကျွန်တော်အပါအဝင် မြန်မာနိုင်ငံမှ ဆရာဝန်ကြီး တော်တော်များများက တော်ဝင်ကောလိပ်များ၏ စာစစ်ဆရာများ ဖြစ်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံများရော အနောက်တိုင်းနိုင်ငံများအထိပါ စာမေးပွဲတွေ သွားစစ်၊ ဟောပြောပွဲတွေ သွားလုပ်နေကြတာပဲ။

မြန်မာ့ဆေးပညာရှင်တွေ ကမ္ဘာနှင့် မျက်ခြည်ပြတ်ကျန်ခဲ့သည်ဟု ဆရာဝန်မဟုတ်သူတွေကထင်တာ တော်သေးသော်လည်း ကျွန်တော်တို့ လေ့ကျင့်သင်ကြားပေးခဲ့သည့် ဆရာဝန်ကလေးတွေက မထင်စေချင်ပါ။

**ဂျူတီကုတ်၏ ပြဿနာ**

ကျွန်တော်တို့ ကလေးဆရာဝန်တွေကတော့ ဟိုတုန်းကတည်းက ဂျူတီကုတ် ဝတ်လေ့မရှိကြ။ ကလေးက ဂျူတီကုတ်ကို ဆေးထိုးအပ်နှင့် တွဲမြင်ယောင်ပြီး လန့်ငိုတတ်ကြ၍ဖြစ်သည်။ လူကြီးလူနာတွေမှာတောင် အဲဒီပြဿနာ ရှိသင့်သလောက် ရှိသည်။ ဥပမာ- White Coat Hypertension ဆိုသည့် စကားလုံးရှိသည်။ သွေးပေါင်ချိန်လျှင် လူနာက ဂျူတီကုတ်ဝတ်ထားသော ဆရာဝန်ကို မြင်နေရ၍ နည်းနည်းတက်နေသည်ဟု အဓိပ္ပာယ်ရသည်။

နောက်ထပ် ပြဿနာတစ်ခုကတော့ ဂျူတီကုတ်က မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် မလိုက်ဖက်တာပါ။ အထူးသဖြင့် ပြေးလွှားအသက်လုနေရသော ဆရာဝန်အငယ်ကလေးတွေနှင့်မလိုက်။ ပိုဆိုးတာက မီးပျက်လျှင် ပို၍ပင် မလိုက်ဖက်။

ယူကေနိုင်ငံမှာတော့ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်းက ဂျူတီကုတ်၏ အရေးပါသော နောက်ပြဿနာတစ်ခုကို ရှာဖွေတွေ့ရှိသွားကြသည်။ ဂျူတီကုတ်မှာ ရောဂါပိုးမွှားများ ကပ်နေတာပါ။ အိမ်ကဝတ်လာသော အင်္ကျီမှာလည်း ရောဂါပိုးမွှားကပ်နိုင်တာမှန်သော်လည်း တစ်နေ့တစ်ခါ လျှော်ဖြစ်၊ လဲဖြစ်ဖို့က ဂျူတီကုတ်ထက် အိမ်ကဝတ်လာသည့် အင်္ကျီက ပိုသေချာနေတာတော့အမှန်။ နက်ကတိုင်လည်စည်းတွေဆို ဆောရီးပါပဲ။ လုံးဝ မဝတ်ရတော့။ ကျွန်တော်တို့ ယူကေမှာစာမေးပွဲဖြေတော့ စာစစ်ဆရာအထင်ကြီးအောင် နက်ကတိုင် သပ်သပ်ရပ်ရပ် စည်းကြရသည်။ စာစစ်ဆရာတွေက FRCP ဘွဲ့ရပြီးသူများသာ စည်းခွင့်ရှိတော့ နက်ကတိုင်တွေ စည်းထားတာကို အားကျငေးမောခဲ့ရသည်။ စာမေးပွဲအောင်တော့ MRCP သာရသေးသည်။ နောက် FRCP ရမှ တပ်ရမည့် နက်ကတိုင်ကို ကြိုဝယ်လိုက်သေးသည်။ သုံးရောင်ရှိတာကို သုံးခုစလုံးဝယ်သည်။ MRCPCH နှင့် FRCPCH ထပ်ရတော့လည်း ဝယ်တာပဲ။ ယခု အဲဒါတွေ အကုန်ရပြီး ကိုယ်တိုင်စာမေးပွဲစစ်တော့ ဘယ်ဟာမှ မစည်းရတော့ပါ။ လည်စည်းကလည်း ပိုးမွှားတွေ ကပ်သတဲ့။ အင်္ကျီတောင် လက်တိုပဲ ဝတ်ရတော့သည်။ ကုတ်အင်္ကျီမပါရ။ လက်ပတ်နာရီမပတ်ရ။ ကျောက်ပါသော လက်စွပ်မဝတ်ရ။ သိတာပေ့ါလေ။ ကမ္ဘာနှင့် ကင်းကွာနေတာမှ မဟုတ်တာ။

အကောင်းဆုံးကတော့ ဟိုတုန်းက ခွဲခန်းထဲမှာသာ ဝတ်ရသော အထက်အောက်အရောင်တူ ဝတ်စုံမျိုးကို ဆေးရုံချိန်မှာ သတ်သတ်ဝတ်ဖို့ ထုတ်ပေးထားတာဖြစ်သည်။ မကြာခင်က ရန်ကုန်မြို့ပေါ်က ပုဂ္ဂလိကဆေးရုံကြီး တချို့မှာ အဲသလို လုပ်လာတာတွေ့ရသည်။ ဒါလည်း လုံလုံလောက်လောက် ထုတ်ပေးထားပြီး မှန်မှန်လျှော်ဖို့ တော့လိုမည်။ အစိုးရဆေးရုံတွေမှာတော့ ခွဲခန်းတွေရယ်၊ အရေးပေါ် ကြပ်မတ်ကုသဌာနတွေရယ်က လွဲလျှင် အဲသည်ကိစ္စ စိတ်ကူးမယဉ်နိုင်သေး။

လောလောဆယ်မှာ ကျွန်တော့်ကို အကြံတောင်းရင်တော့ ဂျူတီကုတ်မဝတ်ဖို့၊ အင်္ကျီလက်တိုပဲဝတ်ဖို့ ကျွန်တော်က အကြံပေးမှာပင်။ သို့သော် ဂျူတီကုတ်ဝတ်ဖို့ ညွှန်ကြားခံရပါသည်ဆိုသည့် ဆေးရုံတွေက ကျွန်တော်နှင့် လက်လှမ်းမီသော နေရာတွေမဟုတ်။ ကျွန်တော့်ကိုလည်း ဘယ်သူမှ လာအကြံတောင်းမှာမဟုတ်။ သည်ဆောင်းပါး ဖတ်မိပါစေဟုသာ ဆုတောင်းရတော့မည်။

**ဂျူတီကုတ်မဝတ်သည့်ပြဿနာ**

ကျွန်တော်တို့ ဆေးကျောင်းသားဘဝက ဂျပန်ဆေးရုံကြီးခေါ် ရန်ကုန်ဆေးရုံသစ်ကြီး စပေါ်လာတော့ ဂျူတီကုတ်မပါလျှင် ဆေးရုံထဲမဝင်ရသည့် ပြဿနာပေါ်ဖူးသည်။ တခြားဆေးရုံတွေလည်း ပါရသော်လည်း အထဲကျမှ ဝတ်ရသည်။ အဲသည်ဆေးရုံက ခြံဝင်ပေါက်ကတည်းက ဝတ်ခိုင်းသည်။ ဂျူတီကုတ်နှင့် လျှောက်ရသည့်လမ်းကလည်း အားလုံးသိကြသည့်အတိုင်း။ အဲသည်တုန်းကတော့ ကျွန်တော်တို့လည်း လူငယ်ပီပီ ဆေးရုံအုပ်ကြီးကို ငြိုငြင်ခဲ့ကြဖူးသည်။ ဇာချဲ့သည်ဟု။

ဒါတောင် အဲသည်တုန်းက ကျွန်တော်တို့၏ ဝတ်ပုံစားပုံနှင့် အမူအရာတို့က ကျွန်တော်တို့ကို စာသင်နေရသည့် ဆရာတွေကို အတုခိုးထားသည့် ပုံစံအတိုင်းဖြစ်သည်။ သည်ခေတ် ဆေးကျောင်းသားကလေးတွေ ဘယ်လိုဝတ်ကြသည်ဆိုတာတော့ အားလုံးသိကြသည့် အတိုင်း။

ဒါနှင့်ပဲ ဂျူတီကုတ် ဝတ်ခိုင်းသည့် ကိစ္စတွေ ယခုထက်ထိ ဆက်ရှိနေသေးသည်ဟု ထင်သည်။

မကြွေးမှာတုန်းကဆိုလျှင် ဆေးကျောင်းသားကလေးတွေကို လူနာစမ်းဖို့လွှတ်လိုက်တိုင်း အစမ်းမခံသည့် ကလေးအမေတစ်ယောက်ကို "ဘာဖြစ်လို့ အစမ်းမခံတာလဲ"ဟု ကျွန်တော်မေးဖူးသည်။ သူ့အဖြေက "ဆရာ့ကျောင်းသားတွေ ဝတ်ထားတာလည်း ကြည့်ဦးလေ"တဲ့။ ဆရာဝန်က ဆရာဝန်လိုမဝတ်တာကို တောသူတောင်သားကပင် ထောက်ပြနေရတာတော့ သိပ်မနိုပ်။

ကျွန်တော့်သဘောကတော့ ဂျူတီကုတ် မဝတ်ဘဲ ဆရာဝန်၊ ဆေးကျောင်းသားရုပ်ထွက်အောင် သပ်သပ်ရပ်ရပ် ဝတ်ကြစားကြစေချင်သည်။ ဌာနတံဆိပ်၊ ကျောင်းတံဆိပ်တွေလည်း ဆွဲကြ၊ ထိုးပြစေချင်သည်။ ကျွန်တော့်လူနာဆောင်မှာလည်း ကျွန်တော် ဂျူတီကုတ် အတင်းမဝတ်ခိုင်းသော်လည်း ကိုးရိုးကားယားဝတ်လာသော ဆေးကျောင်းသားတွေကို ပေးမဝင်ဘဲ အိမ်ပြန်လွှတ်လေ့ရှိသည်။

ဂျူတီကုတ်ဝတ်ဖို့ အမိန့်ထုတ်သော လူကြီးတွေကလည်း ဆေးရုံတွေမှာ နေ့၊ ည တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်ကလေးတွေ၏ တစ်နေ့တာ လှုပ်ရှားနေရသည့် ပုံစံတွေကို သိအောင်လေ့လာကြစေချင်သည်။

မြန်မာပြည်မှာ အလုပ်မလုပ်တော့သူတွေကလည်း "မြန်မာပြည်မှာ. . ."ဆိုသည့် မှတ်ချက်ကြီးတွေ လွယ်လွယ်မချကြစေချင်။

ဆောင်းပါး

# သတင်းစာ ဆရာဆိုတာ

ဆူးငှက်

မန္တလေးမှာ ဟံသာဝတီသတင်းစာ ရောက်လာမယ်ဆိုကတည်းက မြို့လူထုက မျှော်လင့်နေကြတယ်။ ကုန်လွန်ခဲ့တဲ့ ကာလတစ်လျှောက်လုံး မန္တလေးနဲ့ သတင်းစာက အမြဲတမ်းတွဲဖက်ရှင်သန်ခဲ့တာချည်း။ ဂျပန်ခေတ်လို မြို့လုံးကျွတ် မြို့ပစ်ထွက်ပြေး တိမ်းရှောင်ဒုက္ခရောက်တဲ့ကာလမှာတောင် မန္တလေးနဲ့သတင်းစာက အိုးစားကွဲခဲ့တာမှ မဟုတ်ဘဲ။ ဒီလိုနဲ့ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်၊ ဖဆပလခေတ်။ မန္တလေးမှာ သတင်းစာတွေ အပြိုင်းအရိုင်း။ ဟော ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအာဏာသိမ်းပြီးနောက် သတင်းစာတွေ တစ်ပြည်လုံးအတိုင်းအတာနဲ့ လုံးပါးပါးကုန်တာပါပဲ။ နောက်ဆုံးမန္တလေးမှာ ၁၉၆၇ ခုနှစ် ဇူလိုင် ၇ ရက်ရောက်တော့ လူထုသတင်းစာကို မှတ်ပုံတင်သက်တမ်းထပ်တိုးမပေးတဲ့နည်းနဲ့ အလိမ္မာသုံးကာ 'မန္တလေးနှင့်သတင်းစာ' ပြည်ဖုံးကားချခဲ့တာပါပဲ။ မန္တလေးမြို့လူထုရဲ့နှလုံးသားမှာ 'လူထုသတင်းစာ'က စွဲထင်ပျော်ဝင်နေဆဲ။ မနက်လင်းတာနှင့် ဆွမ်းခံရဟန်းတော်များနှင့်အတူ လူထုသတင်းစာကိုစောင့်မျှော်တဲ့ဆန္ဒတွေ သီးပွင့်ဝေဆာဆဲ။ ဒါပေမယ့် မန္တလေးသားတွေရင်ထဲက လူထုသတင်းစာက ပျောက်ကွယ်သွားပေ့ါ။ တစ်နှစ်။ နှစ်နှစ်။

ဒီကာလမှာပဲ ၁၉၆၉ ခုနှစ်မှာ ဟံသာဝတီသတင်းစာ မန္တလေးမှာ ထုတ်ဝေတော့မယ်ဆိုတဲ့ သတင်းဟာ မန္တလေးသူ မန္တလေးသားတွေ အားလုံးအတွက် ခေါင်းမော့ လည်ဆန့် မျှော်လင့်မေးမြန်းစူးစမ်းစရာပါပဲ။ ဟံသာဝတီ ဘယ်လဲ၊ ဘာလဲ။ ရင်ထဲက 'လူထု'ကို အစားထိုးနိုင်ပါ့မလား။ ရင်ထဲကဆန္ဒတွေ 'ပြေ' စေနိုင်ပါ့မလား။ ကျောက်သွေးတန်း ပြန်ကြားရေးစာကြည့်တိုက်လေးဖွင့်ထားတဲ့ ရှေးဟောင်းနှစ်ထပ်တိုက်ကြီးမှာ 'ဟံသာဝတီ' ဖွင့်မှာတဲ့။ ဆိုင်းဘုတ်တင်ကတည်းက မန္တလေးသားတွေ ဟံသာဝတီတိုက်ရှေ့ စက်ဘီးနဲ့ သွားကြည့်ရတာ အမော။ ဒီလိုနဲ့ ၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှာ ဟံသာဝတီစထွက်တယ်။ စက်တင်ဘာ ၃၀ ရက် ညမှာ သတင်းစာတိုက်ဖွင့်ပွဲကို ဗိုလ်ချုပ်အောင်ဆန်းလမ်း(၈၄လမ်း) ကျောက်သွေးတန်းက သတင်းစာတိုက်ရှေ့မှာ ကျင်းပတယ်။ မန္တလေးထုံးစံအတိုင်း 'မြို့မ'နဲ့ ဘာနဲ့ပေ့ါ။ အဲဒီဖွင့်ပွဲမှာ မန္တလေးမြို့ခံ စာရေးဆရာ သတင်းစာဆရာကြီး လူထုဦးလှက ဟံသာဝတီနဲ့ပတ်သက်ပြီး ဦးဝင်းတင်နဲ့ပတ်သက်ပြီး နာမည်ကျော် 'စကားတစ်ခွန်း'ပြောခဲ့တာကလည်း အထင်ကရပါ။

ဒီလိုပါ။ စာရေးဆရာ သတင်းစာဆရာကြီး လူထုဦးလှက 'မန္တလေးမှာ သတင်းစာအနေနဲ့ ဟံသာဝတီက တစ်စောင်တည်း။ ကိုဝင်းတင်အနေနဲ့ မန္တလေးမှာ လာနေရတာ တစ်ယောက်တည်းမို့ အားငယ်နေစရာ မလိုပါဘူး။ 'တစ်ကောင်တည်း၊ ဒါပေမယ့် ခြင်္သေ့' ဆိုတဲ့ ပုံပြင်လိုပါပဲ'ဆိုတာမျိုး အစချီပြီး ပြောတဲ့စကားပါ။ အဲဒီကစပြီး 'တစ်ကောင်တည်း၊ ဒါပေမယ့်ခြင်္သေ့'ဆိုတဲ့ စကားကိုတခုတ်တရ ပြောဖြစ်ကြပါတယ်။

ဟုတ်ပါတယ်။ ဦးဝင်းတင်ဟာ 'တစ်ကောင်တည်း ဒါပေမယ့် ခြင်္သေ့'ပါပဲ။ ပြည်သူပိုင်အသိမ်းခံလိုက်ရတဲ့ ဟံသာဝတီသတင်းစာကို မန္တလေးမှာ ပြောင်းဖွင့်ပြီး ဦးဝင်းတင်ကို အယ်ဒီတာချုပ်အနေနဲ့ တာဝန်ပေးမယ်ဆိုတော့ အစိုးရက တင်းကျပ်တဲ့ စည်းကမ်းတွေနဲ့ ကြိုပြီးကန့်သတ်တယ်။ မန္တလေးရောက်ရင် လူထုဦးလှ၊ လူထုဒေါ်အမာ အပါအဝင်လက်ဝဲဆန်တယ်လို့ အစိုးရက တံဆိပ်ကပ်ထားတဲ့ စာရေးဆရာတွေနဲ့ မတွေ့ရဘူး။ မပေါင်းရဘူး။ သူတို့ဆောင်းပါးတွေကို သတင်းစာမှာ မသုံးရဘူး။ အဲဒီစာရေးဆရာတွေ ကျင့်သုံးရေးသားနေတဲ့ 'စကားပြောသလို' အရေးအသားနဲ့ ဆောင်းပါးတွေလည်း မသုံးရဘူး။ သတင်းစာမှာလည်း သည်၊ သောကြောင့်၊ ထို့ကြောင့်. . စတဲ့အသုံးအနှုန်းမျိုးနဲ့ 'စကားပြေ'ပုံစံ၊ သတင်း၊ သတင်းဆောင်းပါးတွေပဲ ရေးရမယ် စတဲ့. . အချုပ်အချယ် အကန့်အသတ်တွေနဲ့ပေ့ါ။ ဒါကို ဦးဝင်းတင်က လက်ခံမယ်လို့ ထင်ပါသလား။ လက်မခံတဲ့အပြင် မန္တလေးမှာဖွင့်မယ့် သတင်းစာဟာ လူထုဦးလှ၊ လူထုဒေါ်အမာ အမှူးပြုတဲ့ မန္တလေးသားစာရေးဆရာမတွေကို အမှူးထားရမှာ။ သူတို့နဲ့ ပေါင်းရုံသင်းရုံမက သူတို့အကြံဉာဏ်၊ သူတို့ အစောင့်အရှောက်ခံယူရမယ်။ သူတို့စာမူတွေကို သုံးရမယ်။ 'စကားပြော'သလိုရေးရေး၊ 'စကားပြေ'နဲ့ရေးရေး၊ ဆောင်းပါးကောင်းရင် သုံးမယ်ဆိုတဲ့ မှန်ကန်တဲ့ တုံ့ပြန်ချက်တွေနဲ့ခုခံခဲ့တယ်။ ခုခံရုံမက ဒီအချက်အလက်တွေနဲ့ပဲ ဟံသာဝတီသတင်းစာကို တည်ဆောက်ထုတ်ဝေခဲ့တာ မဟုတ်လား။

ဒါကြောင့် အစိုးရထုတ်တဲ့ ဟံသာဝတီသတင်းစာဟာ အစိုးရ ရန့်တဟောင်ဟောင်နဲ့ အစိုးရအာဘော်ဖြစ်လေမလားဆိုတဲ့ မန္တလေးသတင်းစာဖတ် ပရိသတ်ရဲ့ သံသယဟာ အမှတ်စဉ်(၁)စထွက်ကတည်းက 'ဟံသာဝတီ' ဟာ မန္တလေးကိုယ်စားပြုတယ်ဆိုတာကို ရဲရဲလက်ခံလိုက်ကြတယ်။ ဟုတ်ပါတယ်။ ဆက်တိုက်ပါပဲ။ လူထုဦးလှ၊ လူထုဒေါ်အမာ၊ ကြည်မြ၊ ဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ ဒေါက်တာ သန်းထွန်း၊ မြမျိုးလွင်၊ မောင်သစ်လွင်(လူထု)တို့ကအစ ချင်းတွင်းချစ်သွေး၊မြသောင်း(မြောက်ပြင်)၊ မောင်နေဦး၊ စိန်သီးဦးတို့အလယ်၊ ကံချွန်၊ မောင်ဝင်းမောင် (တမ္ပဝတီ). . စတဲ့စတဲ့ လူငယ်ကလောင်သစ်များအဆုံး မန္တလေးကစာမူတွေ ဖောဖောသီသီသုံးတော့တာပါပဲ။

ဒီနေရာမှ ကြုံလို့တစ်ခုပြောပါရစေ. . ။ အခု ဒီကနေ့သတင်းစာလွတ်လပ်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုပြီး တွင်တွင်ရေး၊ တွင်တွင်တောင်းဆိုနေကြတဲ့ မီဒီယာကြီးများမှာ သတင်းထောက်လေးတွေကို သူတို့ ဂျာနယ်၊ သူတို့သတင်းစာ ပိုင်ရှင်တို့၊ အယ်ဒီတာချုပ်တို့၊ စီနီယာတို့က မှာလိုက်၊ ညွှန်ကြားလိုက်သတဲ့လေ။ မန္တလေးမှာ ဘယ်သူနဲ့မတွေ့ရဘူး၊ ဘယ်သူနဲ့လို့ပေါင်းရင် ရုံးကထွက်၊ ဘယ်သူ့ဆောင်းပါးမပြောနဲ့၊ အဲဒီသူနာမည်ပါရင်ကို သတင်းကိုမသုံးဘူးစတဲ့ စတဲ့ ပညတ်ချက်များကို ကြားရတော့ 'ဩော် သူတို့ခမျာ တိုက်တွင်း လွတ်လပ်ခွင့်တောင် မရကြရှာပဲကိုး'လို့ အောက်မေ့မိပါရဲ့။ ကိုင်း ထားပါတော့။

မန္တလေးမှာထုတ်ဝေတဲ့ ဟံသာဝတီသတင်းစာက ပိုပြီး မန္တလေးနဲ့ နှလုံးသားတစ်ထပ်တည်းကျစေတဲ့ ဆောင်ရွက်မှုတစ်ခုကတော့ ဟံသာဝတီ တနင်္ဂနွေ အချပ်ပိုနဲ့ အခါကြီးရက်ကြီး အထူးထုတ်သတင်းစာတွေပါပဲ။ တနင်္ဂနွေအချပ်ပိုမှာ မန္တလေးနဲ့ပတ်သက်တဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ သုတေသနဆိုင်ရာ ဆောင်းပါးတွေကို မန္တလေးသား ဆရာ့ဆရာကြီးတွေ၊ ပညာရှင်တွေ သုတေသီတွေဆီက တခုတ်တရတောင်းပါတယ်။ 'ဟံသာဝတီ' ဆိုတာ တစ်ချိန်က ပဲခူးကို မြို့တော်အခြေစိုက်တဲ့ မွန်အင်ပါယာကြီးရဲ့ နာမည်ကမ္ပည်းဖြစ်ခဲ့ပေမယ့် အခုတော့ မန္တလေးမှာထုတ်ဝေတဲ့ 'ဟံသာဝတီ'သတင်းစာဟာ 'မန္တလေး'ရဲ့ ပကတိအမှတ်လက္ခဏာဖြစ်သွားတဲ့ အထိပါပဲ။ ကဆုန်လပြည့်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်စတဲ့ အခါကြီးရက်ကြီးတွေရောက်ရင်လည်း 'ဟံသာဝတီ'သတင်းစာက မန္တလေးသားပန်းချီကျော်များရဲ့ ပန်းချီလက်ရာ ရောင်စုံမျက်နှာဖုံးနဲ့အတူ အထူးဆောင်းပါးတွေနဲ့ ဝေဝေဆာဆာထုတ်ဝေတာပါ။ ဒီအစဉ်အလာကလည်း တစ်ချိန်က 'လူထု' သတင်းစာရဲ့ ကောင်းမွန်တဲ့ အစဉ်အလာပါပဲ။

ဒီတော့ ဦးဝင်းတင်ရဲ့ 'ဟံသာဝတီ'ဟာ နေ့ချင်းညချင်းပဲ မန္တလေးသတင်းစာ ဖြစ်သွားတယ်။ အစိုးရပိုင်ဖြစ်ပေမယ့် အစိုးရအာဘော် မဟုတ်တော့ဘူး။ လူထုရဲ့ ခံစားချက်၊ နစ်နာချက်ကို ဖော်ထုတ်၊ ရပ်တည်၊ တောင်းဆိုတိုက်ပွဲဝင်တဲ့ လူထုဘက်က သတင်းစာ ဖြစ်လာတယ်။ အမှန်တရားဘက်က ရပ်တည်ရုံမက အမှားတရားကိုလည်း ရဲရဲဝံ့ဝံ့ဖော်ထုတ်ရှုတ်ချတယ်။



ဟံသာဝတီ ဦးဝင်းတင်။

ဒီနေရာမှာ ဆရာကြီးဦးဝင်းတင်က ဟံသာဝတီ သတင်းစာဟာ ရေနစ်နေတာကို ရေနစ်နေပါပြီလို့ အမှန်အတိုင်း သတင်းပေးရုံ အလုပ်တင်မကဘူး။ အဲဒီ ရေနစ်နေတဲ့နေရာအထိ အရောက်သွားပြီး ကယ်တင်ကူညီအားပေး၊ တောင်းဆိုတဲ့အလုပ်ထိ လုပ်ပါတယ်လို့ ပြောဆိုခဲ့တာဟာလည်း မှတ်သားစရာပါပဲ။

ထူးထူးခြားခြား အတုယူစရာတစ်ခုရှိသေးတယ်။ ဆရာကြီးဦးဝင်းတင်ဟာ ဟံသာဝတီသတင်းစာမှာ အယ်ဒီတာချုပ်အပြင် ဟိုအဖွဲ့၊သည်အဖွဲ့ရဲ့ ဥက္ကဋ္ဌတွေ၊ ဟိုပွဲသည်ပွဲရဲ့ သဘာပတိတွေ၊ နာယကတွေလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ၁၀နှစ် ၁၀ မိုးနီးပါးမျှ သူတာဝန်ယူခဲ့တဲ့ သူ့သတင်းစာမှာ သူ့ဓာတ်ပုံဟာ တစ်ကြိမ်တစ်ခါထက်ပိုပြီး မပါခဲ့ဘူး။ နေရာမယူခဲ့ဘူးဆိုတာပါပဲ။ ဂုဏ်ရည်ဂုဏ်သွေးတွေကို သတင်းတိုင်း၊ စာမျက်နှာတိုင်း အားအားရှိ ထည့်နေတာမြင်ရတော့ ဆရာကြီး ဦးဝင်းတင်ကို ပြေး. . ပြေး မြင်မိပါတယ်။

နောက်. . ဆရာကြီးဦးဝင်းတင် ပြောခဲ့တာတစ်ခု မှတ်မိသေးတယ်။ အဲဒီအချိန် ကလောင်သစ်လေးတစ်ယောက်က ဆောင်းပါးတစ်စောင် ပို့တယ်။ အယ်ဒီတာချုပ်က ချက်ချင်းဖတ်ပြီး ရွေးလိုက်တယ်။ နက်ဖြန်ထွက်မယ့် သတင်းစာမှာပါမယ်ပေ့ါ။ ကလောင်သစ်လေးကလည်း အယ်ဒီတာချုပ်အခန်းက ထွက်လာကတည်းက ပျော်ပြီး တွေ့တဲ့အပေါင်းအသင်းတွေကို လက်ဖက်ရည်တိုက်တယ်။ နက်ဖြန်သတင်းစာမှာ သူ့ဆောင်းပါးပါပြီပေ့ါ။ တကယ်တော့ နောက်ရက် သတင်းစာထွက်တော့ သူ့ဆောင်းပါးမပါဘူး။ နာမည်ကျော်စာရေးဆရာ သတင်းစာဆရာကြီးရဲ့ ဆောင်းပါးပဲပါတယ်။ အကြောင်းအရာကတော့ ကလောင်သစ်လေးရေးတဲ့ အကြောင်းအရာပဲပေ့ါ။ ဒီတော့ ကလောင်သစ်လေးက အယ်ဒီတာချုပ်ကို စောဒကတက်တယ်။ သူ့ဆောင်းပါးကလည်း ဒီအကြောင်းအရာရေးတာပဲ။ ရွေးပြီးမှ ဘာလို့မသုံးတာလဲပေ့ါ။ ဒီတော့ အယ်ဒီတာချုပ်ဦးဝင်းတင်က သတင်းစာဆိုတာ ကိုယ့်သတင်းစာကို လူများများဖတ်စေချင်တာပါ။ လူများများဖတ်မှ ကိုယ်ပြောချင်တာ ပိုမိုကျယ်ပြန့်ထိရောက်တာပေ့ါ။ ကိုရင်ကလည်း ဒီအကြောင်းအရာ ရေးတာပဲ။ ဟို ဆရာကြီးကလည်း ဒီအကြောင်းအရာရေးတာပဲ။ ဒါပေမယ့် ကိုရင့်ဆောင်းပါးကို လူငါးရာပဲ ဖတ်မယ်ဆိုရင် ဟို ဆရာကြီးကျတော့ လူငါးထောင်မကဖတ်မှာပေ့ါ။ လူငါးသောင်းလည်း ဖတ်မှာပေ့ါ။ ပိုပြီးအကျိုးမရှိပေဘူးလားလို့ ရှင်းပြသတဲ့။ ဒီတော့မှ ကလောင်သစ်လေးလည်း ကျေနပ်လက်ခံသွားပြီး အယ်ဒီတာချုပ်ကို ကျေးဇူးတင်မဆုံးတဲ့။ အဲဒါ သတင်းစာဆရာပါပဲ။ ။

**သတင်းစာဆိုတာ ကိုယ့်သတင်းစာကို လူများများဖတ်စေချင်တာပါ။ လူများများဖတ်မှ ကိုယ်ပြောချင်တာ ပိုမိုကျယ်ပြန့်ထိရောက်တာပေ့ါ။ ကိုရင်ကလည်း ဒီအကြောင်းအရာ ရေးတာပဲ။ ဟို ဆရာကြီးကလည်း ဒီအကြောင်းအရာရေးတာပဲ။ ဒါပေမယ့် ကိုရင့်ဆောင်းပါးကို လူငါးရာပဲဖတ်မယ်ဆိုရင် ဟိုဆရာကြီးကျတော့ လူငါးထောင်မကဖတ်မှာပေ့ါ။ လူငါးသောင်းလည်း ဖတ်မှာပေ့ါ။ ပိုပြီးအကျိုးမရှိပေဘူးလားလို့ ရှင်းပြသတဲ့။ ဒီတော့မှ ကလောင်သစ်လေးလည်း ကျေနပ်လက်ခံသွားပြီး အယ်ဒီတာချုပ်ကို ကျေးဇူးတင်မဆုံးတဲ့။ အဲဒါ သတင်းစာဆရာပါပဲ။**

## တိုက်ကြီး-အင်းစိန် RBE ရထားပြေးဆွဲရန်ညှိနှိုင်း

**တိုက်ကြီး မေ ၂၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်အရ တိုက်ကြီးမြို့နယ်နှင့်အင်းစိန်မြို့နယ်တွင် ယခင်က ကားရထားပြေးဆွဲခဲ့သည်ဖြစ်၍ ယခုအချိန်တွင် ခရီးသွားလာရေး အဆင်ပြေစေရန်အတွက် RBE ရထားပြေးဆွဲလျှင် ခရီးသည်များစီးနင်းမှုရှိ၊ မရှိသိရှိနိုင်ရန် မြန်မာ့မီးရထားမှ လက်ထောက်တိုင်းမန်နေဂျာ ဦးညီညီလွင်နှင့်ကြီးကြပ်ရေးမှူး ဦးယဉ်မင်းဦးတို့အဖွဲ့သည် တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုအဖွဲ့ နှင့်တွေ့ဆုံညှိနှိုင်းခြင်းကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်ကြီး အင်းစိန် RBE ရထားပြေးဆွဲပါက တွဲ ငါးတွဲဖြင့်ပြေးဆွဲမည်ဖြစ်ပြီး မီးရထားခမှာ တိုက်ကြီး-အင်းစိန်လက်ရှိ ငွေကျပ် ၃၅၀ ဖြစ်ပြီးရင်းထက်မပိုနိုင်ကြောင်း လက်ထောက်တိုင်းမန်နေဂျာက ပြောကြားသည် ။

ယခုလို RBE ရထားပြေးဆွဲပါက တိုက်ကြီး-မှော်ဘီ၊ အင်းစိန်မြို့နယ်များသို့ခရီးပြည်သူများ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဈေးရောင်းဈေးဝယ်များ၊ ကျောင်းသား ကျောင်းသူများ အချိန်မီသွားရေးလာရေးအဆင်ပြေစေမည့်အပြင် ယာဉ်စီးခလည်းကားခလောက်မများသည့်အတွက် သက်သာမည် ဖြစ်ကြောင်းနှင့် တိုက်ကြီး-အင်းစိန်ကားခမှာ ငွေကျပ် ၇၀၀ ဖြစ်ပြီး မိုးချုပ်လျှင် ငွေကျပ် ၁၀၀၀ အထိပေးရကြောင်း မြို့အထောက်အကူပြုအဖွဲ့များက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# မွန်မြတ်သော ပရဟိတစိတ်ဓာတ်အရင်းခံလျက်

မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စိတ်ရင်းစေတနာမှန်မှာ စေတနာ့ဝန်ထမ်းစိတ်ထား၊ ပရဟိတစိတ်ထား ထက်သန်မြင့်မားကြသည်။ ပရဟိတစိတ်ထားဟုဆိုရာ၌ ရပ်ရွာအတွင်းမှ ဒုက္ခအခက်အခဲရောက်နေကြသူ မည်သည့်လူတန်းစားမဆို ကူညီဖေးမပေးခြင်းဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ရည်ရွယ်ချက်နှစ်မျိုး ရှိတတ်သည်။ ရပ်ရွာအတွင်းရှိ လူအများအနေဖြင့် သံသရာခရီးတစ်လျှောက်ဘဝသမ္ပတ္တိပြည့်စုံစေရန်နှင့် ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့၏ ချစ်ခင်စည်းလုံးမှု တိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်။

ထိုရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုသားအပေါင်းတို့သည် ရှေးယခင်ခေတ်အဆက်ဆက်ကတည်းက ကုမာရီအသင်း၊ လူငယ်အသင်း၊ ဘာသာရေး၊ လူမှုရေးအသင်း စသည်တို့ကို စည်းရုံးဖွဲ့စည်းကြကာ အမျိုးဘာသာ၊ သာသနာအကျိုးအတွက် ဆောင်ရွက်ခဲ့ကြပါသည်။ တစ်ချိန်က ဘာသာသာနာအကျိုးဆောင်ရွက်ခဲ့ကြရာ ပြယုဂ်အဖြစ် ရပ်ကွက်တစ်ရပ်ကွက်လျှင် ဓမ္မာရုံတစ်ရုံပေါ်ပေါက်အောင် စုပေါင်းစီမံခဲ့ကြပြီး နေရာဌာနမှ မွန်မြတ်သော ပရဟိတလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အများအကျိုးကို စုပေါင်းဆောင်ရွက်သည့် ပရဟိတလုပ်ငန်းဆောင်ရွက်ကြသူများမှာ ယခုပစ္စက္ခဘဝ၌ပင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုကို ရရှိနိုင်ပြီး တမလွန်ဘဝသံသရာတွင်လည်း အထက်တန်းကျသော ဘဝသမ္ပတ္တိသုခကို ရရှိနိုင်သည်။ ယုတ်စွအဆုံးနောက်ဆုံးဘဝ၌ သန္တိသုခ အမတနိဗ္ဗာန်ကို ရရှိခံစားနိုင်သည်။

ထိုကဲ့သို့အဖိုးတန်လှသော သဘာဝကို လူတိုင်းခံစားစံစားနိုင်ရေးအတွက် မသိနားမလည်သူ၊ အယူလွဲ၊ အသိလွဲသူများကို အသိမှန်၊ အယူမှန် သမ္မာဒိဋ္ဌိဖြစ်လာစေရန် ရပ်ရွာအတွင်း လမ်းပြရှေ့ဆောင်စည်းရုံးလှုံ့ဆော်ပေးရာလည်းရောက်သဖြင့် လွန်စွာအကျိုးများသောလုပ်ငန်းဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင်က ပုဂ္ဂိုလ်လေးမျိုးကို ဟောပြထားတော်မူသည်။

မိမိကိုယ်တိုင်သာ ဒါန၊ သီလ၊ ဘာဝနာကောင်းမှုများကို ပြုလုပ်လေ့ရှိပြီး သူတစ်ပါးကိုမူ ဟောပြောပြသ စည်းရုံးမှုမပြုနိုင်သူ၊ မိမိကိုယ်တိုင်ကမူ ကောင်းမှုမပြုလုပ်ဘဲ သူတစ်ပါးကိုသာ တိုက်တွန်းနှိုးဆော်တတ်သူ၊ မိမိကိုယ်တိုင်လည်း ကောင်းမှုမပြု၊ သူတစ်ပါးကိုယ်လည်း မတိုက်တွန်းသူနှင့် မိမိကိုယ်တိုင် ကောင်းမှုများကို စေတနာပါပါပြုလုပ်ပြီး အခြားသူများကိုလည်း မိမိကဲ့သို့ပင် ကောင်းမှုများကိုပြုလုပ်ရန် တိုက်တွန်းနှိုးဆော်တတ်သူ လူလေးမျိုးဖြစ်သည်။

မျက်မှောက်ကာလတွင် ကောင်းမှုကုသိုလ်ပြုလုပ်သူများ များလှသည်။ အထူးသဖြင့် ဒုက္ခမြားမြောင် လူတို့ဘောင်၌ အများစုမှာ ဆင်းရဲဒုက္ခရောက်နေကြသူများဖြစ်၍ စေတနာ့ဝန်ထမ်းပရဟိတလုပ်ငန်းများကို ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် အားထုတ်ကြိုးပမ်းကြသူများ များလာသည်ကိုတွေ့ရသည်။ ထိုသူများကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် စတုတ္ထပုဂ္ဂိုလ်များ များလာသည်ကိုတွေ့ရသဖြင့် ဝမ်းမြောက်သာဓုခေါ်ဆိုကြရမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အယ်နီညိုရာသီဥတုကျရောက်မှု အကျိုးဆက်အဖြစ် နိုင်ငံသူ၊ နိုင်ငံသားများ သဘာဝဘေးဒဏ်ကို ဒေသအတော်များများတွင် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ကြရသည်။ ထိုနေရာဒေသများသို့ နိုင်ငံသူ နိုင်ငံသားပုဂ္ဂလိကအလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက မည်သူ့တိုက်တွန်းနှိုးဆော်ချက်မှမပါဘဲ သွေးရင်းသားရင်း ရိုင်းပင်းခြင်း၊ အားနည်းသူကိုကူညီခြင်း စိတ်ရင်းစေတနာမှန်ဖြင့် ကူညီလှူဒါန်းလျက်ရှိသည်ကို ကြည်နူးဝမ်းမြောက်ဖွယ် မြင်တွေ့ကြားသိရသည်။

ထိုသို့ မွန်မြတ်သော ပရဟိတစိတ်ထားဖြင့် ကူညီလှူဒါန်းခဲ့ကြသူများနှင့် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရွေးချယ်ထုတ်နုတ် မှတ်တမ်းတင်ဂုဏ်ပြုလိုက်သဖြင့် အဆိုပါစေတနာရှင်များအား ကြေးမုံက များစွာနှစ်ထောင်းအားရ ဖြစ်မိပါကြောင်း။ ။

**ကြေးမုံစာတည်းရှုထောင့် ၂၅-၅-၂၀၁၆၊ ဗုဒ္ဓဟူးနေ့**



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဟားခါး-ဖလမ်း-ကလေးကားလမ်း မိုင်တိုင်အမှတ် ၈၂ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား ဖလမ်းမှ ဟားခါးသို့အထွက် ကားလမ်းမပေါ်တွင် မေ ၂၄ ရက် နံနက်က တောင်ပြိုပြီး ကားလမ်းပိတ်ဆို့နေသည်ကို တွေ့ရစဉ်။ (အဆိုပါပိတ်ဆို့နေမှုကို ဖလမ်းမြို့နယ် လမ်းဦးစီးဌာနက JCB စက်ကြီး နှစ်စီးဖြင့် ပြိုကျသည့်မြေစာများကို ရှင်းလင်းဖယ်ရှားပေးခဲ့ရာ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။)

(ခရိုင်ပြန်/ဆက်)

## အနောက်တောင် မုတ်သုံလေ ဝင်ရောက်

နေပြည်တော် မေ ၂၄

လွန်ခဲ့သော ၂၄ နာရီအတွင်း အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ် ဒေသများသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်သည်။

(ကြေးမုံ)

### ❐ ပဲခူးရိုးမအတွင်းမှ

ထိုအရပ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က မုဆိုးစာရေးဆရာကြီး ဗိုလ်တာရာရေးသားခဲ့သည့် "သိုင်းနယ်မှကျားသောင်းကျန်း" ဝတ္ထုတိုဇာတ်လမ်းမြစ်ဖျားခံရာအရပ်ဖြစ်သည်။ သိုင်းနယ်မှ ကျားသောင်းကျန်းမှာ ရေးသားတင်ပြပုံ မြန်မာစာဂုဏ်ရည်ရသမြောက်သဖြင့် ၁၀ တန်း မြန်မာစာ စကားပြေလက်ရွေးစင် ကျောင်းသင်ခန်းစာစာအုပ်တွင်ပင် ပြဋ္ဌာန်းခဲ့ဖူးသည်။ ယခုသိုင်းနယ်မှာမူ ကျားသောင်းကျန်းလည်းမရှိတော့၊ အခြားသတ္တဝါငယ်များ၊ ကျေးငှက်များကိုပင် မြင်တွေ့ရန်ရှားပါးလှ၏။ ဝေးလံနက်ရှိုင်းသော လူသူအရောက်အပေါက်နည်းသည့် ရိုးမအတွင်းပိုင်းတွင်မူ ရှိတန်ကောင်း၏။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၇၃/၁)မှ အတွင်းသို့ အနည်းငယ်ဝင်ခဲ့စဉ်က ဖိုးကျားအပန်းဖြေဆင်စခန်းတွင် ဆင်များရှိလိမ့်မည်ထင်ခဲ့သော်လည်း ဆင်တွေမရှိခဲ့။ အပန်းဖြေစခန်းဟု ဆိုသော်လည်း ဧည့်သည်လာရောက်ရန် သတင်းရမှသာ ဆင်တွေကို တောထဲမှခေါ်ထုတ်ပြီး ဧည့်သည်တွေကို ပြသလေ့ရှိသည်ဟု အပန်းဖြေစခန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ လက်ရှိတွင် ၁၃ မိုင်ဆင်စခန်းတွင်သာ ဆင်များရှိကြောင်း သိရသဖြင့် သတင်းအဖွဲ့လည်း ဆင်တွေရှိရာ ၁၃ မိုင်စခန်းသို့ ခရီးဆက်ကြသည်။

ဆင်စခန်းသွားရာလမ်းမှာ လမ်းကောင်းသော်လည်း တစ်လမ်းသွားအကွေ့အကောက်များ၍ ယာဉ်ကို သတိထားမောင်းနှင်ရသည်။ လမ်းခရီးတစ်ထောက်တွင် သစ်ခိုးယာဉ်တစ်စီး ချောက်ထဲကျတိမ်းမှောက်ထားသည်ကိုတွေ့ရပြီး သစ်ခိုးသမားများ ကားကိုပစ်ပြီးထွက်ပြေးခဲ့ရာ ယခုအခါ ကားကိုယ်ထည်သာကျန်တော့သည်။ ရေတာရှည်-အောင်လံ ရိုးမဖြတ်လမ်းကို ၂၀၀၁ ခုနှစ်က မြန်မာ့သစ်လုပ်ငန်းက ဖောက်လုပ်ပေးခဲ့သည်။ ၁၃ မိုင် ဆင်စခန်းရှိရာအရပ်သို့ဝင်ရာတွင် မြေသားလမ်းအတိုင်း တက်လိုက်/ဆင်းလိုက်၊ ကျဉ်းလိုက်/ကျယ်လိုက်၊ ပျက်လိုက်/ကောင်းလိုက်ဖြတ်သန်းရသည်။ ကားဖြင့်ခရီးနှင်၍မရ၊ မော်တော်ဆိုင်ကယ်တို့ပင် အနိုင်နိုင်မောင်းနှင်ရသည့် လူသွားလမ်းသာသာဖြစ်သည်။ အချို့နေရာများတွင် မော်တော်ဆိုင်ကယ်ကို ဇောက်ထိုးဆင်းရပုံမှာ အန္တရာယ်များလှသည်။ သို့သော်လည်း ဒေသခံရွာသားများအဖို့ မိမိတို့ တစ်ဝမ်းတစ်ခါးစားသောက်ရရေး အသက်ကို ပဓာနမထားဘဲ စွန့်စွန့်စားစားသွားလာနေကြရသည်။

ရိုးမဖြတ်လမ်းစတင်ဖောက်လုပ်စဉ်က သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ်တည်ထောင်ရန် ရည်စူးခဲ့သော်လည်း တောင်တွင်းကြီး-အောင်လံသို့သာ အရောက်သွားနိုင်ပြီး ခရီးသွားအပန်းဖြေဆင်စခန်းများရှိရာသို့ သွားရောက်နိုင်ရေးမှာမူ အလုပ်မဖြစ်ခဲ့ချေ။ သဘာဝအခြေခံခရီးသွားလုပ်ငန်း အောင်မြင်ရေးတွင် လမ်းပန်းဆက်သွယ်ရေးမှာ အဓိကကျသည်။ ယခုဆင်စခန်းရှိရာသို့ သက်စွန့်ဆံဖျားသွားလာရသည်။ ဆင်စခန်းသွားရာ လမ်းဝဲ၊ ယာတွင် သစ်ပင်ကြီး၊ ငယ်များမရှိ။ ကြေမွပျက်စီးနေသော ဝါးပင်များကိုသာတွေ့ရသည်။ လဲပြိုကျိုးကြေနေသည့် ဝါးပင်များမှာ ဆင်များ အစာစားရန်အတွက် ဆွဲချသွားဟန်တူသည်။ ဆင်စခန်းအနီး တောင်ကုန်းတောင်စောင်းပေါ်တွင် ရရာအပင်များကို ရှာဖွေစားသောက်နေသော ဆင်အချို့ကိုတွေ့ရသည်။ သဘာဝပတ်ဝန်းကျင်မှာ ဆင်ကြောင့်ပျက်စီးနေသလို၊ ပျက်စီးယိုယွင်းနေသော သဘာဝပတ်ဝန်းကျင်ကြောင့်ပင် ဆင်များက ရရာအပင်တို့ကို ရှာဖွေစားသောက်ခြင်းဖြစ်၍ ဆင်တို့ကို အပြစ်ဆိုရန် အကြောင်းမရှိချေ။

သဘာဝပတ်ဝန်းကျင်ကို အစောပိုင်းကာလက ကုမ္ပဏီများက စားသုံးသွားခဲ့ပြီး ကြွင်းကျန်ရစ်သော သစ်တစ်ပင်၊ ဝါးတစ်ပင်အပိုင်းအစများကိုသာ ဆင်များက စားသုံးရခြင်းဖြစ်သည်။ ဤအရပ် ဤဒေသများမှာ တောရိုင်းတိရစ္ဆာန်များ ကျင်လည်ကျက်စားရာနေရာဖြစ်သည်။ သစ်ကြီး၊ ဝါးကြီးများပေါများသဖြင့် သစ်လုပ်ငန်းဆင်များက နိုင်ငံ့အကျိုးပြု၊ ကုမ္ပဏီအကျိုးလုပ်ငန်းများအား လုပ်ကိုင်ပေးခဲ့ရသည်။ မျက်မှောက်ကာလတွင် သစ်တောများပြုန်းတီးသွားပြီဖြစ်၍ ဆင်များအတွက် စားရေးသောက်ရေး၊ နေရေးထိုင်ရေးအခက်အခဲဖြစ်ရသည်။

ဆင်ဆိုသည်မှာ လူတို့ တအံ့တသြငေးမောကြည့်စရာ အကြီးဆုံးသတ္တဝါဖြစ်သည်။ ခန္ဓာကိုယ်ကြီးမားခြင်း၊ ခွန်အားကြီးမားခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ အကင်းပါးခြင်း၊ ခန္ဓာကိုယ်ကြီးသော်လည်း ပေါ့ပါးလျင်မြန်ခြင်း၊ လေးလံကြီးမားသောဝန်တို့ကို ထမ်းနိုင်ခြင်း၊ တန်ဖိုးကြီးမားခြင်း၊ အသက်ရှည်ခြင်း စသည့် အင်္ဂါရပ်များနှင့်ပြည့်စုံသော သတ္တဝါဖြစ်သည်။ ဆင်တို့သည် တောတောင်များတွင် သဘာဝအလျောက် နေထိုင်ကျက်စားသောတောဘုရင်သတ္တဝါဖြစ်သော်လည်း လူတို့နှင့်ဆုံတွေ့ပြီး ကျိုးသွင်းခံလိုက်ရသောအခါ ကြီးမားသည့်အင်အား၊ စွမ်းအားမာန်တို့ကိုလျှော့ချကာ လူတို့စေခိုင်းသည့်အတိုင်း လုပ်ကြရသည်။

၁၃ မိုင်ဆင်စခန်းမှ ဆင်ဦးစီးခေါင်းဆောင် ဦးကြယ်နီက "ကျွန်တော်ဒီနယ်မြေက ဆင်စခန်းတွေမှာ ၁၉၉၀ ပြည့်နှစ်ကတည်းက ဆင်ဦးစီးလုပ်ခဲ့ပါတယ်။ အဲဒီအချိန်ကာလက သစ်တော သစ်ပင်တွေအပြည့်ပါပဲ။ တဖြည်းဖြည်း ကုမ္ပဏီလုပ်ငန်းတွေရောက်လာပြီးတဲ့နောက် သစ်တောတွေလည်းပြုန်းသွားတာပဲ။ သူတို့ကို ဆင်တွေက အလုပ်အကျွေးပြုခဲ့ကြပါတယ်။ ခုတော့ အလုပ်အကျွေးပြုခဲ့တဲ့ ကျေးဇူးရှင်တွေအတွက် စားစာရာမကျန်တော့အောင်ပါပဲ။ နောက်ပိုင်းဒီနယ်မြေမှာ သစ်တောစိုက်ခင်းထူထောင်တဲ့ကုမ္ပဏီတွေ ရောက်လာပြန်တော့ ဆင်တွေကြောင့် သူတို့အခင်းတွေ ပျက်တာတွေရှိလို့ တိုင်တာရှိခဲ့ပါတယ်။ တကယ်တော့ အလုပ်လုပ်တဲ့ဆင်တွေအတွက် စားစရာ သစ်တောတော့ ရှိဖို့လိုပါတယ်။ ကျွန်တော်တို့ ဒီနယ်မြေတွေကို ဆင်နယ်မြေတွေအဖြစ် သတ်မှတ်ပေးစေချင်ပါတယ်။ ဒါသူတို့မြေပါ။ ကျွန်တော်တို့ကို ကျေးဇူးပြုနေသူတွေပါ" ဟု ရှင်းပြသည်။

ဤအရပ် ဤတော ဤတောင်များမှာ နိုင်ငံအတွက်၊ ကုမ္ပဏီအတွက် များစွာအကျိုးပြုခဲ့သည်။ ဤဆင်များမှာ ထိုအကျိုးအတွက် အဓိကအကျိုးဆောင်သူများဖြစ်သည်။ အသက် (၅၀)ဝန်းကျင်ရှိသော သက်ရှိထင်ရှားဆင်အိုကြီးများ စကားပြောတတ်မည်ဆိုလျှင် ဤဒေသ၌ သဘာဝပတ်ဝန်းကျင် မည်မျှကောင်းကြောင်း၊ မည်မျှနေထိုင်ချင်စဖွယ်ကောင်းကြောင်း၊ ကျွန်ုပ်တို့အတွက် အစာရေစာပေါများလှကြောင်း၊ တိုင်းပြည်နှင့် လူတချို့တို့အတွက် မည်မျှအကျိုးပြုခဲ့ကြောင်း ဖြစ်ကြောင်းကုန်စင်ပြောပြကြလိမ့်မည်ထင်သည်။ ။

### ❂ ကျောဖုံးမှ

ဒေသခံများအနေဖြင့် ရေ၏နောက်ဆက်တွဲဆိုးကျိုးများကိုဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ရေစွန့်ထုတ်မှုများမှ ငါးများ သေဆုံးခြင်းကို ကုမ္ပဏီနှင့် အစိုးရထံသို့တင်ပြတောင်းဆိုခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်က မြန်မာယမ်စီကုမ္ပဏီနှင့် ဒေသခံများတွေ့ဆုံပွဲတွင် မူလရေအရည်အသွေးမပြောင်းလဲကြောင်းသာ စာထုတ်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါရေများကို ပြန်လည်ကုစားပေးခြင်း၊ စစ်ဆေးတိုင်းတာ၍ အကာအကွယ်ပြုလုပ်ပေးခြင်း၊ ရေဆိုးမထုတ်လုပ်မီ ဒေသခံများအား အကြောင်းကြားအသိပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးခြင်းမရှိကြောင်း သိရသည်။

၎င်းတို့အနေဖြင့် ရေရိုးတစ်လျှောက်ရှိ ရေများကို ကျွဲ၊ နွားတိရစ္ဆာန်များ ရေတိုက်ရန်အတွက် အသုံးပြုနေကျဖြစ်ပြီး ယခုရေဆိုးထုတ်လွှတ်သည့်အတွက် တိရစ္ဆာန်များအတွက် ရေရှိရန် ယခင်ကထက် ပိုမိုခက်ခဲစွာလုပ်ဆောင်ကြရကြောင်း သိရသည်။ လက်ပံတောင်းစီမံကိန်း ရေဆိုးဖောက်ထုတ်ရန်အတွက် ရေဆိုးထုတ်မြောင်းများမရှိဘဲ စီမံကိန်းအတွင်းရှိ ကန်များအတွင်းသာ စုဆောင်းထားရာ အမှန်တကယ်မိုးရေချိန်များလာပါက ရေဆိုးများကို ထိန်းသိမ်းနိုင်ရန် မည်သို့ဆောင်ရွက်ထားသည်ကို မသိရှိရသေးသလို ဒေသခံများအနေဖြင့် ရေဆိုးများမထိန်းသိမ်းနိုင်ဘဲ ဖောက်ထုတ်ပါက ၎င်းတို့၏ ကျန်ရှိသောလယ်ယာမြေများနှင့် ချင်းတွင်းမြစ်ရေထိခိုက်မည်ကိုစိုးရိမ်နေရကြောင်း ဒေသခံများထံမှ သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၄**

ရန်ကုန်(ရွှေဈေး) ၇၈၅၀၀၀ - ၇၈၆၀၀၀ မန္တလေး(ရွှေဈေး) ၇၈၅၀၀၀ - ၇၈၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၆၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၃ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၁၅. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၈. ၉၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၂. ၈၄၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၆. ၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၃၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၃. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၈. ၉၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၄၆. ၂၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၅၀. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂျပန်အောက်လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်အောက်လွှတ်တော်အမတ် H.E.Mr. Takumi NEMOTO ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။


**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်အောက်လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်အောက်လွှတ်တော်အမတ် H.E.Mr. Takumi NEMOTO အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# ပြင်သစ်အမျိုးသမီးအကပညာရှင် Anne Nguyen ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ကပြဖျော်ဖြေ





**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးယဉ်ကျေးမှုဌာန၏ မေလနောက်ဆုံးအစီအစဉ်အဖြစ် ပြင်သစ်အမျိုးသမီးအကပညာရှင် Anne Nguyen ဦးဆောင်သည့် "Terre Dance" အကအဖွဲ့မှ ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေသည်။

အမျိုးသမီးတစ်ဦးက မြန်မာ့ရိုးရာ ဗုံငါးလုံးကိုလွယ်လျက် တီးခတ်ပြီး အမျိုးသားတစ်ဦးက ရိုးရာပလွေကိုတီးမှုတ်သည့် တေးဂီတသံနှင့် Myanmar Street Dance အဖွဲ့မှ ခေတ်ပေါ်အကဖြင့် ပေါင်းစပ်ကပြဖျော်ဖြေမှုဖြင့် ဖျော်ဖြေပွဲကိုစတင်သည်။ ထို့နောက် ပြင်သစ်အကပညာရှင် Anne Nguyen အပါအဝင် အမျိုးသမီးအကပညာရှင် လေးဦးက "Autarcie" အမည်ရသည့် Hip Hop ဂီတလွှမ်းခြုံနေသည့် အကအနုပညာဖြင့် ဖျော်ဖြေတင်ဆက်သည်။ မိနစ် ၅၀ ကျော်ကြာ ဖျော်ဖြေမှုတွင် ဘရိတ်ဒန့်စ် အက၊ ခေတ်ပေါ်အကနှင့် waacking အကတို့ကို လှပမြိုင်ဆိုင်စွာ ကပြဖျော်ဖြေခဲ့ကြသည်။

ယနေ့ ဖျော်ဖြေမှုတွင် Anne Nguyen သည် ထူးခြားဆန်းသစ်သည့် နည်းပညာအခြေခံထားသည့် ဘရိတ်ဒန့်စ် ကကွက်များကို Hip Hop ဂီတဖြင့်ပေါင်းစပ်ကာ ၎င်း၏ အကပညာကျွမ်းကျင်မှုကို ပြသခဲ့သည်။ "Terre Dance" အကအဖွဲ့သည် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ခန့်က ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့တွင် ရှစ်ကြိမ်တိုင်တိုင် ကပြဖျော်ဖြေခဲ့ပြီးဖြစ်သည်။

ဦးဆောင်ကပြဖျော်ဖြေသည့် ပြင်သစ်အမျိုးသမီးအကပညာရှင် Anne Nguyen သည် ၂၀၁၃ ခုနှစ်တွင် တက်သစ်စအကပါရမီရှင်ဆု (SACD) ကို ရရှိထားသူဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် "Terre Dance" အကအဖွဲ့ကို တည်ထောင်ခဲ့သူဖြစ်သည်။

ပြင်သစ်အမျိုးသမီးအကပညာရှင် Anne Nguyen နှင့်အဖွဲ့၏ယနေ့ ဖျော်ဖြေတင်ဆက်မှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ အပါအဝင် ပရိသတ် ၇၀၀ ကျော် လာရောက်အားပေးခဲ့ကြသည်။

ယနေ့ ဖျော်ဖြေပွဲဝင်ကြေးအဖြစ် လူကြီးတစ်ဦးလျှင် ၅၀၀၀ ကျပ်၊ အသက် (၁၆) နှစ်အောက် တစ်ဦးလျှင် ၃၀၀၀ ကျပ် သတ်မှတ်ထားသည်။

ပြင်သစ်သံရုံးယဉ်ကျေးမှုဌာနသည် မေ ၁၂ ရက်တွင် ရန်ကုန်မြို့၊ မေ ၁၄ ရက်တွင် မန္တလေးမြို့တို့၌ ပွင့်လင်းလက်မှတ်ဆပ်ကပ်ကုမ္ပဏီမှ "SANS QUEUE NI TETE" ဆပ်ကပ်ဖြင့် ကပြဖျော်ဖြေခဲ့ပြီးဖြစ်သည်။

**(သတင်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဇော်မင်းလတ်)**

# လူမှုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရန် ကျော်သူပရဟိတကွန်ရက်အဖွဲ့သို့ ကျပ်သိန်းငါးထောင် လှူဒါန်း

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံအတွင်း လူမှုအကျိုးပြုပရဟိတလုပ်ငန်းများတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) မှ ကျော်သူပရဟိတကွန်ရက်အဖွဲ့သို့ ကျပ်သိန်းငါးထောင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) က မြန်မာနိုင်ငံအတွင်း လူမှုအကျိုးပြုပရဟိတလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျော်သူပရဟိတကွန်ရက်အဖွဲ့ ပရဟိတအသင်းများသို့ ကျပ်သိန်း ၅၀၀၀ ပံ့ပိုးလှူဒါန်းလိုက်ပြီး အဆိုပါကျပ်သိန်း ၅၀၀၀ အတွင်းမှ တစ်သင်းလျှင် ကျပ်သိန်း ၅၀၀ စီအား နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ပြည်မြို့ တစ်ဖက်ကမ်းရှိ မဟာပဏ္ဍိတ ပရဟိတစေတီတော် တည်ထားရေးသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် အဆိုပါကျပ်သိန်းငါးထောင်အတွင်းမှ ကျပ်သိန်းနှစ်ရာစီအား အနုပညာဆည်းဆာရိပ်ဘိုးဘွားရိပ်သာနှင့် ကျော်သူပရဟိတကွန်ရက်သို့လည်းကောင်း၊ ကျပ်သိန်း ၁၅၀ စီအား သာသနာ့ပါလနာရေးကူညီမှုအသင်း (မန္တလေး)၊ ကလျာဏမိတ္တနာရေးကူညီမှုအသင်း(မန္တလေး)၊ ကောင်းပင်စည်နာရေးကူညီမှုအသင်း (ညောင်ဦး)၊ ကုလရက္ခိတနာရေးကူညီမှုအသင်း (နတ်မောက်)၊ ရပ်စောက်နာရေးကူညီမှုအသင်း၊ ရှင်သန်ရေးကူညီမှုအသင်း (ရန်ကုန်)၊ Z Rescue မြဝတီလူမှုရေးအသင်း၊ ဗြဟ္မဝိဟာရလူမှုကူညီရေးအသင်း(အင်းစိန်)၊ မိုးမေတ္တာနာရေးကူညီမှုအသင်း(ပြည်)၊ ပုညကာရီလူမှုကူညီရေးအသင်း (မင်္ဂလာဒုံ)၊ မြို့မနာရေးကူညီမှုအသင်း (မော်ဘီ)၊ ဆင်မြီးဆွဲ နာရေးကူညီမှုအသင်း(ရွှေတောင်)၊ ဓမ္မပီယလူမှုကူညီရေးအသင်း (ရွှေဘို)၊ လူရိုင်းလေးများ လူမှုကူညီရေးအသင်း (မန္တလေး)၊ အောင်ပန်းနာရေးကူညီရေးအသင်း၊ ပေါင်းတလည်လူမှုကူညီရေးအသင်း၊ ရွှေမေတ္တာနာရေးကူညီမှုအသင်း(ထုံးဘို)၊ မေတ္တာမွန်နာရေးကူညီမှုအသင်း (လက်ပံတန်း)၊ အလင်းရောင်လူမှုကူညီရေးအသင်း(တောင်ဒဂုံ)၊ အေးရိပ်ငြိမ်လူမှုကူညီရေးအသင်း(နမ့်ခမ်း)၊ ပါရမီလူမှုကူညီရေးအသင်း (မြန်အောင်)၊ လူမျိုးဘာသာမရွေးကူညီရေးအသင်း (ကွမ်လုံ)၊ သွေးနှင့် လူမှုကူညီရေးအသင်း (လားရှိုး)၊ မေတ္တာစိမ့်စမ်း တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးအသင်း (ပခုက္ကူ)တို့သို့ အသီးသီး ပေးအပ်လှူဒါန်းခဲ့သည်။

"ပထမတော့ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီးက သိန်းငါးထောင်ကို အသင်းအဖွဲ့ငါးဖွဲ့ကို လှူမယ်ပြောတော့ အားလုံး တစ်တိုင်းတစ်ပြည်လုံးက ပြည်သူပြည်သားအားလုံးကိုလည်း ကူညီလို့ရအောင်ဆိုပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် ပရဟိတ တကယ်လုပ်ကိုင်နေတဲ့ အသင်းအဖွဲ့လေးတွေကို ခွဲဝေပြီးလှူဒါန်းလိုက်ရင် ကောင်းမယ်ဆိုပြီး ဖြစ်လာတာပါ။ အားလုံး လှူဒါန်းငွေသိန်းငါးထောင်ကနေပြီး ခွဲလိုက်တာ အသင်းအဖွဲ့အားလုံး ၂၈ ဖွဲ့၊ ၂၈ ဖွဲ့မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် သွားပြီးတော့ လှူဒါန်းပွဲတွေ လုပ်ပေးမှာပါ"ဟု ပရဟိတအဖွဲ့များကိုယ်စား ကျော်သူက ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါဖောင်ဒေးရှင်းကို ၂၀၀၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး နာဂစ်မုန်တိုင်းဒဏ်ခံ ပြည်သူများကို ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရည်မှန်းချက်နှစ်ရပ်၊ လုပ်ငန်းစဉ်ငါးရပ် ချမှတ်၍ လူမှုအကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ စတင်ထူထောင်ခဲ့သည့် ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း ကျပ် ၁၀၆ ဘီလီယံကျော်အထိ လှူဒါန်းဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်ခဲ့သူများ၊ အကူအညီလိုအပ်သူများအတွက် ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့ရာ ယခင်နှစ်များထက် ငွေကြေးပိုမိုသုံးစွဲကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ် ဒေါ်နန်းလိုင်းခမ်း၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဒေါ်နန်းခမ်းနောင့်နှင့် ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒေါ်နန်းမိုဟွမ်တို့က ဦးဆောင်ကာ သီးခြားအမှုဆောင်အဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းထားပြီး လူမှုအကျိုးပြုလုပ်ငန်းများကို ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ ဝန်ထမ်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**ဝဝ၁၊ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

# MATAနှင့် လက်ပံတောင်းဒေသခံများကိုယ်တိုင်ပါဝင်သော လက်ပံတောင်းတောင် သုတေသနစာတမ်းမိတ်ဆက်ပွဲ မုံရွာမြို့တွင် ကျင်းပ

**မုံရွာ မေ ၂၄**
မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)နှင့်ဒေသခံပြည်သူကိုယ်တိုင်ပါဝင်သော လက်ပံတောင်းတောင် သုတေသနစာတမ်း မိတ်ဆက်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီဝင်များ၊ လက်ပံတောင်းဒေသခံများနှင့် မီဒီယာများ တက်ရောက်သည်။

“လေ့လာမှုလုပ်ငန်းစဉ်ကို ဒေသခံတွေကိုယ်တိုင်ပူးပေါင်းဆောင်ရွက်တဲ့ ရပ်ရွာလူထုအခြေပြုသုတေသနလုပ်ငန်းစဉ်နဲ့အသုံးပြုလေ့လာဖော်ထုတ်ခဲ့ပါတယ်။ကြေးနီစီမံကိန်းအကောင်အထည်ဖော်ရာမှာ၊ သဘာဝသယံဇာတတူးဖော်ထုတ်ယူရေးကို ဆုံးဖြတ်ချက်ချရာမှာဒေသခံတွေ ပါဝင်ခွင့်ရှိမရှိနဲ့ဒေသခံတွေအတွက် ကောင်းမွန်တဲ့အကျိုးစီးပွားနဲ့ ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးတွေ လျော့နည်းစေမယ့် စီမံချက်တွေအပြင် ဥပဒေနဲ့ဆောင်ရွက်တာရှိမရှိကို စိစစ်ဖို့ဖြစ်ပြီး နောက်ဆက်တွဲအကျိုးဆက်ကိုလေ့လာဖို့ဖြစ်ပါတယ်။ အဲဒီလိုလေ့လာရာမှာ နိုင်ငံတော်နဲ့ပြည်သူအတွက် ကောင်းမွန်တဲ့အကျိုးစီးပွားဖြစ်၊မဖြစ် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များနဲ့ညီ၊မညီ၊ဆောင်ရွက်ခြင်းရှိမရှိ စုံကော်အစီရင်ခံစာအတိုင်းလုပ်ဆောင်တာရှိမရှိ နဲ့ဒေသခံကျေးရွာလူထုမှာဖြစ်ပေါ်နေတဲ့ လူမှုစီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုလေ့လာခဲ့ပါတယ်” ဟု မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊တာဝန်ခံမှုဆိုင်ရာ အရပ်ဖက်မဟာမိတ်အဖွဲ့ နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါ်နီနီဝင်းက ပြောပြသည်။

အစီရင်ခံစာ မိတ်ဆက်ပွဲတွင် MATA စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းတောင် စီမံကိန်း သုတေသနအဖွဲ့ သုတေသီ ကိုအေပရယ်ကြူကြူးက မိတ်ဆက် စကားပြောကြားကာသုတေသနအဖွဲ့ဝင် စစ်ကိုင်းမြို့မှ မစုလှိုင်မြင့်က MATA၏ ဆောင်ရွက်ခဲ့ရမှုအဆင့်ဆင့်နှင့် အခက်အခဲအဆင့်ဆင့် ကျော်လွှားခဲ့ရမှုများကို ရှင်းလင်းပြောပြပြီး ဒေသခံများဖြစ်သော ကိုတင့်အောင်စိုး၊ မသွဲ့သွဲ့ဝင်း၊ ဦးဘိုသန်း၊ ဒေါ်စန်းနွဲ့၊ ဒေါ်ရီဝင်းစသည့် ဒေသခံခုနစ်ဦးတို့က လက်ရှိဖြစ်ပေါ်နေသော လက်ပံတောင်းအခြေအနေနှင့် ကူညီပံ့ပိုးမှုမဲ့နေသော ဒေသခံတို့၏ အခြေအနေမှန်များကို တင်ပြ၍ တက်ရောက်လာသော ပညာရှင်၊ သုတေသီ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်အားများကိုရယူသည်။ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိုးရိမ်စရာအခြေအနေများကိုဖြေရှင်းပြီးချိန်အထိ လက်ပံတောင်းကြေးနီစီမံကိန်းရှိတိုးချဲ့ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားမည့်အကြောင်း ဝမ်ပေါင်ကုမ္ပဏီနှင့်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့က တရားဝင်ထုတ်ဖော်ကြေညာရန်နှင့်ဦးပိုင်လီမိတက်သည် ၎င်းတို့၏မိုးကြိုး ဆာလ်ဖျူရစ်အက်စစ်စက်ရုံလုပ်ငန်းများကြောင့် ထိခိုက်မှုများကို အပြည့်အစုံထုတ်ပြန်ကြေညာပြီး ပြင်ဆင်ကုစားခြင်းများ လုပ်ဆောင်ရန် ကုမ္ပဏီသို့ အကြံပြုချက်အဖြစ်ထည့်သွင်းရေးဆွဲထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသိတင်းပတ်
( ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် )
မေလ(၂၅) ရက် မှ (၃၁) ရက်အထိ
ပညာ
ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေး

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**ပုသိမ် မေ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အ. ထ. က (ခွဲ) အ. လ. က(၁)ကျောင်း၌ ယနေ့နံနက် ၉ နာရီခွဲတွင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြုလုပ်သည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပရာ ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများဝင်ရောက်ဖြေဆိုကြသည်။

“တို့ကမ္ဘာမြေ ဂေဟစနစ်ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့” ဟူသော ဆောင်ပုဒ်ဖြင့် တားမြစ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လူသားထုတစ်ရပ်လုံး ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပြီး အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာစေလိုသော ရည်ရွယ်ချက်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှူးက ပြောကြားသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမ၊ ဒုတိယ၊ တတိယနှင့် ထူးချွန်ဆုငါးဆုတို့ကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဟန်(ပြန်/ဆက်)**

# သရက်မြို့တွင် မိုးရာသီဘဏ်ချေးငွေများ ထုတ်ချေး

**သရက် မေ ၂၄**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ ယခုနှစ် မိုးရာသီဘဏ်ချေးငွေများကို မေ ၁၇ရက်က စတင်ထုတ်ပေးလျက်ရှိရာ စပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံများကို တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေများထုတ်ချေးခြင်း လုပ်ငန်းများကို မေ၁၇ ရက်မှ ၂၃ ရက်အထိ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ အစုအဖွဲ့ ၃၉၈ ဖွဲ့၊ တောင်သူဦးရေ ၁၁၆၀ တို့အား စပါး ၂၁၃၇ ဧက၊ မြေပဲ ၄၆ ဧက၊ နှမ်း ၁၁၂၀ ဧက၊ ပဲတီစိမ်း ၃၅၄ဧက၊ ပဲစင်းငုံ ၁၄၂ဧက စုစုပေါင်းဧက ၃၈၀၀အတွက် ချေးငွေကျပ် သိန်း ၃၅၃၈၁၀ ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသော ကျေးရွာအုပ်စုများမှ တောင်သူများအား သတ်မှတ်ချိန်အတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသိရသည်။ **ဇော်ထက်(သရက်)**

# ငွေကြေးကောက်ခံမှု တစ်ဆပိုလာသော်လည်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်းတာဝန်ခံလုပ်ဆောင်မှု အားနည်းသဖြင့်ရေကြီးရေလျှံပြီး ကုန်ပစ္စည်းများရေစိုပျက်စီးမှုရှိလာ

**ရန်ကုန် မေ ၂၄**
ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း မေ ၂၃ ရက် တနင်္လာနေ့ မွန်းလွဲပိုင်းက ရွာသွန်းခဲ့သောမိုးကြောင့် ရန်ကုန်မြို့တွင်းလမ်းများကဲ့သို့ ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်။ တိုက်ခန်းကြမ်းပြင်မြှင့်တင်မထားသော တိုက်ခန်းများတွင် ရေဝင်လာပြီး ကုန်ပစ္စည်းများ ရေစိုပျက်စီးမှုများရှိလာသည်ဟုသိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းသည် မြို့တော်စည်ပင်ပိုင်ဖြစ်သော်လည်း အမှိုက်သန့်ရှင်းရေး၊ ရေမြောင်းဆယ်ယူရေး၊ ယာဉ်ရှင်းလင်းရေး၊ လုံခြုံရေးများကို ပွဲရုံဝင်းလုပ်ငန်းရှင်များထံမှ ငွေကြေးကောက်ခံ၍ သုံးစွဲခဲ့သည်။

ယင်းပွဲရုံလုပ်ငန်းရှင်များထံ ကောက်ခံနေသော သန့်ရှင်းရေး၊ လုံခြုံရေးအခွန်ငွေကြေးများ မြင့်တက်လာသော်လည်း သန့်ရှင်းရေး၊ ရေမြောင်းဆယ်ယူရေး၊ ယာဉ်ရှင်းလင်းရေးလုပ်ငန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းနေဆဲဖြစ်၍ ဘုရင့်နောင်ပွဲရုံဟုဆိုလျှင် ယာဉ်ပိတ်ဆို့မှုနှင့် ရေကြီးရေလျှံမှုများ မကြာခဏတွေ့ကြုံရတတ်သည့်နေရာဟု ပြောဆိုမှုရှိနေသည်။

၂၀၁၅-၂၀၁၇ နှစ်နှစ်သက်တမ်းအတွက် အသစ်ရွေးချယ်ပြောင်းလဲဖွဲ့စည်းပြီးချိန်တွင်မူ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့သေးသော အကြံပေးအဖွဲ့ကို တစ်လလျှင် ကျပ်သိန်းပေါင်း ဆယ်ဂဏန်းမျှဖြင့် ငှားရမ်းအသုံးပြုခဲ့သည်ဟု ယင်း NGO အဖွဲ့ဝင်ပါဝင်နေသူတစ်ဦးက ဆိုသည်။

ယခု NGO အသစ်လက်ထက်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေ ခေါင်းစဉ်အသစ်ဖြင့် လုပ်ငန်းရှင်တစ်ဦးလျှင် တစ်လကျပ် ငါးထောင်နှုန်းတိုးချဲ့ငွေကောက်ခံလာသည်။ သန့်ရှင်းရေးနှင့် လုံခြုံရေးအခွန်ငွေများလည်း တိုးမြှင့်ကောက်ခံလာသည်။ ယခင်တစ်နှစ်လျှင် ယင်း NGO အဖွဲ့သို့ လုပ်ငန်းရှင်တစ်ဦးလျှင် သန့်ရှင်းရေးနှင့်လုံခြုံရေးအတွက် ကျပ်ကိုးသောင်းဝန်းကျင်သာ ပေးရာမှ ယခုအခါ ခေါင်းစဉ်သုံးမျိုးဖြင့် သုံးလလျှင် ကျပ် ၅၂၅၀၀၊ တစ်နှစ်ဆိုလျှင် ၂၁၀၀၀၀ ကျပ်ပေးဆောင်လာရသည်။ နိုင်ငံတော်အခွန်အဖြစ်မူ မြို့တော်စည်ပင်သို့ ပေးဆောင်ရသောလုပ်ငန်းလိုင်စင်အခွန်မှာ တစ်နှစ်လျှင် ကျပ် ၅၀၀၀၀ သာရှိသည်ဟု လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

စည်းကမ်းမဲ့ ဈေးတည်ခင်းရောင်းချခြင်း၊ ဂိုဒေါင်သဖွယ် ပွဲရုံရှေ့ တိုက်ခန်းကုန်ကားရပ်ရန်နေရာများတွင် စုပုံထားရှိခြင်း၊ နောက်ဖေး လမ်းကြားများတွင် ကုန်ပစ္စည်းများအပါအဝင်ပစ္စည်းမျိုးစုံထားရှိခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများအပေါ် အကြောင်းပြပြောဆိုမှုရှိလာသည်။ ယင်းသို့ စည်းကမ်းမဲ့ အနည်းစု၏ လုပ်ဆောင်မှုအပေါ် အရေးယူမှုအားနည်းခြင်းအတွက် ကျန်လုပ်ငန်းလုပ်ကိုင်သူများအခက်အခဲနှင့် ဆုံးရှုံးမှုများ ကြုံတွေ့နေရခြင်းများအဖြစ် မေ ၂၃ ရက် မိုးရွာသွန်း၍ရေဝင်ကာ ကုန်ပစ္စည်းပျက်စီးမှုများ ကြုံတွေ့ရမှုက ပြသနေသည်ဟု က-၁၄၂ ခတ္တာလမ်းရှိ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမင်းဇော်က ပြောသည်။

နှစ်စဉ်ဘုရင့်နောင်ပွဲရုံဝင်းအတွင်း မိုးသည်းထန်မှုကြောင့် ကံ့ကော်လမ်းမကြီး ရေကျော်သည်အထိဖြစ်ခဲ့သည့် ကာလမှာပင် က -၁၄၂ ခတ္တာလမ်း တိုက်ခန်းဝန်းကျင်ရှေ့ရေမရောက်ခဲ့ပါ။ ယခုနွေကာလ အချိန်ကတည်းက သုံးလတစ်ကြိမ် ငွေကြေးပုံမှန်ကောက်သော်လည်း တာဝန်ခံလုပ်ဆောင်မှုမရှိသဖြင့် ယင်းနေရာရှိရေမြောင်းတွင် ရေပြည့်လုနီးပါးလချီရှိခဲ့သည်။ ယင်းနေရာအနီးဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချသော တိုက်ကြီးအချို့တွင် ရေစီးဆင်းနိုင်သည့် ရေမြောင်းမရှိသည့်အတွက် ခတ္တာလမ်းတစ်ခြမ်းရှိ တိုက်ခန်းများရှေ့မှ ရေများလွယ်ကူစွာမစီးဆင်းနိုင်ဘဲ မြောင်းအတွင်းဝပ်နေရာ ၂၄နာရီပတ်လုံးခြင်ဒဏ်ကိုပါ ပူးတွဲ၍ ခံစားနေရသည်ဟု ယင်းတိုက်ခန်းတွင် နေထိုင်သူက ပြောလာသည်။

ရိုးကြီးချောင်းနှင့် ကားလမ်းတစ်လမ်းသာခြားသော အဆိုပါ ခတ္တာလမ်းအစွန်တိုက်ရှေ့ ရေမြောင်းမရှိသည့်အတွက် မေ ၂၃ ရက် မွန်းလွဲပိုင်းက ရွာသောမိုးကြောင့် က-၁၄၂ တိုက်ခန်းများအတွင်းသို့ ရေဝင်ပြီး ကွမ်းသီးအိတ်အချို့ ရေစိုပျက်စီးမှုကြုံတွေ့လာရသည်။ တိုက်နောက်ဖက်မှ ရေဆိုးရေညစ်များ ပွဲရုံအချို့အတွင်း ဝင်ရောက်မှုကြောင့် ကျန်းမာရေးပါ ထိခိုက်နေရသည်ဟု ငုဝါလမ်းသွယ်တွင် လုပ်ငန်းလုပ်ကိုင်သူဦးကျော်က ဆိုသည်။

နိုင်ငံပိုင်ငွေဘတ်ဂျက်ဖြင့် ခင်းပေးသော ယင်းမာလမ်းတိုးချဲ့ခြင်းတွင် ရေမြောင်းများပါ အကျယ်ချဲ့ပေးမှုရှိခဲ့သည်။ သို့သော်ရေမြောင်းများ အကျယ်ချဲ့မှုသာရှိပြီး ရေစီးဆင်းမှုစနစ်အပေါ် အလေးထားလုပ်ဆောင်မှုအားနည်းသဖြင့် ရေမြောင်းများကို ရေကန်များသဖွယ်မြင်တွေ့နေရသည်ဟု ပိတောက်လမ်းအတွင်းရှိ ကိုဝင်းဇော်က သုံးသပ်ပြောဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း သန့်ရှင်းရေးအားနည်းမှု၊ တိုက်နောက်ဖေးလမ်းကြားများ စည်းကမ်းမဲ့အသုံးပြုနေမှုတို့အပေါ် ငွေကြေးပိုမိုကောက်ခံမှုအတွက် အလေးထားလုပ်ဆောင်ခြင်းကဲ့သို့ ဦးစားပေးပြုပြင်ဆောင်ရွက်ပေးစေလိုကြသည်။ တာဝန်ခံမှု၊ တာဝန်ယူမှုစိတ်ဓာတ်များလည်း ထားရှိပေးစေလိုသည်ဟု ငွေကြေးထည့်ဝင်သူများက ဆိုသည်။

ဖြတ်ကျော်ပြီးခဲ့သည့် အယ်နီညိုဖြစ်စဉ်အလွန်တွင် နှစ်စဉ်ကြုံတွေ့ရခဲ့သည့် ရေကြီးရေလျှံဖြစ်စဉ်ထက် ပိုမိုနိုင်သည့်ဖြစ်စဉ် တွေ့ကြုံရနိုင်သေးသည်ဟု ပြောဆိုမှုများရှိသည့်အတွက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပကတိဖြစ်ပျက်နေမှုများကို သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေးအရေးယူဆောင်ရွက်ပေးစေလိုကြသည်။

**(မောင်စေအောင်)**

# နေပူထဲမှာ တာဝန်ကျေတဲ့ ယာဉ်ထိန်းရဲ

**ဦးဟန်ညွန့် (ဥပဒေ)**

**သတင်းတစ်ပုဒ်**

၁၈-၅-၂၀၁၆ နေ့ထုတ် 7 DAY DAILY သတင်းစာ၊ ကျောဖုံးမှ ဖေ့ဘွတ်ခ်တစ်ခွင် သတင်းတစ်ပုဒ် ဖတ်ရသည်။ အောက်ပါအတိုင်းဖြစ်သည်။

"နေပူထဲတွင် တာဝန်ထမ်းဆောင်နေသည့် ဓမ္မစေတီလမ်းမှ ယာဉ်ထိန်းရဲအကြောင်းကို ဖေ့ဘွတ်ခ် အသုံးပြုသူတစ်ဦးက "Air Con အစွမ်းကုန်ဖွင့်ထားတဲ့ ကားထဲမှာ အရမ်းကို ပူပြင်းလွန်းတဲ့ ရာသီဥတုအကြောင်း မျက်နှာမဲ့ရွဲ့ပြီးပြောနေရင်းတန်းလန်း ပြောလက်စ စကားကို ကပျာကယာ ချက်ချင်းကျွန်တော်ရပ်လိုက်ပါတယ်။

လေပူတစ်ချက်တိုးဝှေ့လို့အပြီး ခေါင်းပေါ်က ဦးထုပ်ကိုချွတ်၊ နဖူးပေါ်မှ ကျဆင်းလာတဲ့ ချွေးစချွေးနတွေကို ခပ်သွက်သွက်လေးသုတ်လိုက်ပြီး ရှုပ်ထွေးနေတဲ့ ယာဉ်တွေကို လမ်းရှင်းနေတဲ့ မြင်ကွင်းက ကျွန်တော့်ကို ဆွံ့အနေစေပါတယ်။

အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အောက်က အပူဒဏ်ကို ကြံ့ကြံ့ခံအန်တုရင်း မခိုမကပ် အများအကျိုးအတွက် အပင်ပန်းခံ၊ အပူဒဏ်ခံ နိုင်ငံတော်တာဝန်ကို ထမ်းရွက်နေတာကြည့်ပြီး မလေးစားဘဲ မနေနိုင်ခဲ့ပါဘူး"ဟု ရေးသား၍တင်ခဲ့ရာ Like လုပ်သူနှင့် ပြန်လည်မျှဝေသူများ များပြားခဲ့သည်. . . "တဲ့။

**ချီးကျူးသည့် မှတ်ချက်များ**

အထက်ပါအကြောင်းအရာအပေါ် ဖေ့ဘွတ်ခ် အသုံးပြုသူများက ယာဉ်ထိန်းရဲကို ချီးကျူးသည့် မှတ်ချက်များ ရေးသားကြသည်။

"သူ့ရဲ့ပေးဆပ်မှုကို ဂုဏ်ပြုနေရုံနဲ့မပြီးဘူး။ ဒီထက်ကောင်းမယ့်နည်းလမ်းလည်း တာဝန်ရှိသူများ အနေနဲ့ရှာဖွေရင်း ဝန်ထမ်းကောင်းတို့ရဲ့ ဘဝကို ချွေတာပေးကြပါ။

နေပူအောက်က ယာဉ်ထိန်းရဲကို ထီးအမိုးလေး လုပ်ပေးထားဖို့ စဉ်းစားကြပါစို့။

တာဝန်ဆိုတာက ကိုယ်ကလုပ်ပေးမှ တန်ရာတန်ဖိုး ရပြီး စားဝတ်နေရေးကိစ္စ အဆင်ပြေနိုင်မှာ။ ဒါပေမယ့် ဝတ္တရားက တန်ဖိုးသိတဲ့ပုဂ္ဂိုလ်တိုင်း အမြဲတမ်းပေးဆပ်နေကြတဲ့အလုပ်။

ဒီပုဂ္ဂိုလ်လုပ်နေတာ တာဝန်မဟုတ်တော့ဘူး။ ဝတ္တရား"ဟု မှတ်ချက်များ ရေးသားထားကြသည်။

**ရင်ဝယ်ထိငြိ**

အထက်ပါသတင်းကိုဖတ်ပြီး ကျွန်တော်ရင်ဝယ်ထိငြိသည်။ နေပူဒဏ်ကို မမှု။ လူထုအကျိုးပြုသည်။ တာဝန်ကျေသည်။ တာဝန်ထက်ပင် အဆင့်မြင့်သည်။ ထို့ကြောင့် ဝတ္တရားကျေသူဟု ပြည်သူပြောပြီ။ ပြည်သူမြင်ပြီ။ ပြည်သူချစ်ခင်သည်။ ပြည်သူ့ရဲဆိုတာ ဒါကွ။ ပကာသနမဖက်၊ စွဲမက်စရာ။ နမူနာယူစရာ။ ဓမ္မစေတီလမ်းက ယာဉ်ထိန်းရဲများသာမက ကျန်တဲ့နေရာ၊ ဒေသတွေမှာလည်း ထိုနည်း။ ၎င်းတို့လို ရဲတွေရှိတာ အသေအချာ။ ပြည်သူ့မေတ္တာ ယူကြပါ။

**ငါးခုံးမတစ်ကောင်**

"အားလုံးကောင်းပါသည်ခင်ဗျား" မဟုတ်။

ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည့် ဥပမာများရှိမှာပါ။ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အလေ့အကျင့်ကောင်းတွေ၊ ပြည်သူ့အကျိုးပြုအလုပ်တွေ လုပ်နေကြပါသည်။ သို့သော်ငြား ဆိုးသူ၊ ဖောက်သူ၊ စည်းကမ်းပျက်သူ၊ ဝန်ထမ်းမပီသသူ၊ ပြည်သူမုန်းသူ ရှိမည်။ ဝိုင်းထိန်း၊ ဝိုင်းပြင်၊ ဝိုင်းဆင်ခြင်ကြရမည်သာ။ အပြစ်ပြောရုံနှင့် မပြီးပါ။ ဘယ်လိုပြင်မှာလဲ။

**စေတနာ**

- စေတနာ၊ မေတ္တာသည် အခြေခံ။
- ပြည်သူ့အကျိုးကောင်းဖို့၊ ပြည်သူ့မေတ္တာခံယူဖို့။ အဝေဖန်ခံဖို့။
- ဥပဒေအဖွဲ့အစည်း၊ ဥပဒေစောင့်သူ၊ ဥပဒေထိန်းသူ၊ ဥပဒေကျင့်ကြံသူ၊ ပြည်သူကြည်ဖြူပါစေ။ အမြဲနားထောင်။

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးတွင် ထိပ်တန်းက ပါဝင်သူမှာ ပြည်သူ့ရဲ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့။ သူတို့တစ်တွေ ပင်ပန်းရှာသည်။ ပင်ပန်းမှု၊ တာဝန်ကျေမှုတွေကြားထဲမှာ ပေါ့လျော့မှု၊ တပ်ဖွဲ့အင်အား မလုံလောက်မှု၊ ဌာနဆိုင်ရာ လိုအပ်ချက်တွေ ရှိနေဆဲ။ ဘက်စုံကပြုပြင်ပြောင်းလဲမှုများ၊ စိတ်သစ်၊ လူသစ်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်နေကြပါပြီ။ ပြည့်စုံပြီဟုတော့ မပြောပါ။

**ရဲနှစ်ဦးသေသည့် သတင်း**

မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မှ ရဲနှစ်ဦးသေခဲ့ရသည်။ ကျဆုံးခဲ့ရသည်။ လူဆိုးတရားခံကို လိုက်ဖမ်းသည်။ လူဆိုးက ပြန်လည်ခုခံသည်။ ရဲနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ရသည်။ စိတ်မကောင်းစရာ ဝေဖန်သံတွေ အစုံကြားခဲ့ရသည်။ နောင်မဖြစ်စေဖို့၊ ဂရုပြုဖို့၊ သန်လျင်ဥပမာကဲ့သို့ အခြားဒေသတွေမှာလည်း လူဆိုးက ရန်ပြု၍ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ ကျဆုံးရသည်။ အများအသိပါ။

**ထားဝယ်က ရဲသားလေး**

ထားဝယ်မြို့က ရဲသားလေးသတင်း ဖတ်ရသေးသည်။ မူးယစ်ဆေးဝါးတရားခံ သွားဖမ်းတာပါ။ တရားခံက သေနတ်ဆောင်ထားသည်။ အဆိုပါသေနတ်ဖြင့် ရဲသားလေးကို ပြန်ပစ်တာပါတဲ့။ ရဲသားလေး သေရှာသည်။ ချင်းပြည်နယ် ပလက်ဝမြို့ ဇာတိဖြစ်သော ရဲသားလေးကောင်းရာသုဂတိလားပါစေဟုသာ ဆုတောင်းကြပါစို့။ သင်ခန်းစာတွေ၊ လုပ်စရာတွေ၊ ပြုပြင်စရာတွေ တစ်ပုံတစ်ပင်ရလိုက်ပါသည်။ ဘာကျန်သေးလဲ။

**မကြားလို**

"ရဲတပ်ဖွဲ့ဝင်တွေဟာ လုံခြုံရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရသူများ ဖြစ်တယ်။ တရားခံဖမ်းသွားတဲ့အခါ တစ်ယောက်ထဲ မသွားပါနဲ့။ နှစ်ယောက်၊ သုံးယောက်သွားပါ။ တရားခံဖမ်းသွားတဲ့အခါ တရားခံကရိုက်လို့ ရဲခံလာရတယ်ဆိုရင် သတင်းကိုလာမပို့နဲ့။ ရဲချုပ်ကိုလည်း မှာထားတယ်။ တရားခံဖမ်းသွားတာကို ရဲကခံလာရတယ်ဆိုတာကို ကြားကို မကြားချင်ဘူး။ ကိုယ့်မှာ ခုခံပိုင်ခွင့်ရှိတယ်။ ပြတ်ပြတ်သားသားလုပ်ရဲရမယ်။ တရားခံကို တရားခံလိုပဲ ဆက်ဆံပါ။ ကိုယ်ကလက်ဦးမှုယူပါ"ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ပြည်မြို့ ခေတ္တရာခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား မှာကြားသည်။

(7 DAY DAILY- 18.5.2016 နေ့ထုတ်၊ သတင်းထောက်ဇော်မင်းထိုက် တင်ပြသည်။)

**လူထုကြားမှာ အဖြေရှာ**

လူထုအကျိုးပြု ပြည်သူ့ရဲ။ ပြည်သူ့သားသမီးပီသသော ပြည်သူ့ရဲ။ ဆင်းဆင်းရဲရဲနှင့် တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ရဲ။ ဘတ်ဂျက်အလုံအလောက်ဖြင့် သူဌေးတိုင်းပြည်များကဲ့သို့ မသုံးစွဲနိုင်သေး။ ပြည်သူ့ဘဏ္ဍာငွေခြိုးခြံချွေတာ၍ နည်းနည်းနှင့် ကျဲကျဲဝိုင်းဆိုသလို တပ်ဖွဲ့အကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးနေရသည့်အချိန်။

**မှားတာတွေပြင် အမှန်မြင်**

မှားတာတွေပြင်မည်။ မှန်တာတွေမြင်စေရမည်။ ဥပဒေအရာရှိတာဝန်ကို နှစ်ပေါင်းလေးဆယ်ကျော်ထမ်းဆောင်ခဲ့စဉ် (လုပ်ဖော်ကိုင်ဖက်) ရဲအရာရှိများနှင့် လက်တွဲခဲ့ရသည်။ တစ်ယောက်အကြောင်း တစ်ယောက်သိခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အပေါင်းအား ကိုယ်ချင်းစာသည်။ လုပ်စရာတွေ အများကြီးရှိဦးမည်။ အပြစ်ပြောချင်သူများက များသည်။ စေတနာမှန်နှင့် ဝေဖန်ကြပါဦး။ ဘယ်လိုကူညီကြမည်လဲ။ ဘယ်လိုတည်ဆောက်ကြမည်လဲ။ ထဲထဲဝင်ဝင် မေတ္တာ၊ စေတနာပေးကြပါ။ အပြစ်ရှိလျှင် အရေးယူပါ။ သစ္စာတရား မပျက်ပါ။ လေးစားပါ၏။

တင်ပြချက် ❋ နေပူထဲမှာနေရရှာ။
ပူတာသူမသိ တာဝန်သိ။
အောင် ❋ သတိရှေ့ဆောင်ပြည့်ကျိုးအောင်
ပူလောင်သော်ငြား မေတ္တာပွား. . .။



## တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေး

**ဆားလင်းကြီး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၂၂)စက်မှုလယ်ယာစခန်းမှ ဦးစီးမှူး ဦးဆန်းလင်း ဦးဆောင်၍ စက်မှုလယ်ယာဝန်ထမ်းများသည် တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများအား ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာတိုင်းဦးစီးမှူး၏ ဦးဆောင်ညွှန်ကြားမှုများဖြင့် တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများ၊ မိုးသီးနှံများ အချိန်မီစက်စွမ်းအားပြည့်လုပ်ငန်းခွင်ဝင်ရောက်ဆောင်ရွက်နိုင်စေရန်အတွက် စက်မှုလယ်ယာစက်ပြင် ဝန်ထမ်းများဖြင့် စက်ကိရိယာများ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာ သရက်တောကျောင်းတိုက်အတွင်း၌ ယနေ့နံနက်ပိုင်းမှစတင်ကာ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများအား ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၂)စက်မှုလယ်ယာစခန်းမှ ဦးစီးမှူးဦးဆန်းလင်းက ပြောသည်။

**ဦးငယ်(ဆားလင်းကြီး)**

❑

## မုံရွာမြို့၌ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း ဟောပြော

**မုံရွာ မေ ၂၄**

မုံရွာမြို့၌ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း ဟောပြောပွဲကို မေ ၂၃ ရက်က သလ္လာရပ်ကွက် မိုးကောင်းလမ်းရှိ Top ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု(၈) (မုံရွာ) မှ ဒုတိယရဲမှူးဆန်တိုးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီးချင်းစိန်က မှုခင်းနှင့် ပတ်သက်သော အသိပညာပေးမှုများကိုလည်းကောင်း၊ အမှတ်(၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်ဇော်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းခိုင်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောမှုများကိုလည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

## မိုးနှေးစဉ်ရွာသွန်း၍ ရေတာရှည်မြို့နယ်အတွင်း နှမ်းစိုက်ပျိုးသူများ အဆင်ပြေ

**ရေတာရှည် မေ ၂၄**

မုန်တိုင်းအရှိန်ကြောင့် ရွာသွန်းသည့်မိုးကြောင့် ရေတာရှည်မြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်ရက်ပိုင်းအတွင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးကြိုနှမ်းစိုက်ပျိုးသည့်တောင်သူများမှာ နေ့အပူချိန်မြင့်တက်ခြင်းကြောင့် နှမ်းစိုက်ခင်းများပျက်စီးကြရပြီး စိုက်ခင်းများအတွင်း ရေတွင်းများတူးဖော်ကာ စက်များဖြင့်ရေဖျန်းပေးနေရသဖြင့် ကုန်ကျစရိတ်မြင့်တက်ခဲ့ရသည်။

"မိုးသာမရွာရင် ကျွန်တော်တို့အခင်းတွေ အကုန်ပျက်ကုန်မှာပါ။ ရေက နေ့တိုင်းလိုလိုဖျန်းရတယ်။ ခုတော့ နှမ်းခင်းတွေအတွက် တအားကောင်းသွားတာ ဝမ်းသာပါတယ်"ဟု ဘုရားကုန်းကျေးရွာနေ ဒေသခံနှမ်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။



မိုးကြိုနှမ်းမှာ တောင်သူများအတွက် အဓိကအားထားရသည့် ဆီထွက် သီးနှံတစ်မျိုးဖြစ်ကာ ဈေးကွက်၌ ဈေးကောင်းရရှိလေ့ရှိ၍ မြို့နယ်အတွင်း ဒေသအနှံ့အပြားတွင် အများအပြားစိုက်ပျိုးထားကြသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# ကမ္ဘာတစ်ဝန်းရှိကလေးငယ်များကို အပြည့်အဝဆွဲဆောင်ထားတဲ့ အမွေစိန် (ခေါ်) Masha and the Bear




မြန်မာနိုင်ငံမှာ“အမွေစိန်”လို့ နာမည်ကြီးနေတဲ့ ရုရှားအန်နီမေးရှင်းဇာတ်ကားလေးအကြောင်း ပြောပြချင်ပါတယ်။ ဒီဇာတ်ကားလေးရဲ့အမည်က Masha and The Bear ဖြစ်ပြီး ရုရှားအနုပညာရှင် Oleg Kuzovlov ကဖန်တီးထားတဲ့ အန်နီမေးရှင်းရုပ်သံဇာတ်လမ်းတွဲတစ်ပုဒ်ဖြစ်ပါတယ်။ ရုရှားနိုင်ငံ မော်စကိုမြို့မှာရှိတဲ့ Animaccord အန်နီမေးရှင်းစတူဒီယိုကနေ ထုတ်လုပ်ထားတာဖြစ်ပြီးတော့ Masha and The Bear လို့ အမည်ရတဲ့ ရိုးရာနှုတ်ပြောပုံပြင်ကို အခြေခံထားတာဖြစ်တယ်လို့ သိရပါတယ်။

ဒီဇာတ်ကားမှာ အဓိကဇာတ်ကောင်တွေကတော့ အရာရာကို စူးစမ်းတတ်ပြီး သနားကြင်နာတတ်တဲ့ မိန်းကလေးငယ်လေး Masha နဲ့ သူ့ကိုကြင်နာပြီး ဘေးအန္တရာယ်တွေကနေ အမြဲကာကွယ်ပေးတတ်တဲ့ အမွေးထူထူနဲ့ ဝက်ဝံတစ်ကောင်တို့အကြောင်းကို အဓိကဇာတ်အိမ်ဖွဲ့ထားတာပဲဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ ပထမဆုံးအပိုင်းဖြစ်တဲ့ How They Met အပိုင်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက စတင်ဖြန့်ချိပြသခဲ့တာလို့သိရပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကလေးတွေရော၊ ကလေးမိဘတွေရောနဲ့ ရင်းနှီးပြီးသားဖြစ်နေပြီး ကလေးတွေရော၊ ကလေးမိဘတွေကိုပါ အပြည့်အဝဆွဲဆောင်ထားတဲ့ ဒီဇာတ်ကားလေးဟာ ရုရှားနိုင်ငံမှာအောင်မြင်ရုံတင်မကဘဲ နိုင်ငံပေါင်း ၁၀၀ ကျော်ကို ဘာသာစကားပေါင်း ၂၅ မျိုးနဲ့ ဘာသာပြန်ဆိုဖြန့်ချိထားပါတယ်။

ဒီဇာတ်ကားရဲ့ အပိုင်းတော်တော်များများကို YouTube မှာ ရှာဖွေတွေ့ရှိနိုင်သလို YouTube မှာလည်း အတော်လေးရေပန်းစားခဲ့ပါတယ်။ ဒီဇာတ်ကားရဲ့အပိုင်းတွေထဲက တစ်ခုဖြစ်တဲ့ Recipe For Disaster အပိုင်းဆိုရင် ကြည့်ရှုသူ ၁ ဒသမ ၃၆ သန်းကျော်ရရှိခဲ့တာကြောင့် YouTube မှာ ၁၅ ခုမြောက် လူကြည့်အများဆုံးဗီဒီယိုဖိုင်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ Masha and The Bear ဗီဒီယိုဖိုင်တွေအားလုံးကိုတော့ You Tube မှာကြည့်ရှုကြတဲ့အကြိမ်ရေဟာ ၁၂ သန်းကျော်ရှိတယ်လို့ သိရပါတယ်။

အခုလက်ရှိမှာ ဒီဇာတ်ကားရဲ့ Season နှစ်ခုကိုသာ အပြည့်အဝဖြန့်ချိပြသထားပြီး Season တစ်ခုချင်းစီမှာ အပိုင်း ၂၆ ပိုင်းပါဝင်ပါတယ်။ Season 3 ရဲ့ ပထမအပိုင်းသုံးပိုင်းကိုတော့ မကြာခင်က စတင်ဖြန့်ချိထားပြီးဖြစ်သလို ဒီအပိုင်းအကုန်လုံးကိုလည်း နောက်သုံးနှစ်အတွင်း ဖြန့်ချိပြသသွားနိုင်ဖို့ လုပ်ဆောင်သွားမယ်လို့လည်းသိရပါတယ်။

မြန်မာနိုင်ငံမှာတော့ ကလေးများအကြိုက် အမွေစိန်လို့ လူသိများတဲ့ ဒီဇာတ်ကားလေးဟာ ၂၀၁၅ ခုနှစ်ရဲ့ Best Animation in the Creative Talent ဆုပေးပွဲမှာ Kidscreen Awards 2015 ကိုဆွတ်ခူးရရှိခဲ့ပြီး ဒီဇာတ်ကားလေးကို ထုတ်လုပ်ခဲ့တဲ့ Animaccord အန်နီမေးရှင်းစတူဒီယိုကလည်း Production company of the year ရဲ့ ထိပ်တန်း ၁၀ ခု စာရင်းဝင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်အတွင်းမှာ Recipe For Disaster ဇာတ်လမ်းအပိုင်းဟာ ကြည့်ရှုသူ ၁ ဒသမ ၇ သန်းကျော်ခဲ့တာကြောင့် စတုတ္ထမြောက်လူကြည့်အများဆုံးဗီဒီယိုအဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရကြောင်း သိရပါတယ်။



# လန်ဒန်ရှိ စီးပွားရေးတက္ကသိုလ်တစ်ခုတွင် ပညာသင်ကြားပေးရန် ကမ်းလှမ်းခံရသည့် ဟောလိဝုဒ်ကြယ်ပွင့် အိန်ဂျလီနာဂျိုလီ

အကယ်ဒမီဆုများရှင် ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီက လန်ဒန်ရှိ အထင်ကရ စီးပွားရေးပညာတက္ကသိုလ်တစ်ခုတွင် ဧည့်ပါမောက္ခတစ်ဦးအဖြစ် သင်ကြားပေးသွားရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများ၏အခွင့်အရေးလူမှုရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် အမျိုးသမီးများပါဝင်နိုင်ရေးနှင့် အမျိုးသမီးများ၏ လုံခြုံရေး၊ အမျိုးသမီးများတန်းတူညီမျှအခွင့်အရေး ရရှိရေးများ မြှင့်တင်ရေး အစီအစဉ်အရ ယင်းသို့ ပြင်ပမှပညာရှင်များကို ငှားရမ်းသင်ကြားစေခြင်းဖြစ်ပြီး ယင်းတက္ကသိုလ်တွင် ပညာသင်ကြားရန်အတွက် ဖိတ်ခေါ်ထားသည့် ပါမောက္ခလေးဦးတွင် အသက်(၄၀)အရွယ်ရှိ ဟောလိဝုဒ်မင်းသမီးဂျိုလီကတစ်ဦးအပါအဝင်ဖြစ်ကာ အမျိုးသမီးရေးရာဌာနတွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း အဆိုပါကျောင်းက မေ ၂၃ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

“ဒီအစီအစဉ်ကို ကျွန်မ အလွန်ပဲအားရကျေနပ်မိပါတယ်။ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ပိုမိုတိုးတက်ရရှိစေဖို့၊ သိရှိလာစေဖို့ ဥပမာတွေအများကြီးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမှာဖြစ်ပါတယ်”ဟု ဂျိုလီက ဆိုသည်။

သင်ကြားရေးကဏ္ဍတွင်လည်း အစိုးရတွေ၊ ကုလသမဂ္ဂနဲ့ ကိုယ်တွေ့အတွေ့အကြုံများမှတစ်ဆင့် အကောင်းဆုံး သင်ကြားသင်ယူမှုနည်းလမ်းများကို ရှာဖွေနေဆဲဖြစ်ကြောင်းနှင့် အကောင်းဆုံးသင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဂျိုလီသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ သံတမန်အဖြစ် ၂၀၀၁ ခုနှစ်က ခန့်အပ်ခံခဲ့ရခြင်းဖြစ်ပြီး အထူးသံတမန်အဖြစ် ၂၀၁၂ ခုနှစ်တွင် ခန့်အပ်ခံခဲ့ရသည်။

မျိုးစန္ဒာမောင်- စုစည်းရေးသားသည်

## ရုပ်မြင်သံကြားအစီအစဉ်များ
[၂၅ - ၅ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ “သူတော်ကောင်းအင်အား” တရားတော်[ဆရာတော်ဒေါက်တာ အရှင်ပညိဿရာဘိဝံသ(ဓမ္မဒူတ)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၇၂)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာအလှကုန်အသင်း အသိပညာပေးဟောပြောပွဲ)
၈:၀၀ “မင်္ဂလာပါ”The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မ တို့ချစ်စကား” (အပိုင်း-၁၂၀)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၀ အနုပညာမိုးကောင်းကင်
၁၁:၂၅ ဟင်းချက်ရအောင်
၁၁:၄၅ MRTV-4 Stage
၁၂:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီး)”(အပိုင်း-၁)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်” (အပိုင်း-၃၀)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၇၂)
၃:၄၅ Miss Myanmar World 2016
၃:၅၀ ရန်ကုန်မြင်ကွင်းကျယ် (MMDCမှ ဘုရားဖူးများအား မုန့်လက်ဆောင် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ အခမ်းအနား )
၄:၂၀ Cartoon Series (Go Go Giggles)
၆:၁၀ Health Fix
၆:၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၇၃)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်”(အပိုင်း-၃၁)
၈:၂၀ ရသစုံညွှန်းတမ်းများ
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (ဇာတ်သိမ်းပိုင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)”(အပိုင်း-၂)
၁၀:၀၅ အနုပညာမိုးကောင်းကင်
၁၀:၂၅ Let's Talk
၁၁:၁၁ MRTV-4 Stage
၁၁:၃၀ World of Knowledge (Mega Structures ICE HOTEL)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ “ဒူလာချစ်ဖေ”
၆:၃၀ ကာတွန်းအစီအစဉ် “The Prince of Egypt” (အပိုင်း-၂)
၇:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ရွှေရောင်လွှမ်းသော နေ့သစ်ဆီ” (အပိုင်း-၄)
၇:၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “အချစ်စစ်ရဲ့ အလှတရား” (အပိုင်း-၅၂)
၈:၃၀ တေးဂီတအစီအစဉ်
၉:၀၀ ဂီတပညာရှင် ကိုနေဝင်းအစီအစဉ် (အပိုင်း-၂)
၉:၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၃၀ ဧရာဝတီလင်းပိုင်အစီအစဉ် (အပိုင်း-၁)
၉:၄၀ တေးဂီတအစီအစဉ်
၁၀:၁၀ မြန်မာဗီဒီယိုဇာတ်လမ်း“ရင်ကွဲနာ”
၁၂:၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MWD

၆:၀၃ တရားတော်
၆:၁၆ မေတ္တာပို့
၆:၂၁ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၀ မျိုးချစ်တပ်မတော်
၆:၃၅ မှတ်တမ်း
၆:၄၅ မြန်မာသံစဉ်ချိုနားဝင်
၇:၁၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၁၀ အမျိုးသားရေးတေးကဗျာ
၈:၁၅ မွေးမြူသုတ
၈:၃၀ DVD Hits
၈:၃၅ ဇာတ်လမ်းတို
၈:၄၅ မြဝတီနေ့စဉ်သတင်း
၈:၅၀ သူနှင့်သူ၏သီချင်းများ
၉:၀၀ စာပေအလင်း စာပေသတင်း
၄:၁၅ လျှပ်တစ်ပြက်
၄:၂၅ အမျိုးသားရေးတေးကဗျာ
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ရှေးဟောင်းသုတ
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၅ ပန်းကလေးများပွင့်တော့မည်
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနှာ အပိုင်း(၂၇)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ Top Magic
၆:၃၅ Meet Whith The Celebrities
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလကာ် အပိုင်း(၁၁)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှင့်အောင်ချစ်ရသူ အပိုင်း(၄)

# ဥရောပဝင်ခွင့်တစ်နေရာကို စွန့်လွှတ်ခဲ့ရတဲ့ ချယ်လ်ဆီးရဲ့ နောက်ဆက်တွဲဒုက္ခများ

ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးဆိုတာနဲ့ ပရိသတ်တွေက မော်ရင်ဟိုနဲ့ တွဲဖက်မြင်လာကြမှာဖြစ်သလို ချယ်လ်ဆီးရဲ့ ဒီနှစ်ဘောလုံးရာသီ ရလဒ်ဆိုးတွေဟာ ဘာလို့ဖြစ်လာရတာလဲဆိုတဲ့ နောက်ဆက်တွဲမေးခွန်းတွေလည်း ဆင့်ကဲထွက်ပေါ်လာနိုင်ပါတယ်။ တိုက်ဆိုင်မှုတစ်ခုကတော့ ယခုနှစ်ဘောလုံးရာသီ ချယ်လ်ဆီးရလဒ်ဆိုးတွေရဲ့ အဓိကတရားခံဟာ မော်ရင်ဟိုပဲဖြစ်နေသလို နည်းပြပိုင်းအပြောင်းအလဲပြုခဲ့တဲ့ အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်ဟာ ယာယီနည်းပြ ဟစ်ဒင့်နေရာမှာ အီတလီအသင်းနည်းပြ ကွန်တီကို ချယ်လ်ဆီးအသင်းနဲ့ပူးပေါင်းဖို့ စည်းရုံးနိုင်ခဲ့ပါတယ်။

အီတလီလူမျိုးနည်းပြ ကွန်တီဟာ နည်းစနစ်ပိုင်းကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပြီး ၄-၂-၄(သို့မဟုတ်) ၃-၅-၂ ကစားကွက်ကို အသုံးပြုသူဖြစ်တာကြောင့် ချယ်လ်ဆီးမှာ ကစားသမားသစ်အများအပြားကိုလည်း မြင်တွေ့ရဖို့ရှိနေပါတယ်။ ခက်နေတာက ဒီနှစ် ချယ်လ်ဆီးရဲ့ ဥရောပတစ်နေရာစာ ဝင်ခွင့်မရရှိမှုက ကစားသမားသစ်ခေါ်ယူမှုအတွက် အတားအဆီးဖြစ်နေပြီး ကွန်တီခေါ်ယူဖို့ ကြိုးစားနေတဲ့ ကစားသမားတိုင်းဟာ ချယ်လ်ဆီးကို လာဖို့ဆန္ဒမရှိကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ချယ်လ်ဆီးဟာ နည်းပြကောင်းတစ်ဦးပိုင်ဆိုင်ထားပေမယ့် ကစားသမားကောင်းတွေကို ဆွဲဆောင်ဖို့ ခက်ခဲနေတာကြောင့် လာမယ့်ရာသီမှာ ဘယ်လိုစခန်းသွားမလဲဆိုတာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။

ကွန်တီအလိုရှိတဲ့ ဟီဂူအင်၊ မိုရာတာ၊ ပေါ့ဘာ၊ နိုင်ဂိုလန်၊ လူကာကူ၊ ဘိုနူချီ၊ ကာဗာနီ၊ မန်နိုလက်စ်၊ ပက်ထရော်တို့ဟာ မြင့်မားတဲ့လုပ်ခလစာကို မက်မောကြပေမယ့် ချယ်လ်ဆီးဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရော ယူရိုပါလိဂ်ဝင်ခွင့်ပါ လွဲချော်မှာဖြစ်တာကြောင့် တွေဝေတုံ့ဆိုင်းနေကြတယ်လို့ သိရပါတယ်။ ဒ့ါအပြင် လက်ရှိကစားသမားတွေထဲမှာ အသင်းပြောင်းမယ်လို့ သတင်းပြေးနေတဲ့ တယ်ရီ၊ ဟာဇက်တို့ကို ဆက်ထိန်းမှာဖြစ်ပေမယ့် အင်္ဂျားနဲ့ လာရောက်ကစားနေတဲ့ ပါတိုနဲ့ ဖယ်လ်ကာအိုတို့ကို ထွက်ခွာခွင့်ပေးသွားဖို့ ရှိနေသလို မာတစ်၊ ဝီလီယံ၊ ဖာဘရီဂတ်စ်၊ ကော်စတာတို့ကို အသင်းပြောင်းခွင့်ပေးထားပြီးပြီလို့ မက်ထရို သတင်းဌာနက ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် အခုချယ်လ်ဆီးကြုံတွေ့နေရတဲ့ အဖြစ်တွေဟာ သိပ်ဆန်းကြယ်တဲ့ ကိစ္စမဟုတ်ဘဲ ကလပ်အသင်းတိုင်းကြုံတွေ့နေရတဲ့ အစဉ်အလာဆိုတဲ့ ခေါင်းစဉ်အောက်မှာဖြစ်လာတဲ့ နောက်ဆက်တွဲဖြစ်စဉ်တွေပဲဖြစ်ပါတယ်။ မန်ယူအသင်းဆိုရင်လည်း ငွေကြေးပုံအောပြီး ကစားသမားသစ်တွေခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် ဂါရတ်ဘေးလ်၊ နေမာ၊ စီရိုနယ်လ်ဒိုတို့လို ကစားသမားကောင်းတွေကို ခေါ်မရတာ၊ အာဆင်နယ်ကို ထိပ်တန်းတိုက်စစ်မှူးတွေဖြစ်တဲ့ ဘင်ဇီမာ၊ ကာဗာနီတို့ လာရောက်ပူးပေါင်းဖို့ စိတ်မဝင်စားတာတွေဟာ ဒီဖြစ်စဉ်နဲ့ ထပ်တူကျနေတဲ့ အကြောင်းအရာတွေပဲဖြစ်ပါတယ်။

ဒီလိုဆိုရင် ချယ်လ်ဆီး၊ မန်စီးတီး၊ ပီအက်စ်ဂျီတို့လို အသင်းတွေက ဥရောပထိပ်တန်းစာရင်းကို ကစားသမားကောင်းတွေခေါ်ယူပြီး တည်ဆောက်ခဲ့တဲ့ ကိစ္စရပ်တွေကရောလို့ မေးခွန်းထုတ်နိုင်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ချယ်လ်ဆီးရဲ့ အသင်းကြီးစာရင်းဝင်ဖြစ်လာခဲ့မှုကိုပဲ စဉ်းစားကြည့်ရင် ချယ်လ်ဆီးကို ရုရှားသန်းကြွယ်သူဌေး အေဗရာမိုဗစ်ချ် ဝယ်ယူခဲ့ပြီးနောက် နည်းပြ ရာနီရေရီကို ခန့်အပ်တာဝန်ပေးခဲ့ကာ ထိပ်တန်းကစားသမားတွေ ဝယ်ယူခဲ့ပါတယ်။ အေဗရာမိုဗစ်ချ်ရဲ့ ပထမရာသီမှာ ဒါမီယန်ဒပ်၊ ဂျာရယ်မီ၊ ဂလင်ဂျွန်ဆင်၊ ဝိန်းဘရစ်ချ်၊ မက်ခ်ီလီလီ၊ ဟာနန်ခရစ်စပို၊ ဗာရွန်အပါအဝင် ကစားသမားသစ် ၁၁ ဦး(တစ်သင်းစာ) ခေါ်ယူခဲ့ပေမယ့် ဒီကစားသမားတွေထဲမှာ ထိပ်တန်းခြေစွမ်းရှိသူဆိုလို့ ခရစ်စပို၊ မက်ခ်ီလီလီတို့နှစ်ဦးသာပါဝင်ပြီး အဲဒီခေတ်က ကမ္ဘာ့အကောင်းဆုံးကစားသမားတွေဖြစ်တဲ့ ဘရာဇီးတိုက်စစ်မှူး ရိုနယ်လ်ဒို၊ နက်ဗက်၊ ရီဗယ်လ်ဒို၊ ရိုနယ်လ်ဒင်ညို၊ ဇီဒန်း၊ ဖီဂို၊ ရာအူးလ်တို့လို ကစားသမားတွေ ပါဝင်ခြင်းမရှိတာကို သတိပြုရပါမယ်။ အဲဒီနောက် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရပြီးနောက်ပိုင်းရောက်မှသာ ဂျာရယ်ရှက်ဗ်ချန်ကို၊ မိုက်ကယ်ဘောလက်၊ တောရက်စ်တို့လို ကစားသမားတွေ အသင်းကို ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအနေနဲ့ ထိပ်တန်းနည်းပြ ကွန်တီကို ခေါ်ယူနိုင်ခဲ့ပေမယ့် ဥရောပဝင်ခွင့်မရရှိတာကြောင့် ထိပ်တန်းကစားသမားတွေကို ဆွဲဆောင်လို့မရဖြစ်နေတာဖြစ်နေပြီး အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းနဲ့ ဂျူဗင်တပ်ကွင်းလယ်လူ ဘိုနူချီဆိုရင် ချယ်လ်ဆီးကို လုံးဝပြောင်းရွှေ့ဖို့ အစီအစဉ်မရှိပါဘူးလို့ ငြင်းဆိုထားကြပါတယ်။ လက်ရှိ ချယ်လ်ဆီးကစားသမားတွေကလည်း ချန်ပီယံလိဂ် ဝင်ခွင့်ရအခြားအသင်းတွေကို ပြောင်းဖို့ ခြေလှမ်းပြင်နေတာကြောင့် ဒါဟာ ဥရောပဝင်ခွင့်လွဲချော်တဲ့ ချယ်လ်ဆီးရဲ့ နောက်ဆက်တွဲ ဒုက္ခတွေလို့ပဲ . . .။

**(မေလှဲ့သင်း)**




# ပရီမီယာလိဂ်တွင် ရဂိုး ၄၉ ဂိုးဖြင့် ရဂိုးအနည်းဆုံးရရှိခဲ့ခြင်းမှာ ဗန်ဟားလ်အားထုတ်ပယ်ရသည့် အဓိကအကြောင်းပြချက်ဖြစ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းဆိုးရွားခဲ့ခြင်းကြောင့် နည်းပြဗန်ဟားလ်အား ထုတ်ပယ်လိုက်ပြီဖြစ်သည်။



ထိုသို့အသင်းနည်းပြအဖြစ် ဗန်ဟားလ်၏ မန်ယူအသင်းက ထုတ်ပယ်လိုက်ခြင်းကြောင့် မန်ယူအသင်းနှင့် ချုပ်ဆိုထားသည့် သုံးနှစ်သက်တမ်းရှိတာဝန်ထမ်းဆောင်လိုသည့် ဗန်ဟားလ်၏ ရည်ရွယ်ချက်သည်လည်း ပျက်ပြယ်သွားခဲ့ရသည်။

နည်းပြဗန်ဟားလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ရဂိုး ၄၉ ဂိုးသာ ရရှိခဲ့ပြီး မန်ယူအသင်းအတွက် အဆိုပါရဂိုးသည် ပရီမီယာလိဂ်တွင် အနည်းဆုံးဖြစ်ခဲ့ရခြင်းကြောင့် နည်းပြဗန်ဟားလ်အား ထုတ်ပယ်ရသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ကြောင်း သိရသည်။ မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရဂိုး ၄၉ ဂိုးဖြင့် ရမှတ် ၆၆ မှတ်သာရရှိခဲ့ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ် ဝင်ခွင့်နှင့် လွဲခဲ့ရသည်။ မန်ယူအသင်းအတွက် ရဂိုး ၄၉ ဂိုးသည် မန်ယူအသင်း၏ ၁၉၈၉-၉၀ နောက်ပိုင်း ရဂိုး အနည်းဆုံးလည်းဖြစ်လာခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် လာမည့်သီတင်းပတ်ထဲတွင် မန်ယူအသင်း၏ နည်းပြသစ်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။ လက်ရှိတွင် နည်းပြမော်ရင်ဟိုအနေဖြင့် မန်ယူအသင်းနည်းပြသစ်ဖြစ်လာရေးအတွက် မန်ယူအသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။

နည်းပြဗန်ဟားလ်အား ထုတ်ပယ်ခဲ့ပြီးနောက် လက်ထောက်နည်းပြများဖြစ်ကြသည့် မက်ရက်ကာ၊ ဖရန်ဟိုးနှင့် စတူဗန်ဘာ့တို့သည်လည်း မန်ယူအသင်းမှ ထွက်ခွာမည်ဖြစ်သည်။ သို့ရာတွင် လက်ထောက်နည်းပြတစ်ဦးဖြစ်သည့် ရိုင်ယန်ဂစ်မှာမူ မန်ယူအသင်း၏ လက်ထောက်နည်းပြအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

နည်းပြဗန်ဟားလ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း၏ ဘောလုံးအကယ်ဒမီမှ ၁၄ ဦးအထိ အသုံးပြုခဲ့သည်။ အဆိုပါကစားသမားများထဲတွင် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် လင်းဂတ်နှင့် ရက်ဖို့ဒ်တို့မှာ အတောက်ပဆုံး လူငယ်ကြယ်ပွင့်နှစ်ဦးဖြစ်ခဲ့ပြီး ရက်ဖို့ဒ်မှာ သွင်းဂိုး ရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

အေဂျက်စ်၊ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ နည်းပြဟောင်းတစ်ဦးဖြစ်သူ ဗန်ဟားလ်သည် မန်ယူအသင်းတွင် ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၂၅၀ အထိ အသုံးပြုခဲ့ပြီး မန်ယူအသင်းနှင့်အတူ ပထမရာသီတွင် အဆင့်(၄)ဝင်ခဲ့ပြီး ဒုတိယရာသီတွင်မူ အဆင့်(၅)ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဗန်ဟားလ်သည် မန်ယူအသင်းအတွက် ကစားသမား ၃၃ ဦးအထိ အသုံးပြုခဲ့ပြီး ကစားသမား ၃၄ ဦးအထိ အသုံးပြုခဲ့သည့် လီဗာပူးအသင်းပြီးနောက် ပရီမီယာလိဂ်တွင် ဒုတိယအများဆုံးကစားသမားအသုံးပြုသည့် အသင်းလည်းဖြစ်ခဲ့သည်။

**(ငွေကြယ်)**

■

## မြောင်မြို့နယ်၌ရက် ၁၀၀ စီမံချက် ရဲလုပ်ငန်းဆိုင်ရာ ပညာပေးရှင်းလင်း

**မြောင် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ အတွင်း ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက ထွေ/အုပ်ဦးစီးဌာန 'ထီးလှိုင်ရှင်' ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် တာဝန်ယူမှု၊ တရားမျှတမှု၊ စွမ်းဆောင်ရည်ပြည့်ဝပြီး သာတူညီမျှ ဆက်ဆံသည့် လူ့အခွင့်အရေးများကို မြို့နယ်ရဲတပ်ဖွဲ့အနေနှင့် လေးစားလိုက်နာမှုရှိမှသာ ပြည်သူတွေ အလေးထား အားကိုးယုံကြည်သည့် ရဲတပ်ဖွဲ့ဖြစ်လာမည်ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြတ်မွန်က ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက မြို့နယ်ရဲတပ်ဖွဲ့၏ ရက် ၁၀၀ အတွင်း လုပ်ဆောင်ချက်များကို အားရမိကြောင်း ချီးကျူးစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေက ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းခြင်းများကို မြို့နယ်ရဲမှူးက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ထွန်းနှင့် ဒေါ်အေးမြတ်မွန်၊ မြို့နယ်အထောက်အကူပြု ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကျေးဥက္ကဋ္ဌများနှင့် ပြည်သူများ တက်ရောက်ခဲ့သည်။ **တင်ကိုကို**



## ရက်၁၀၀ စီမံချက် ပြည်သူ့အကျိုးပြုရေနုတ်မြောင်းများတူးဖော်

**ကျောက်တံခါး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ စီမံချက်အဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် နံနက် ၈ နာရီက ကျောက်တံခါးမြို့တွင် အဓိကရေထွက်ပေါက်များဖြစ်သော ဦးစံကျော်လမ်း၊ အောင်သပြေလမ်း၊ တပင်ရွှေထီးလမ်းရေထွက်ပေါက်၊ ဗိုလ်ချုပ်လမ်း၊ အောင်ဇေယျလမ်းရေထွက်ပေါက်၊ ဒဂုံမန်းလမ်းနှင့် ရဲစခန်းလမ်းရေထွက်ပေါက်တို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့ပေါ် ငါးရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက အဖွဲ့သုံးဖွဲ့ခွဲ၍ မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**



## မိုင်းဆတ်၌ရက် ၁၀၀ စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၅ သိန်းဖြင့်ဆောင်ရွက်လျက်ရှိသော လက်ပံပင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း၊ မယ်နင်ကျေးရွာ ရေစုကန်ပြုလုပ်ခြင်းနှင့် နားမ(၂) ကျေးရွာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မေ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် ဝန်ထမ်းများက သွားရောက်ကြီးကြပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ယဉ်ဝင်း(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့က ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်

**ကျောင်းကုန်း မေ ၂၄**

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထွန်းထွန်းဝင်း၊ နယ်ထိန်းရဲတပ်ကြပ် စလားဆန်း၊ ရဲဒုတပ်ကြပ် မျိုးမင်းကျော်၊ ရဲတပ်သား အောင်ကိုကို၊ ရဲတပ်သား ရဲကိုကိုဇော်၊ ရဲတပ်သား ရဲလင်းဇော်၊ ရဲတပ်သား ဇော်ဝေယံစိုး၊ ဦးဝင်းစိန်၊ ဦးသိန်းဝင်းတို့သည် မေ ၂၃ ရက် နံနက် ၃ နာရီခွဲခန့်တွင် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုအတွင်း လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မနရ (ကျောင်းကုန်း)၏ လောင်းကစား ဖမ်းဝရမ်းအမှတ် (၃/၂၀၁၆) ဖြင့် ကျောင်းကုန်းမြို့ ရန်ကုန်-ပုသိမ်ကားလမ်းဘေး ဆန်းသစ်ကာရာအိုကေဆိုင်အား ဝင်ရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ ကာရာအိုကေဆိုင်အတွင်း၌ သူရ (၄၁)နှစ် အမှတ် (၂)ရပ်ကွက်၊ ဝေလွင်ကို (၃၄) နှစ် လေးမျက်နှာမြို့နယ်၊ ရဲဇော်လွင် (၃၂) နှစ် အိုးဘိုကျေးရွာ၊ သိုက်ထွန်းနောင် (၄၀) နှစ် ချောင်းဝရွာ၊ မြင့်နိုင် (၄၈) နှစ် ထောက်ရာရွာ၊ ကိုကိုနိုင် (၃၉) နှစ် ဆပ်ကွင်းရွာနေသူတို့သည် ဖဲလောင်းကစားရာတွင် အသုံးပြုသော ဖြူ/နက်ကြား ဖိုင်ဘာဖဲချပ် ၂၄ ချပ်၊ ဖြူ/နီ ကြား ဖိုင်ဘာဖဲချပ် ၂၄ ချပ်၊ ROYAL စာတန်းပါ အနီရောင် စက္ကူဘူးဖြင့်ထည့်ထားသော ဖြူ/နီရောင် ဖိုင်ဘာဖဲချပ် ၆၂ ချပ်၊ ROYAL စာတန်းပါ အနီရောင်စက္ကူဘူးဖြင့် ထည့်ထားသော ဖိုင်ဘာဖဲချပ် ၁၁၀ ချပ်၊ အပြာရောင်ပန်းပွင့်ပါ အဖြူရောင်ကြွေပန်းကန် အသေးတစ်ချပ်၊ အနီ၊ အစိမ်းကြား စောင်တစ်ထည်၊ လောင်းကြေးငွေစက္ကူရောရာ ငွေကျပ် ၅၄၉၃၅၀ နှင့်အတူ ဖဲလောင်းကစားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ယင်းကြောင့် ဖဲလောင်းကစားသူများဖြစ်သည့် သူရ၊ ဝေလွင်ကို၊ ရဲဇော်လွင်၊ သိုက်ထွန်းနောင်၊ မြင့်နိုင်၊ ကိုကိုနိုင်နှင့် ဆန်းသစ်ကာရာအိုကေဆိုင်ပိုင်ရှင် အောင်ဇော်လတ် (၃၉) နှစ် မကျီးကုန်းရွာနေသူတို့အား ကျောင်းကုန်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ရက် ၁၀၀ စိမ့်စမ်းရေသွယ်ယူပေးဝေခြင်းလုပ်ငန်း ပြီးစီး



**မိုးနဲ မေ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်နီညိုရာသီဥတုကြောင့် ကျေးရွာများတွင် ရေရှားပါးမှုမရှိစေရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ဝမ်ဟေကျေးရွာအုပ်စု ဝမ်ဟေကျေးရွာ စိမ့်စမ်းရေသွယ်ယူပေးဝေမှုလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် ဝန်ထမ်းများ မေ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စိမ့်စမ်းရေသွယ်ယူခြင်း ရက် ၁၀၀ စီမံချက်လုပ်ငန်းအား ငွေကျပ် ၄ ဒသမ ၅ သန်းနှင့် ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာအုပ်စုရှိအိမ်ခြေ ၃၁ အိမ်အား အိမ်အရောက် ရေငုတ်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ရက် ၁၀၀ စီမံချက်အတွင်း ကျေးရွာပေါင်းခြောက်ရွာသို့ ရေပေးဝေရေးကွင်းဆင်းစစ်ဆေး

**မင်းတပ် မေ ၂၄**

မင်းတပ်မြို့နယ်အတွင်းရှိ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သည့် ကျေးရွာပေါင်းခြောက်ရွာအား ရက် ၁၀၀ စီမံချက်အတွင်း ရေပေးဝေနိုင်ရေးအတွက် မင်းတပ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးမှုများကို မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါရွေးချယ်ထားသည့် ကျေးရွာများမှာ လွှာကျေးရွာ၊ အမ်လောင်းကျေးရွာ၊ အုံးကျေးရွာ၊ ဟီးလောင်းကျေးရွာ၊ ပြုံးကျေးရွာနှင့် အထက်ဆာတူးကျေးရွာတို့ဖြစ်ပြီး ၎င်းရေပေးဝေနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးအရာရှိ ဦးထန်းအွမ်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ယင်းကျေးရွာများမှာ ပြင်ထိန်းလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းဖြစ်ကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အခက်အခဲများစွာရှိမည်ဖြစ်သော်လည်း ရက်ပေါင်း ၁၀၀ အတွင်း အပြီးအစီးဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ခရိုင်ဦးစီးအရာရှိ ဦးထန်းအွမ်က ပြောသည်။ **လိန်းဟုန်းမာန်(ပြန်/ဆက်)**

ကြေးမုံ
မေ ၂၅၊ ၂၀၁၆ (ဗုဒ္ဓဟူးနေ့)



၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

# စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့်အတူ ပြည်သူ့အတွက် တိုက်ရိုက်အကျိုးရှိစေမည့် ရက် ၁၀၀ စီမံချက်

သတင်းဆောင်းပါး - နေလင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်၊ အေးသန်း

**စားသောက်ကုန်၊ အထည်အလိပ်၊ ဆေးဝါးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍတို့တွင် လိုအပ်သည့် မော်တော်ယာဉ် အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်ယန္တရားနှင့် ဘိလပ်မြေများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ လျှပ်စစ်နှင့်ပတ်သက်သည့်ပစ္စည်းများကို စက်မှုဝန်ကြီး ဌာနက ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။**

ထို့အပြင် ရက်ပေါင်း ၁၀၀ အတွင်း စက်ရုံအလုပ်ရုံများဖွင့်လှစ်ခြင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း များ တိုးတက်ရရှိရေး၊ စွမ်းအင်ချွေတာထိန်းသိမ်း ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စက်ရုံစီမံကိန်းများတွင်ရှိသည့် အလုပ်ရုံများ ကို အပိုင်းလိုက် အပြီးသတ်အောင်ဆောင်ရွက် ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။

သို့သော် ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အမြတ် အစွန်းနည်းပါးပြီး အရှုံးပေါ်မှုများလည်း ရှိနေကာ အဆိုပါလုပ်ငန်းများကို ပြန်လည် ဆန်းစစ်မှုများ ပြုလုပ်သွားမည့်အပြင် တချို့ လုပ်ငန်းများကို ပြည်တွင်းပြည်ပလုပ်ငန်းရှင် များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွား ခြင်း၊ ကာလရှည်ငှားရမ်းခြင်းများ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

"ဒီစက်ရုံတွေထဲမှာ နိုင်ငံတော်အနေနဲ့ မဖြစ်မနေဆောင်ရွက်သွားရမယ့်လုပ်ငန်းတွေ ရှိမယ်။ ဥပမာ သံမဏိစက်ရုံလို ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် အဓိကအထောက်အပံ့ပေးနိုင် တဲ့ စက်ရုံမျိုးတွေ၊ ပြည်သူလူထုရဲ့ လိုအပ်ချက် ကို မဖြစ်မနေဖြည့်ဆည်းပေးရမယ့် ဆေးဝါး စက်ရုံလိုမျိုးတွေကို ဆက်လက်ပြီးအောင်မြင် အောင် ဆောင်ရွက်သွားမယ်။ အကျိုးအမြတ် မရှိနိုင်တော့တဲ့ စက်ရုံတွေကို နိုင်ငံတော် အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ပုဂ္ဂလိက ပိုင် ပြုလုပ်သွားမယ်။ ဒီလိုလုပ်တဲ့နေရာမှာ လည်း နိုင်ငံတော်ရဲ့မူဝါဒ၊ လုပ်ထုံးလုပ်နည်း တွေနဲ့အညီ ဆောင်ရွက်သွားမယ်။ ရှိပြီးဖြစ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကိုလည်း မဆုံးရှုံး စေဖို့နဲ့ ဝန်ထမ်းများ နစ်နာဆုံးရှုံးမှုမရှိစေဖို့ အတွက်လည်း အလေးထားဆောင်ရွက်သွား မယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က ပြောသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ပြည်ပမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ၏ အရည်အသွေးအပိုင်းနှင့် ဈေးနှုန်းအပေါ် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် တီထွင်ဆန်းသစ် မှုနှင့် ဈေးကွက်မြှင့်တင်ရေးအပိုင်းကို စက်မှု ဝန်ကြီးဌာနအနေဖြင့် အလေးထားနေသည် ကို တွေ့ရသည်။

ထို့အပြင် လယ်ယာနှင့်ပတ်သက်သည့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးကိုလည်း စက်မှုဝန်ကြီး ဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသလို အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာ တွင် ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းပေး နိုင်ရန် စက်မှုဝန်ကြီးဌာနမှ တစ်နေ့တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံကို ပုဂ္ဂလိကနှင့်အကျိုးတူ BOT စနစ်ဖြင့် တိုးချဲ့ဖွင့်လှစ်သွားမည် ဖြစ်သည်။

"နေပြည်တော် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးတွေမှာ အသုံးပြုနိုင်ဖို့ ပေးလှူသွားမှာဖြစ်သလို ပြည်သူတွေအတွက် တည်ဆောက်မယ့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွေရဲ့ ကုန်ကျစရိတ်လျှော့ချရေးမှာ အထောက်အကူပြုစေဖို့လည်း ရည်ရွယ်ပါ တယ်"ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

ကျန်းမာရေးကဏ္ဍအတွက် ဆေးဝါး ထုတ်လုပ်နေမှုနှင့်စပ်လျဉ်းပြီး ဝန်ကြီးက "ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍဖြစ်တဲ့ ဆေးဝါးထုတ်ကုန်တွေကို ပြည်သူ တွေကြားမှာ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာ တွင်တွင်ကျယ်ကျယ်သုံးစွဲနိုင်ဖို့ အတွက်လည်း ဦးစားပေးဆောင်ရွက်သွားမယ်။ ဆေးဝါးတွေ အတုအပထုတ်မရအောင်နဲ့ ပြည်သူတွေကြား ဈေးနှုန်းသက်သက်သာသာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် ဖြန့်ချိရေး စနစ်ကအစ ပြန်လည်သုံးသပ်သွားမယ်"ဟု ပြောသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ တွင် ကျရောက်သည့် သဘာဝဘေးအန္တရာယ် များကြုံလာပါက အရေးပေါ်စက်ရုံများမှ ထုတ် လုပ်သည့် လူသုံးကုန်ပစ္စည်းများကို သက်ဆိုင် ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကူညီ ထောက်ပံ့မှုများပြုလုပ်နိုင်ရန် စီမံဆောင်ရွက် ထားကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို တည်ထောင် ခဲ့ပြီး လိုအပ်သည့်မူဝါဒများချမှတ်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ငွေ ကြေးဆိုင်ရာ ကူညီထောက်ပံ့မှုကိစ္စများအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေးနှင့် ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ချေးငွေရရှိရေးတို့ပါ ဆောင်ရွက် ပေးခဲ့သည်။

"ငွေရေးကြေးရေးအပိုင်းမှာ လက်ရှိအနေ အထားက Credit Guarantee Insurance (CGI)ကို အသုံးပြုပြီး ငွေချေးတဲ့စနစ်ကို အသုံးပြုနေတယ်။ ဒီထက်ပိုကောင်းတဲ့စနစ် တွေကို အသုံးပြုနိုင်အောင်လည်း စီစဉ်ဆောင် ရွက်နေတယ်"ဟု ဝန်ကြီးကပြောသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်း အမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှု ဆိုင်ရာ အတတ်ပညာနည်းပညာသစ်များ တတ်မြောက်သည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးလျက်ရှိသည့်အပြင် စက်မှု အတတ်ပညာဝါသနာပါသည့် လူငယ်များကို လည်း သင်တန်းကျောင်းများဖွင့်လှစ်သင်ကြား ပေးပြီး အလုပ်အကိုင်ရရှိစေရေးအတွက်ပါ စက်မှုဝန်ကြီးဌာနက ဖန်တီးပေးလျက် ရှိသည်။ ■



စက်မှုဝန်ကြီးဌာန အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို တွေ့ရစဉ်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို။



စက်မှုဝန်ကြီးဌာန အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)မှ သံမဏိများထုတ်လုပ်နေမှုကို တွေ့ရစဉ်။

> ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အမြတ်အစွန်းနည်းပါးပြီး အရှုံးပေါ်မှုများလည်းရှိနေကာ အဆိုပါလုပ်ငန်းများကို ပြန်လည် ဆန်းစစ်မှုများ ပြုလုပ်သွားမည့်အပြင် တချို့လုပ်ငန်းများကို ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားခြင်း၊ ကာလရှည် ငှားရမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်



မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကို တွေ့ရစဉ်။



စက်မှုဝန်ကြီးဌာန မကွေးစက်မှုသင်တန်းကျောင်းတွင် သင်တန်းသားများ လက်တွေ့သင်ကြားနေစဉ်။



စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# ရက် ၁၀၀ စီမံချက်ဖြင့် မြေသားကန်များ ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ခရမ်း မေ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဒေသအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နွေရာသီတွင် သောက်သုံးရေပြတ်လပ်ရှားပါးမှုများနှင့် နှစ်စဉ်ကြုံတွေ့နေရသည့် ခရမ်းမြို့နယ်အရှေ့ခြမ်းကျေးရွာများဖြစ်သည့် ညောင်ပင်ကွင်းကျေးရွာ၊ ဘုရားပျို၊ အုန်းပင်ကျေးရွာများတွင် အများပြည်သူများ မှီခိုအားထားနေရသည့် သောက်သုံးရေကန်များမှာ ယခုနှစ်ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဒဏ်ကြောင့် ရေများခန်းခြောက်၍ သောက်သုံးရေများပြတ်လပ်မှု အခက်အခဲများ ကြုံခဲ့ကြရသည့်အတွက် လာမည့်နွေရာသီတွင် သောက်သုံးရေများပိုမိုသိုလှောင်နိုင်စေရန် ရေကန်ပေါင်များပြုပြင်၍ တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများကကြီးကြပ်ပြီး ဘုရားပျိုကျေးရွာတွင် ကုန်ကျငွေကျပ် ၃ ဒသမ ၅ သန်းဖြင့် သောက်သုံးရေကန်ကိုလည်းကောင်း၊ ညောင်ပင်ကွင်းကျေးရွာဦးဖော့လုံးတဲစုတွင် ကုန်ကျငွေကျပ် ၅ ဒသမ ၅၂ သန်းဖြင့် သောက်သုံးရေကန်ကို လည်းကောင်း၊ အုန်းပင်ကျေးရွာတွင် သောက်သုံးရေကန်ကို လည်းကောင်း ရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါကျေးရွာများမှ ရေကန်များ တူးဖော်ပေးမှုကြောင့် တူးဖော်ရရှိသည့် မြေသားများကို ကျေးရွာလမ်းများ၊ ရေကြီးနစ်မြုပ်တတ်သည့် အနိမ့်ပိုင်းလူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ကျောင်းပတ်ဝန်းကျင်ရှိ မြေနိမ့်ချိုင့်များတွင် စက်ယန္တရားအသုံးပြု၍ မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးလက်ပြည်သူများမှာ သွားလာရေးအတွက် လမ်းများကောင်းမွန်ခြင်း၊ ကျောင်းသူ ကျောင်းသားများ ရေကြီး၍ချိုင့်ကျင်းများထဲ ကျမှာစိုးရသည့်ဘေးမှ ကင်းဝေးစေပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်း၊ နှစ်စဉ်ရေကြီးနစ်မြုပ်မှုဘေးမှ ကင်းဝေးစေပြီး သောက်သုံးရေကန်များတူးဖော်ပြီး ပြုပြင်ပေးမှုကြောင့် ရေချိုများ ပိုမိုသိုလှောင်ထားရှိနိုင်ကာ လာမည့်နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု ကင်းဝေးရတော့မည့်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြမည်ဖြစ်ပြီး ယခုအခါ အဆိုပါရေကန် တူးဖော်ခြင်းလုပ်ငန်းများ အောင်မြင်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

❑

## ပြည်သူ့အတွက် ရက် ၁၀၀

☆ ပြည်သူ့အတွက် ရက် ၁၀၀
ဌာနတိုင်းမှာ ဆောင်ရွက်လာ
တိုင်းနှင့် ပြည်နယ်အနှံ့ပါ။
☆ တကယ်လုပ်တော့ အဟုတ်ဖြစ်
တို့နိုင်ငံရဲ့ စနစ်သစ်
ပြည်သူတွေလည်းချစ်။
☆ မနေ့ကနှင့် ဒီနေ့ဟာ
မတူကွဲပြားလာ
ရေသာခို အချောင်မလိုက်
ပြည်သူတွေလည်း လုံ့လစိုက်။
☆ ယနေ့ချိန်တွင်၊ တို့မျက်မြင်
ပြည်ခွင်ဖွံ့ဖြိုး၊ အလုတွေတိုး
ပြည်သူတွေရဲ့အကျိုး။ ။

**အေးသန်း(စိန်တုံးကြီး)**

# အင်းတော်မြို့နယ်ရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံကိန်းနှင့် ရဲလုပ်ငန်းဆိုင်ရာများ အသိပညာပေးရှင်းလင်း

**အင်းတော် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံကိန်းနှင့် ရဲလုပ်ငန်းဆိုင်ရာများ အသိပညာပေးရှင်းလင်းခြင်းကို မေ ၂၃ ရက်က အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေညွန့်က ရက် ၁၀၀ စီမံကိန်းနှင့် ရဲလုပ်ငန်းဆိုင်ရာများ အသိပညာပေးရှင်းလင်းပြောကြားသည်။

အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေညွန့်က "လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့်ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးမှု အခန်းကဏ္ဍမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေဟာ အထက်ကချမှတ်ပေးထားတဲ့ ရက် ၁၀၀ စီမံချက်အပြင် ပြည်သူနဲ့ပူးပေါင်းပြီးတော့ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး လုပ်ငန်းတွေကို ရက် ၁၀၀ တင်မကဘဲနဲ့ ရက် ၁၀၀ ပြီးဆုံးသွားရင်လည်း ဆက်လက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ပြီးတော့ ပြည်သူနဲ့လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် မြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ သတင်းမီဒီယာများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ဆောင်ရွက်မည့်အစီအမံ ရှင်းလင်း

**ဖောင်းပြင် မေ ၂၄**

ဖောင်းပြင်မြို့နယ်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ဆောင်ရွက်မည့် အစီအမံချပြရှင်းလင်းပွဲကို မေ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်နှင့် ဦးခင်မောင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်အေးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အသိပေးရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးကျင်စိန်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးခိုင်ကျော်စိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သော မူခင်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်ထွန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ဆွေက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဟန်ထွန်း)**



# ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား မှတ်ပုံတင်ကတ်များ ထုတ်ပေး

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက်ပေါင်း ၁၀၀ အတွင်း သစ္စာစီမံချက်ဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သောမှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးခြင်းကို မေ ၂၃ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူ အလုပ်သမားလူတန်းစားအသီးသီးကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခွင့်ရှိစေရန် စနစ်တကျစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအချို့၏စံနှုန်းနှင့်အညီ ဆောင်ရွက်ရာ၌ အားနည်းချက်၊ အားသာချက်များ ရှိလေ့ရှိသည့်အကြောင်းခြင်းရာများကို အကျယ်တဝင့် အသိပညာပေးပြောကြားခဲ့ရာ အခမ်းအနားသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အလုပ်သမားများက နှစ်ထောင်းအားရမှုရှိကြကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဇုန်ကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းရှင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့၊ စက်ရုံကိုယ်စားလှယ်၊ စက်ရုံဝန်ထမ်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်က ရက် ၁၀၀ သစ္စာစီမံချက်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မည့် အစီအမံများကို Power Point ဖြင့် စနစ်တကျရှင်းလင်းပြောကြားသည်။ ထို့အပြင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မို့မို့သွင်က ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် မှတ်ပုံတင်ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်ကောင်းများကို အသိပေးရှင်းလင်းပြောကြားသည်။

ယင်းအခမ်းအနား၌ပင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အလုပ်သမားအချို့၌ လိုအပ်ချက်ရှိနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သောမှတ်ပုံတင်များကို ထုတ်ပေးခဲ့ခြင်းနှင့်ဆက်စပ်၍ အလုပ်သမားအဖွဲ့ချုပ် AFFM မှ ထွေထွေအတွင်းရေးမှူး ဦးဇာနီသွေးက အလုပ်သမားများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# JICA ODA ချေးငွေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်

**လားရှိုး မေ ၂၄**
ရှမ်းပြည်နယ်မြောက်ပိုင်း၌ *JICA ODA* ချေးငွေဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း အဆင့်(၁)၏ ဆောင်ရွက်ချက်များမှ ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးရွာကိုးရွာအား ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင်စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

*JICA ODA Loan* ဖြင့် လားရှိုးမြို့နယ် လွယ်တောက်ကျေးရွာတွင် ဒီဇယ်စက်အမျိုးအစား *100KVA JCB (UK)* တစ်လုံး၊ မိုင်းယော်ကျေးရွာတွင် *300KVA Scania (UK)* တစ်လုံး၊ မန်ကောင်းကျေးရွာတွင် *50KVA JCB(UK)* တစ်လုံး၊ တန့်ယန်းမြို့နယ် လွယ်ပန်ကျေးရွာတွင် *150 KVA Lveco (UK)* တစ်လုံး၊ မိုးမိတ်မြို့နယ် မန်ကျီးပင်ကျေးရွာတွင် *300 KVA Scania (Sweden)*တစ်လုံး၊ မိုင်းငေါ့မြို့နယ် ကွန်ကောက်ကျေးရွာတွင် *150 KVA Lveco (UK)*တစ်လုံး၊ မိုင်းလုံမြို့နယ်ခွဲ မြို့ဟောင်းကျေးရွာတွင် *300 KVA Scania (Sweden)*တစ်လုံး၊ ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာတွင် *200 KVA Lveco (UK)*တစ်လုံး၊ သီပေါမြို့နယ် စိန်ကျော့၊ လွယ်မှူး၊ သီမွန်းကျေးရွာတွင် *100 KVA JCB(UK)* တစ်လုံး စုစုပေါင်း ကျေးရွာကိုးရွာအတွက် မီးစက်ကိုးလုံးကို မီးသုံးစွဲသူအိမ်ထောင်စု ၉၄၀ တို့အား *400V* ဓာတ်အားလိုင်းတစ်မိုင်စီဖြင့် ကျေးရွာပြည်သူများသို့ ညစဉ်နှစ်နာရီခန့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တစ်လလျှင် ဆီဂါလန် ၂၆၅၀ ကို သုံးစွဲရမည်ဖြစ်သည်။ ကျေးရွာပြည်သူများလျှပ်စစ်ဓာတ်အားကို ဇွန်လတွင်ရရှိသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# တင်ဒါဆောင်ရွက်မည့် ကုမ္ပဏီများအား လုပ်ငန်းဆိုင်ရာများ ရှင်းလင်း

**မုံရွာ မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအနက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် ကုမ္ပဏီများအား တင်ဒါစည်းကမ်းချက်များ ရှင်းလင်းချပြဆွေးနွေးခြင်းအခမ်းအနားကို မေ ၂၀ရက် နံနက် ၉ နာရီက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများအနက် တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ကုန်ကျစရိတ်သက်သာပြီး စွမ်းဆောင်ရည်ကောင်းမွန်ရန်၊ တင်ဒါသွင်းသူအားလုံး တင်ဒါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်သည့် အခွင့်အရေး တန်းတူညီမျှစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်ရည်ရွယ်ပြီး တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိစေရန် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကုမ္ပဏီများမှ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# သမဝါယမ တက္ကသိုလ် (စစ်ကိုင်း) ဆရာ၊ ဆရာမများ သင်ကြားမှု သင်ယူမှု စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**စစ်ကိုင်း မေ ၂၄**
သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက အဆိုပါတက္ကသိုလ် မြသရဖီခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီအေးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းတွင် တက်ရောက်သင်ကြားနေသော သင်တန်းသား၊ သင်တန်းသူများအနေနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် အလေးထားသင်ယူကြရန်နှင့် အချိန်နှင့်တိကျစွာ လုပ်ဆောင်သည့်အလေ့အကျင့်ကောင်းများ၊ စနစ်ကျပြီး စည်းကမ်းရှိသည့် အဖွဲ့အစည်းကောင်းများဖြစ်အောင် ဂရုပြု၍ လုပ်ဆောင်သွားကြရန် မှာကြားသည်။

အဆိုပါသင်တန်း၌ မန္တလေးတိုင်းဒေသကြီး သမဝါယမကောလိပ်နှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း)တို့မှ သင်တန်းသား၊ သင်တန်းသူ ၇၈ ဦး တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ မေ ၂၃ ရက်မှ မေ ၂၇ ရက်ထိ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမကောလိပ် ကျောင်းအုပ်ကြီးနှင့်သင်တန်းသား၊ သင်တန်းသူများ၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဆည်ကြီးချောင်း ရေကြီး၍ ဒေသခံပြည်သူများ အခက်အခဲကြုံတွေ့



**ကလေး မေ ၂၄**
ကလေးမြို့နယ် ကလေး-လက်ပံချောင်းကျေးရွာသွားလမ်းပေါ်ရှိ ဆည်ကြီးချောင်းသည် ချင်းတောင်တန်းပေါ်မှ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် မေ ၂၁ ရက် ညနေပိုင်းက တောင်ကျချောင်းရေများ ဒလဟောစီးဝင်နေရာမှ ချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါချောင်းရေကြီးမှုကြောင့် ကလေးမြို့ လှိုင်သာယာရပ်ကွက်သည် သောက်သုံးရေရရှိရေးအတွက် အရှည်ပေ ၁၈၀၀ ကျော်ရှိ ရေပေးမြောင်းဖောက်လုပ်ခဲ့သော မြောင်းပေါင်များ ရေတိုက်စားမှုကြောင့် ပျက်စီးသွားရာ ကတ္တရာလမ်းမကြီးပေါ်အထိ ရေများလျှံထွက်ကာ ယခုအချိန်တွင် လှိုင်သာယာရပ်ကွက်နေပြည်သူများသည် သောက်သုံးရေခက်ခဲလျက်ရှိသည့်အပြင် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက်လည်း အခက်ကြုံလျက်ရှိကြသည်။

ယင်းကြောင့် "အခုလို ဆည်ကြီးချောင်းရေကြီးပြီး ပြည်သူတွေအသုံးပြုတဲ့ ရေသွယ်မြောင်း ပြန်လည်ပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေပြန်လည်ရရှိနိုင်ဖို့အတွက်နဲ့ သောက်သုံးရေလည်း အရင်လို လုံလုံလောက်လောက် ပြန်လည်ရရှိနိုင်ဖို့အတွက်ကို ဒေသခံတောင်သူတွေအပါအဝင် ရပ်မိရပ်ဖတွေနဲ့ တွေ့ဆုံကြပြီးတော့ နည်းလမ်းကောင်းတွေ ရှာကြံတိုင်ပင် ဆွေးနွေးညှိနှိုင်းကြပါတယ်" ဟု လှိုင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေလ်အစ်က ပြောသည်။

ယင်းအပြင် ဆည်ကြီးကျေးရွာဘက်သွားသည့် ကျေးလက်ဒေသခံပြည်သူများမှာလည်း ဆည်ကြီးချောင်းရေကြီးခြင်းကြောင့် သွားလာရေးခက်ခဲလျက်ရှိကြရာ ချောင်းဖြတ်ကူးကြသည့် ပြည်သူများသည်လည်း ချောင်းဖြတ်ကူးရာတွင် လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ ဆိုင်ကယ်တစ်စီးလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် အကူအညီခေါ် ဖြတ်သန်းနေကြရကြောင်း သိရသည်။

**ဂျိုးနက်**

# လူမှုဝန်ထမ်းနှင့်ပတ်သက်သည့် အသိပညာဗဟုသုတရရှိစေရန် လူမှုရေးရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**လှိုင်ကော် မေ ၂၄**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယားပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးပြုလုပ်သော လူမှုရေးရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၂၃ ရက်ကလှိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် တက်ရောက်အဖွင့်အမှာစကားပြောကြားရာတွင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် လူမှုဝန်ထမ်းနှင့်ပတ်သက်သည့် အသိပညာဗဟုသုတ ရရှိစေရန် ယခုကဲ့သို့ လူမှုရေးပညာပေးဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးမည့် ဘာသာရပ်များမှာ ကလေးသူငယ်အခွင့်အရေးများ၊ အမျိုးသမီးအခွင့်အရေးများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာများ၊ မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတို့ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**လှိုင်ကော်ခရိုင်(ပြန်/ဆက်)**

# စည်းကမ်းမဲ့ရပ်နားထားသည့်ယာဉ်များကြောင့် ပြည်သူများ သွားလာရေး စိတ်အနှောင့်အယှက်ဖြစ်ရ

**မန္တလေး မေ ၂၄**
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အောင်နန်းရပ်သာအနောက်ရပ်ကွက် ဟသ်ာပြဒါးဝန်းအကွက် ၅၇၈ အရှေ့အနောက်သွားရပ်ကွက်လမ်းမကြီးမှာ ရပ်ကွက်နေပြည်သူများ နေ့စဉ်သွားလာအသုံးပြုနေသည့်လမ်းမကြီး ဖြစ်သည်။

ယင်းသို့ ရပ်ကွက်အတွင်းရှိပြည်သူများ သွားလာအသုံးပြုနေသည့်လမ်းမကြီးပေါ်တွင် လမ်းဘေးဝဲ၊ ယာရှိ နေအိမ်အချို့မှလူများသည် မိမိတို့၏အိမ်စီးကားများကို နေ့ရော၊ ညပါ လမ်းပေါ်၌ ရပ်နားထားမှုများရှိနေခြင်းကြောင့် ရပ်ကွက်နေပြည်သူများ သွားလာရာတွင် အဆင်မပြေမှုများနှင့် နေ့စဉ်ကြုံတွေ့နေရကြောင်း ယင်းရပ်ကွက်အတွင်းရှိ ပြည်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ရပ်ကွက်မှာရှိတဲ့ပြည်သူများက ဒီဟသ်ာပြဒါးဝန်း အကွက် ၅၇၈ အရှေ့အနောက် လမ်းမကြီးကို နေ့စဉ်သွားလာပြီးတော့ အလုပ်လုပ်ကြရပါတယ်။

'ဒါပေမယ့် အိမ်ရှင်အချို့က သူတို့ရဲ့အိမ်စီးကားများကို နေ့ရော၊ ညပါ လမ်းဘေး ဝဲ၊ ယာတွေမှာ ရပ်နားထားတာတွေ တွေ့မြင်နေရပါတယ်။ ဒီလို အများသူငှာ သွားလာအသုံးပြုနေတဲ့လမ်းမကြီးပေါ်မှာ ကားတွေကို အချိန်ပိုင်းရပ်နားထားတာမျိုးဆိုရင် အကြောင်းမဟုတ်ပေမယ့် နေ့ရော၊ ညပါ ရပ်နားထားတော့ ပြည်သူများအတွက် အခုဆို သွားလာရေးအခက်အခဲများနဲ့ကြုံတွေ့နေရပါတယ်။ ဒါကြောင့် ဟသ်ာပြဒါးဝန်းအကွက် ၅၇၈ အရှေ့အနောက်သွား လမ်းမကြီးဘေးဝဲ၊ ယာရှိ နေအိမ်အချို့မှ အိမ်စီးကားပိုင်ရှင်များအနေဖြင့် ရပ်ကွက်နေပြည်သူများ သွားလာရေး အဆင်ပြေအောင် စနစ်တကျ ရပ်နားထားတာမျိုးဖြစ်စေလိုကြောင်း၊ ယင်းသို့ စနစ်တကျ ရပ်နားခြင်းမရှိ၍ လမ်းသွားလမ်းလာပြည်သူများနှင့် နေ့စဉ် အချင်းချင်းစကားများနေရသည့်အပြင် ရပ်ကွက်အတွင်း မီးရေး၊ ထင်းရေးကိစ္စများ ပေါ်ပေါက်လာပါက သွားလာရေးအဆင်မပြေသည့်အတွက် ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း" ယင်းရပ်ကွက်မှ ဒေသခံပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ရေအလှူပေးသူ၊ ဝိုင်းကူသူများကြောင့် အယ်နီညိုကို ဖြတ်သန်းနိုင်ခဲ့




ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောင်ဗုတ်ကျေးရွာ၌ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့စဉ်။

**à အောင်ထွန်း**

အယ်နီညိုကာလ၌ မြန်မာနိုင်ငံသားများ အားလုံး အပူဒဏ်ကိုခံစားကြရသည်။ အပူရှိန် တဖြည်းဖြည်းတိုမြင့်လာချိန်တွင် နိုင်ငံအနှံ့ အပြားရှိ ရေတွင်း၊ ရေကန်များ ခန်းခြောက် လျော့နည်းလာသလို မြေအောက်ရေရရှိမှု လည်း တဖြည်းဖြည်းလျော့နည်း လာသည့် အတွက် အညာဒေသတစ်ဝိုက်၊ ပဲခူးတိုင်း ဒေသကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ တွင် သောက်သုံးရေပြတ်လပ်မှု အခက်အခဲ များ ကြုံတွေ့ခဲ့ရသည်။ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှလည်း ငွေကြေးအမြောက်အမြား အကုန်ကျခံကာ ကျေးရွာများအရောက် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သလို ဌာနဆိုင်ရာများ၊ ပြည်သူ့ရဲတပ်ဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ ပရဟိတအဖွဲ့စုံတို့ ကလည်း လက်လှမ်းတမီ ကျေးရွာများသို့ သွားရောက်လှူဒါန်းကြသည်ကို နေ့စဉ်အမျှ ကြားသိရ၍ အလှူရှင်များနှင့် လိုက်ပါကူညီ သူများအားလုံးကို ကျေးဇူးတင်စကားပြော ချင်ပါသည်။ ဤသို့ ဝိုင်းကူညီမှုများကြောင့် လည်း သတင်းဆိုးများ မကြားရခြင်းသည် လည်း မင်္ဂလာပင်ဖြစ်ပါသည်။

စာရေးသူသည် မေ ၁ ရက်က ရှမ်းပြည် နယ်(တောင်ပိုင်း)သို့ ခေတ္တရောက်ရှိစဉ် ရှမ်းပြည်နယ် နေရာအနှံ့အပြား၌လည်း သောက်သုံးရေရှားပါးမှု ကြုံတွေ့ရကြောင်း၊ တစ်ကြိမ်တစ်ခါမှ ရေမခန်းဘူးသည့် တောင်ကြီးမြို့ ဂနိုင်ရေလှောင်ကန်မှာ ရေ တစ်စက်မှ မရှိတော့ကြောင်း ကိုယ်တိုင်မြင် တွေ့ခဲ့ရသည်။ သို့သော် ဌာနဆိုင်ရာများနှင့် အလှူရှင်တို့ကြောင့် သောက်သုံး ရေအဆင် ပြေကြောင်းကိုလည်း ဒေသခံတို့၏ ပြောစကား အရ သိရသည်။ သတင်းရယူရန် ဘော်ဆိုင်း ဒေသသို့ ရောက်ရှိချိန် ဒေသခံများနှင့် တွေ့ ဆုံရာတွင် "ဘော်ဆိုင်းဒေသမှာ ရေထွက်အား တော့နည်းတယ်။ သို့သော်လည်း ရေပြတ်လပ် မှုမရှိသေးပါဘူး၊ အဝီစိတွင်းတွေကနေ တစ် ရက်နှစ်ကြိမ် သောက်သုံးရေတွေပေးနေပါ တယ်။ ဒီစက်ရေတွင်းများကိုတော့ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ကတူးဖော်ပေးထားတယ်။ အခုလည်း အင်္ဂလန်နိုင်ငံမှ ဒေါ်လာတစ်သန်းကျော်တန် DANDOO စက်သစ်ကြီးနဲ့ ဘုန်းကြီးကျောင်း မှာ တူးနေတယ်" ဆိုသည့် သတင်းကိုကြားသိရ သည်နှင့် တူးဖော်နေသည့် ဘုန်းကြီးကျောင်း ဝင်းသို့ စာရေးသူတို့ သွားရောက်ခဲ့သည်။

တွင်းသစ်တူးဖော်နေသည့် နေရာ အရောက်တွင် လာရောက်ကြီးကြပ်လုပ်ကိုင် ပေးနေသည့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများဖြစ် သော ဒေါ်ခင်ဝင်းရီ၊ ဦးကျော်ကျော်စိုးတို့နှင့် သတင်းထုတ်ပြန်နိုင်ရန် အချက်အလက် များ မေးမြန်းအပြီးတွင် ဦးကျော်ကျော်စိုးက 'ဖောင်ဒေးရှင်းဥက္ကဋ္ဌနဲ့ တွေ့ပေးပါမယ်။ သိ လိုတဲ့အကြောင်းအရာတွေလည်း မေးနိုင်ပါ တယ်' ဆိုတော့ စာရေးသူတို့အဖွဲ့ သိချင်တာ လေးတွေ ပြည့်စုံအောင် မေးခွင့်ရခဲ့သည်။

စာရေးသူတို့တွေ့တွေ့ချင်း တစ်ဦးနဲ့ တစ်ဦး မိတ်ဆက်စကားပြောကြပြီး ကမ္ဘောဇအနာ ဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါ်နန်းလိုင်းခမ်းအား ဖောင် ဒေးရှင်းဖြစ်တည်လာပုံနှင့် ယခုအယ်နီညို ကာလရေအလှူများ ပေးခဲ့သည့်အကြောင်း နှင့် ဆက်လက်လှူဒါန်းမည့်အကြောင်းများ မေးမြန်းဖြစ်ခဲ့ရာ စိတ်ရှည်စွာ ဖြေကြားသည် များကို ဖော်ပြသွားပါမည်။

"ကျွန်မတို့ ကမ္ဘောဇအနာဂတ်အလင်း တန်းမြန်မာဖောင်ဒေးရှင်ကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ဖွံ့ဖြိုးမှုနည်းပါးသော လူမှုဝန်းကျင်မှ ပြည်သူများ၏ ဘဝများစွာ ကို မြှင့်တင်ပေးနိုင်ရန်နှင့် လူမှုရေးအကျိုး ပြုလုပ်ငန်းများကို ရေရှည်ဆောင်ရွက်သွား နိုင်ရန် အဓိကရည်မှန်းချက် ချမှတ်ဆောင် ရွက်ခဲ့ပါတယ်။ ရည်မှန်းချက်များကို အောင် မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းငါးရပ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါ တယ်။ ပထမအချက်ကတော့ သဘာဝဘေး အန္တရာယ်ကျရောက်ပါက အချိန်နှင့် တစ် ပြေးညီ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဒုတိယအချက်ကတော့ အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုပညာ ပေးခြင်းနဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တတိယအချက်ကတော့ ပတ်ဝန်းကျင်စိမ်း လန်းစိုပြည်စေဖို့ ဆောင်ရွက်ခြင်း၊ စတုတ္ထ ကတော့ လူငယ်များအတွက် ပညာရေးပံ့ပိုး ရန် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ နောက်ဆုံး ပဉ္စမအချက်ကတော့ လူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို အခြေခံပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

"ကျွန်မတို့ ကမ္ဘောဇအနာဂတ်အလင်း တန်းဖောင်ဒေးရှင်က ဆောင်ရွက်ခဲ့တဲ့ လူမှု ပရဟိတလုပ်ငန်းများစွာထဲက ဂုဏ်ယူဝမ်း မြောက်သာစုခေါ်စရာ အကောင်းဆုံးလုပ်ငန်း ကတော့ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ခြင်းဖြစ်ပြီး အကောင်အထည် ဖော်တဲ့အခါမှာ သောက်သုံးရေရှားပါးခက်ခဲ မှုနဲ့ ကြုံတွေ့နေရတဲ့ မြန်မာနိုင်ငံနေရာအနှံ့ အပြားမှာ နေထိုင်တဲ့ ပြည်သူတွေအတွက် သန့်ရှင်းသော သောက်သုံးရေပြည့်စုံဖူလုံစွာ ရရှိသုံးစွဲနိုင်ဖို့ ရည်မှန်းပြီး ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ စတင်ကာ Water Supply Project ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါ တယ်။ သောက်သုံးရေရှားပါး ခက်ခဲတဲ့ ရှမ်းပြည်နယ်(တောင်းပိုင်း)ကစပြီး အခြား သောက်သုံးရေ ရှားပါးဒေသများကိုလည်း ခေတ်မီရေတူးစက်ကြီး ခြောက်စီးနဲ့ စက်ရေ တွင်းများ တူးဖော်လှူဒါန်းပေးခဲ့ပြီး တူးဖော် ပြီးထွက်ရှိလာတဲ့ရေကို အဆင်ပြေလွယ်ကူ စွာ သုံးစွဲနိုင်ရေးအတွက် အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ သဘာဝရေကန်များ အား အဆင့်မြှင့်ပြန်လည်ဆယ်ယူပေးခြင်း တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်မတို့ ဖောင်ဒေးရှင်းက ၂၀၁၄ ခုနှစ်မှ အခု ၂၀၁၆ ခုနှစ် ဧပြီလအထိ နှစ်နှစ်ကျော်ကာလ အတွင်း မှာ မြန်မာနိုင်ငံအတွင်း ရေရှားပါးဒေသအနှံ့ အပြားအတွက် ကျပ်ငွေ ၆ ဒသမ ၅ ဘီလီယံ ကျော် အကုန်အကျခံ သုံးစွဲလှူဒါန်းခဲ့ပြီး စက်ရေတွင်းပေါင်း ၁၀၉ တွင်းကို အောင် မြင်စွာ တူးဖော်လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။

"ကျွန်မတို့ စက်ရေတွင်းတူးဖော်ပေးမှု အထဲက ကျေနပ်မှုအပြည့်ဝဆုံးနဲ့ ဝမ်းသာ ဆုံးတစ်ခုကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) ဘော်ဆိုင်းဒေသ ရပ်ကွက်ကိုးရပ်ကွက်မှာ စက်ရေတွင်း ၄၀ ကျော်ကို တူးဖော်ပေးခဲ့ရာမှာ စက်ရေတွင်း ၁၉ တွင်းဟာ ရေထွက်ရှိမှု အား ကောင်းပြီး မမျှော်လင့်ထားတဲ့ အောင်မြင်မှု ရခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီ ဘော်ဆိုင်းဒေသဟာ ခေတ်အဆက်ဆက် သန့်ရှင်းတဲ့ သောက်သုံးရေကို မရခဲ့ပါဘူး။ ဘူမိဗေဒပညာရှင်တွေက ထုံးကျောက်များ ပေါကြွယ်ဝပြီး သဘာဝအရ မြေအောက်ဂ လိုဏ်များ ကျောက်သားပြင်များ၊ ဓာတ်သတ္တု ကြောများရှိတဲ့ အတွက်ကြောင့် ရေမရနိုင်ဘူး လို့ သုံးသပ်ခဲ့ကြတယ်။ UNDP ကလည်း စက် ရေတွင်း ကြိုးစားတူးဖော်ခဲ့ပေမယ့် မအောင် မြင်ခဲ့ပါဘူး။ ၂၀၁၀ ခုနှစ် နွေရာသီ ကာလမှာ တော့ အဲ့ဒီဘော်ဆိုင်ဒေသမှာ ရေအခက်အခဲ အကြီးအကျယ်ကြုံတွေ့ရချိန်မှာ ကျွန်မတို့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင် ဒေးရှင်းနာယကကြီး ဦးအောင်ကိုဝင်းက သိရှိ သွားပြီး ဘော်ဆိုင်းဒေသကို ရေသယ်ကား ကြီးတွေနဲ့ နေ့စဉ်ရေအလှူပြုလုပ်ခဲ့ပါတယ်။

အသင်းနာယကကြီးက ဒီလိုနှစ်တိုင်း ရေ ရှားပါးမှုကြုံလာရင် ရေပေးဝေလှူဒါန်းနေ တာထက် ရေကောင်းရေသန့်ရရှိအောင် စက် ရေတွင်းတွေတူးဖော်ပေးနိုင်ရင် အကောင်း ဆုံးပဲလို့ ဆုံးဖြတ်ပြီး ရေအရင်းအမြစ်အသုံးချ ရေးဦးစီးဌာနနဲ့ ချိတ်ဆက်ညှိနှိုင်းပြီး ဆောင် ရွက်ပေးခဲ့တာပါ။ ရေအရင်းအမြစ်အသုံးချ ရေးဦးစီးဌာနပိုင် တွင်းတူးစက်တွေနဲ့ ဖောင် ဒေးရှင်က ငွေကြေးအကုန်ကျခံပြီး တွင်းပေါင်း ၄၀ ကျော်ကို နေ့မအား ညမနားတူးဖော်ပေး ခဲ့ပြီး ရေလှောင်ကန် ၆၀ ကျော်၊ ရေတိုင်ပေါင်း ၁၇၀ ကျော်နဲ့ မိုးရေထိန်းရေကန်တွေ တူး ဖော်ပေးခဲ့တဲ့အပြင် ရေပေးဝေရေး စီမံကိန်း အတွက် ဘုန်းကြီးကျောင်းတွေ၊ သီလရှင် ကျောင်းတွေ၊ တရားရိပ်သာတွေ၊ ဓမ္မာရုံတွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေနဲ့ ကျေးရွာ တွေအရောက် ပေးဝေနိုင်ခဲ့ပါတယ်။ ရှမ်း တောင်မှာ ဓနု၊ တောင်ရိုး၊ ပအိုဝ်၊ မြန်မာနဲ့ ရှမ်းတိုင်းရင်းသားတွေ နေထိုင်ရာ ဟဲဟိုး၊ အောင်ပန်း၊ ကလော၊ ပင်းတယဒေသ၊ ပအိုဝ် တိုင်းရင်းသားများ အများဆုံးနေထိုင်ရာ ဟိုပုံး၊ နောင်တရားဒေသ၊ ရှမ်း၊ ပလောင်တိုင်း ရင်းသားများနေထိုင်ရာ နမ့်စန်မြို့၊ အင်းသား များအများဆုံးနေထိုင်ရာ ညောင်ရွှေဒေသ၊ ရှမ်း၊ ဓနု၊ ပအိုဝ်၊ အင်းသား တိုင်းရင်းသားများ နေထိုင်ရာ တောင်ကြီးမြို့နှင့် တောင်ရိုး တိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာများ တွင် သောက်သုံးရေသန့် ဖူလုံစွာ သုံးစွဲနိုင် ရေးအတွက် ရေကန်ကြီးရေကန်ငယ်ပေါင်း ၈၂ ကန်၊ ရေစက်တိုင်ပေါင်း ၂၃၆ တိုင် တည်ဆောက်လှူဒါန်းခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် စက်စက်ယိုကျေးရွာ (ခေါ်) သျှောင်ပေစူးကျေးရွာ၌ ကျော်သူ ပရဟိတကွန်ရက်အဖွဲ့နှင့် ပူးပေါင်း၍ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင် ဒေးရှင်းက ကျပ်သိန်း ၂၅၀၀ ကျော် ကမကထ ပြုလှူဒါန်းမှုနဲ့ စက်ရေတွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး အပါအဝင် ကျေးရွာများတွင် စက်ရေတွင်း ၁၂ တွင်း တူးဖော်လှူဒါန်းပေး နိုင်ခဲ့ပါတယ်။ ညောင်ဦးခရိုင် မန်ကျည်း ရွှေကန်တော်ကြီးဆည် တူးဖော်ရေး စီမံကိန်း ကိုလည်း ဆောင်ရွက်လျက်ရှိကာ ယင်းဆည် ပြီးစီးပါက ရေဂါလန် ၁၄ သိန်းကျော် သိုလှောင် ထားနိုင်ပြီး ပိုလျှံသောရေများကို စက်စက်ယို ကျေးရွာအနီးရှိ ရွာကြီးငါးရွာကို ရေပေးဝေ သွားနိုင်ပါတယ်။ ရှမ်းတောင်ပိုင်းမှာဆိုရင် လည်း အောင်ပန်းမြို့ရှိ မင်္ဂလာကန်၊ သားမိုင်း ဆည်တို့ကို ပြုပြင်ကန်ဆယ်ခြင်း၊ ပဲခူးတိုင်း ဒေသကြီး ကဝမြို့နယ် သပြေကန်အသင်း ကျေးရွာရှိ ရေကန်ကြီးအား ပြန်လည်ဆယ် ယူတူးဖော် ခဲ့ပါတယ်။

ယခုနှစ် နွေရာသီ အယ်နီညိုတော့ ရေရှား ပါးပြတ်လပ်ကာ အခက်အခဲဖြစ်နေတဲ့ အထက်မြန်မာပြည် အညာဒေသများ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီးရှိ ကျေးရွာများ၊ မြန်မာနိုင်ငံအနှံ့အပြား ရေရှားပါးရာ ဒေသများ အရောက် ရေသယ် ယာဉ် ၄ ၃ စီးနဲ့ သောက်သုံးရေသန့်များ သယ် ယူ၍ ကမ္ဘောဇဘဏ်ခွဲများမှ တစ်ဆင့် ဖြန့်ဝေ ပေးခဲ့ကာ ပရဟိတအဖွဲ့အစည်းများမှလည်း တဆင့် ဖြန့်ဝေပေးခဲ့ပါတယ်။ ရေသယ်ယာဉ် အမျိုး အစားအလိုက် တစ်စီးလျှင် ရေဂါလန် ၁၅၀၀ မှ ၃၅၀၀ ထိ သယ်ဆောင်နိုင်ခဲ့ပါတယ်။ ဖောင်ဒေးရှင်းကနေ ရေခ၊ ကားအတွက် ဆီခ၊ ယာဉ်မောင်းအတွက်ပါ အားလုံး တာဝန် ယူပါတယ်။ ဖြန့်ဝေရေးကိုတော့ မြို့၊ ကျေးရွာ များမှ ဒေသခံစေတနာရှင်များက ပူးပေါင်း သယ်ယူ ဖြန့်ဝေပေးပါတယ်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းအနေနဲ့ အမှန်တကယ် ရေရှား ပါးသော ဒေသများအတွက် သန့်ရှင်းသော သောက်သုံးရေများရရှိအောင် တူးဖော်လှူ ဒါန်းပေးနေပါတယ်။ စက်ရေတွင်း တူးဖော်ရန် လိုအပ်ပါက တူးဖော်မည့်ဒေသ၏ သမိုင်း နောက်ခံအခြေအနေ၊ လက်ရှိသုံးစွဲရရှိမှု အခြေ အနေ၊ ရပ်ကွက်၊ ဒေသ၊ ကျေးရွာ၏ အိမ်ခြေ၊ လူဦးရေ အချက်အလက်များကို ဖော်ပြပြီး တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂလိက (သို့ မဟုတ်) အဖွဲ့ အစည်း၏ သုံးသပ်ချက်၊ အကြံ ပြုချက်များနှင့်အတူ ကမ္ဘောဇ၏ အနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း အမှတ်- ၆၁၅/၁၊ ပြည်လမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟု လိပ်မူ၍ ဆက်သွယ်ဆောင် ရွက်နိုင်ပြီး ဖောင်ဒေး ရှင်းက စိစစ်ကူညီပေး သွားပါမယ်" ဟု ဖြေကြားခဲ့သည်။

ဖြည့်စွက်ပြောကြားသည်မှာ "ကျွန်မတို့ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းရဲ့ လူမှုဝန်းကျင် တိုးတက်ဖွံ့ဖြိုး နေရေးဆောင်ရွက်မှုများနဲ့ ထူးခြားသာ လွန်ကောင်းမွန်သော အခြား လူမှုပရဟိတ ဆောင်ရွက်မှုများ အတွက် ၂၀၁၅ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ချီးမြှင့်တဲ့ နိုင်ငံစွမ်းဆောင် ရည်ဆု (နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေး အကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်း အဖွဲ့ဆု)ကို လက်ခံရရှိခဲ့ပါတယ်။ နောက်ဆုံး တစ်ခုကတော့ အင်္ဂလန်နိုင်ငံ လန်ဒန်အခြေ စိုက် Euromoney အဖွဲ့အစည်းက ချီးမြှင့် တဲ့ လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်း ဆုံးဆု (Euromoney Achievement Award for CSR) ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ မှာ လက်ခံရရှိခဲ့ပါတယ်။ ရှေ့ဆက်လက် ပြီးလည်းနိုင်ငံသူ၊ နိုင်ငံသားတွေအတွက် လို အပ်လာရင် အဘက်ဘက်မှ ကူညီသွားဖို့ ဆုံး ဖြတ်ထားပါတယ်"ဟု ရှင်းပြခဲ့သည်။

ယခုကဲ့သို့ အကျယ်တဝင့် ဖြေကြားရှင်း လင်းခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဖြစ်သူ ဒေါ်နန်း လိုင်းခမ်းကို ကျေးဇူးတင်စကားပြောကြား၍ တောင်ကြီးသို့ ထွက်ခွာလာခဲ့သည်။

မြန်မာနိုင်ငံသည် ယခင်က သဘာဝဘေး ဒဏ်ကျရောက်မှု အနည်းဆုံးနိုင်ငံဖြစ်ခဲ့သလို ယခုသစ်တောများ ပျက်ပြုန်းခြင်းကြောင့် သဘာဝဘေးကို မကြာမကြာ ကြုံတွေ့နေရ သည်ကို ကြားမြင်သိရသည့်အတွက် လွန်စွာ ဝမ်းနည်းဖွယ်ဖြစ်ပေသည်။ သို့သော် လှူဒါန်း မှုတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများက အရက် ရောဆုံး လှူဒါန်းကြသဖြင့် နိုင်ငံတကာမှ လည်း မြန်မာနိုင်ငံကို ချီးကျူးဂုဏ်ပြုသည်မှာ ဂုဏ်ယူစရာပင်။ ယနေ့အချိန်တွင် ပြည်သူ၊ ပြည်သားများ စုပေါင်းလှူဒါန်းမှုကြောင့် အယ်နီညိုကာလကို ဖြတ်သန်းနိုင်ခဲ့ပြီဟုထင် မြင်မိပါသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် လယ်ခေါင်ကျေးရွာမှ တိုင်းရင်းသူများက အလှူရှင်များလာရောက်လှူဒါန်းသည့် သောက်သုံးရေသန့်များကို တစ်ပိုင်တစ်နိုင် သယ်ယူနေစဉ်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ(၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ကြမ်းခင်းဈေး | - | တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက်မနိမ့်သောဈေး |
| တင်ဒါပိတ်ရက်နှင့် အချိန် | - | ၁၇-၆-၂၀၁၆(၁၆း၃၀)နာရီ |

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ၀၆၇-၄၀၉၃၇၈နှင့် ၀၆၇-၄၀၉၀၀၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

## ဝန်ထမ်းအမြန်အလိုရှိသည်

အမှတ်(၁၇၆/၁၇၈)၊ 7th Floor, ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။
Email: hrm.kinetic@gmail.com

မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် တာဝန်ထမ်းဆောင်ရန် ဒေသခံဝန်ထမ်းများ အမြန်အလိုရှိသည်။

| | | |
|---|---|---|
| B.E, Tech, AGTI (Power/ EC/ Mechatronic), Any Graduate (Technician) | Males | (60) Posts |
| Accountant B.Com(or)Any Graduate, LCCI Level I, II | Mael/Female | (2) Posts |

(ဒေသခံဝန်ထမ်းများဦးစားပေးမည်။)

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၄)လုံး ဆောက်လုပ်ရန်ရှိသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ၃၀-၅-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၈-၆-၂၀၁၆ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ (၀၇၄-၂၉၂၆၂)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၇/၂၀၁၆)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-008(16-17) | Piston Rubbers For F-1600 Rig Pump Ex ZJ 70 L Drilling Rigs (3)Items | US$ |
| (၂) | IFB-009(16-17) | 4" ERW Steel Line Pipe, API 5L, Grade A 10,000 MTR | US$ |
| (၃) | DMP/L-007(16-17) | Server Computer (DAQ) and UPS (2 KW) (2)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။


၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၁၆ရက်(၁၆း၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆










## " ပိုင်ရှင်ကိုယ်တိုင် ရောင်းမည် "

သန်လျင်၊ အမှုထမ်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်းမကြီးအနီး၊ မြေဧရိယာ ၀.၈၃၅ ဧက၊ ရေ ၊ မီး၊ အုတ်တံတိုင်းခတ်၊ ဂိုဒေါင်သုံးလုံးပါ၊ 3B လိုင်စင်မြေ ရောင်းမည်။ [ ဈေးနှုန်း - ၉၉၀၀ သိန်း ညှိနှိုင်း။]

**အကျိုးဆောင်လိုသည် (၂ % ပေးမည်)**

ဆက်သွယ်ရန် ဖုန်း - 099 75844750, 09 49347649

အမေရိကန်ကောလိပ်နှင့်တက္ကသိုလ်များ၊ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) နှင့် စင်ကာပူ၊ထိုင်း အင်ဂျင်နီယာကျောင်းများ၊ ဩစတြေးလျတက္ကသိုလ်များ၊
အင်္ဂလန်ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာတက္ကသိုလ်များပါဝင်ကာ တက္ကသိုလ်ပေါင်း(၁၀၀) ကျော်၏ သတင်းအချက်အလက်များရယူနိုင်မည့်

# "၂၀၁၆ - နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲကြီး"



CROWN EDUCATION
Award Winning Company

**27 May(Fri)**
10:00 am - 2:00 pm
SUMMIT PARKVIEW HOTEL
(BALLROOM)

- စာသင်(၆)လ၊ အလုပ်သင်(၆)လ တက်ရောက်နိုင်သော ဟိုတယ်ခရီးသွားဆိုင်ရာကျောင်းများ
- GCE A Level/SAT/GMAT/GRE ရမှတ်များ တင်ပြရန်မလိုဘဲ လျှောက်ထားနိုင်သော တက္ကသိုလ်များ
- M.B.B.S ဘွဲ့ရများအတွက် ဘွဲ့လွန်ဆေးပညာဘာသာရပ်များ
- ပြည်တွင်း M.B.B.S ဘွဲ့အမှတ် မမီသူများအတွက် နိုင်ငံတကာ M.B.B.S တိုက်ရိုက်သင်ယူနိုင်မည့်ကျောင်းများ
- Civil Engineering / Architecture သင်ယူနိုင်သောကျောင်းများ
- ဘွဲ့တစ်ခုခုရရှိထားသူများအတွက် အထူးပြုဘာသာရပ်များ စိတ်ကြိုက်ရွေးချယ်နိုင်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်မည့် MBA
- ဆယ်တန်းအောင်နှင့် IGCSE အောင် ကျောင်းသားကျောင်းသူများအတွက် နှစ်သက်ရာဘာသာရပ်အစုံအလင် ရွေးချယ်နိုင်သည့် Diploma နှင့် Foundation Program များ

ပွဲတက်ရောက်သူများ ဖြိတ်သျှကောင်စီနှင့် CROWN Educationတို့မှ ပေးအပ်မည့် 100% IELTS ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။

CALL US : 01 527 838 - 09 732 732 77 - 09 730 40 688 - 09 450 200 090

ဩစတြေးလျ နိုင်ငံ အစိုးရတက္ကသိုလ်ကြီး James Cook University ၏ Singapore Campus တွင် ဘွဲ့ဒီဂရီများကို
တက်ရောက်သင်ယူလိုသည့် ကျောင်းသားကျောင်းသူများအတွက် ဘာသာရပ်များဆိုင်ရာ ဆွေးနွေးပွဲ



**Pathway Programs**
- English Language Preparatory Program (ELPP)
- Pre -University Foundation Program

**Joint Degrees**
- Master of Professional Accounting & MBA
- Master of Information Technology & MBA
- Master of Int'l Tourism and Hospitality Mngmt & MBA

JCU SINGAPORE

**Bachelor & Master Programs**
- Business
- Accounting
- Psychology
- Education
- Marketing
- Information Technology
- Sports & Events Management
- Environmental Science
- Financial Management
- Hospitality & Tourism Management

Application Fees Waiver

Thursday 26 MAY
ပညာရေးဆွေးနွေးပွဲ
ညနေ(၄း၀၀)မှ (၆း၀၀) အထိ၊
AT&S လမ်းမတော်ရုံး

၀၉ – ၅၀၆၂၀၇၁၊ ၀၉ – ၅၁၂၄၇၆၁
၀၉ – ၇၉၅၉၅၁၇၈၇
AT&S
/eduGlobalVillage
အမှတ် ၆၇ (မြေညီထပ် – ယာ)၊
ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ...
09-43117680, 09-5059821

မြတ်သဒ္ဒါ
အရှေ့ ပိုင်း တောင်ပိုင်း
မြောက်ပိုင်း ဆိပ်ကမ်း
09 5014601, 09 8616567.

ခိုင်မြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-730 97123

MONSOON PROMOTION 1st May to 30th Jun
အသုံးပြုနိုင်သည့် နည်းလမ်းများ - Hire Purchase • Rental • Lease • Trade-in

KONICA MINOLTA
Authorized Business Partner
GANDAMAR
Business Solutions



Best Seller
bizhub 164
B/W A3
Multifuntion Copier
3 Year Unlimited Onsite Service
~~USD-710~~ USD-667



FREE
MONO LASER PRINTER (1500W)



Best Seller
bizhub C221
Color A3
Multifuntion Copier
3 Year Unlimited Onsite Service
USD 184 / mth
OR
~~USD-2,750~~ USD-2,650



FREE
Page Pro 5650DN
HI-SPEED
MONO LASER
PRINTER

09-253547980, 09-253547981, 01-383932, 01-383934

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး




LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၀၀ တဆဆလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.02

Home
Think of House, Think of Home
Readymade Floor Promotion



ပါကေးအစားထိုး ကြမ်းခင်း
BUY → GET 1 Box !!
ကြမ်းခင်း ဝယ်လျှင် 3 ကျင်း
လက်ဆောင်
လက်ဆောင် အရေအတွက် ၃၀ ခုအထိသာ
** Selected items only

Home
Think of House, Think of Home
ဂျက်ဆင်ဘုတ်အစားထိုး ရေစိမ့်/ရေစိုခံ
နံရံကာ နှင့် မျက်နှာကြက် → GET 1 Free
၃ ကျင်း ဝယ်





အိမ်တွင်း အလှဆင်ပန်းပင်
လက်ဆောင် ၂၀ ခု အထိသာ
** Selected items only

Branch Showroom ➤ အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

ဒီဇယ်မောတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

ဒဂုံမြို့သစ်
အရှေ့ပိုင်း
အိတ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
စျေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

PUN HLAING SILOAM HOSPITALS
ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍
ကုသပေးနေပြီ....
- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း



မေလ ( ၂၉ ) ရက်နေ့မှ မေလ ( ၃၁ ) ရက်နေ့အထိ
LIKE US ON facebook Pun Hlaing Siloam Hospitals
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၁၂၊ ၆၈၄၃၂၅၊ ၆၈၄၃၃၄၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁
www.punhlaingsiloamhospitals.com

# ရွှေနန်းတော်စိန်ရွှေရတနာဆိုင်ဖွင့်လှစ်ခြင်း (၂၂)နှစ်ပြည့်အထူးအစီအစဉ်

**22 YEARS 1994 - 2016**

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၄)ဆိုင်စလုံးတွင် 22 YEAR ANNIVERSARY Week အထိမ်းအမှတ်အဖြစ်
၂၁-၅-၂၀၁၆ မှ ၂၉-၅-၂၀၁၆ အထိ

**Up to 50% OFF**

## ကံထူးရှင်ရွေးချယ်ပွဲ

သိန်းပေါင်း (2500) ကျော်ဖိုးမြင့်ပေးမည့် **Lucky Draw Program**
၂၀၁၆ ဇန်နဝါရီ (၁၈)ရက် မှ မေ (၂၉)ရက်နေ့အထိ

### Grand Lucky Draw Prizes

| | |
|---|---|
| (၁) MAZDA3 Brand New ကား | (၂) စီး |
| (၂) ၅ကျပ်သား ရွှေဆွဲကြိုး | (၅) ကုံး |
| (၃) ၃ကျပ်သား ရွှေဆွဲကြိုး | (၅) ကုံး |
| (၄) ၁ကျပ်သား ရွှေဆွဲကြိုး | (၁၀) ကုံး |
| (၅) ငါးမူးသား ရွှေဆွဲကြိုး | (၂၀) ကုံး |

**28.5.2016 (စနေနေ့)**
နေ့လည် (၁း၀၀နာရီ မှ ၃း၀၀နာရီထိ)
Draem Boat နှင့်အဖွဲ့ဖျော်ဖြေမှုများ
ညနေ (၄း၀၀နာရီ မှ ၆း၀၀နာရီထိ)
Tri Family (ဖြူဖြူကေ၊ နီနီကေ၊ Mr.K)
စေမီကို (K Miko & Blossoms Dance Crew)
ဖြိုးပြည့်စုံ၊ အောင်ထက်၊ ဝဒ

**29.5.2016 (တနင်္ဂနွေနေ့)**
နေ့လည် (၁း၀၀နာရီ မှ ၃း၀၀နာရီထိ)
Draem Boat နှင့်အဖွဲ့ဖျော်ဖြေမှုများ
ညနေ (၄း၀၀နာရီ မှ ၆း၀၀နာရီထိ) ကံထူးရှင်ရွေးချယ်ပွဲ
စေမီကို (K Miko & Blossoms Dance Crew)
ဖြိုးပြည့်စုံ၊ အောင်ထက်၊ ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊
အမှတ်တရဓါတ်ပုံရိုက်ကူးပေးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
နေတိုး၊ ဇေရဲထက်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊
Miss Show – မြတ်ပုဏ္ဏမိနိုင်၊ နန်းစန္ဒာလှထွန်း၊
ယမင်းဇေဦး၊ Bella (မြတ်သီရိလွင်) မြတ်သီရိမွန်၊

၁-၃-၂၀၁၆ မှ ၃၀-၀၂-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၂၅)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်

| | |
|---|---|
| ရွှေ (၁၀)ကျပ်သား | (၁) ဆု |
| ရွှေ (၇)ကျပ်သား | (၁) ဆု |
| ရွှေ (၅)ကျပ်သား | (၃) ဆု |
| ရွှေ (၃)ကျပ်သား | (၅) ဆု |
| ရွှေ (၂)ကျပ်သား | (၅) ဆု |
| ရွှေ (၁)ကျပ်သား | (၅) ဆု |
| ငါးမူးသား | (၅) ဆု |

ကံစမ်းရန်မလိုပါ




**New Arrival**

ချက်ချင်းပေါက် ချက်ချင်းယူ
ဗလာမပါ ကံစမ်းမဲ

(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း
(၁၀၀) နှင့် အခြားအဖိုးတန်ပစ္စည်းများ

၁၈.၁.၂၀၁၆ မှ ၂၉.၅.၂၀၁၆ ထိ

Customers အတွက်
Silver Card အကျိုးခံစားခွင့်
Gold Card အကျိုးခံစားခွင့်
Diamond Card အကျိုးခံစားခွင့်

GIA/HRD Certificate Available
Hongkong လက်ရာစိန်ထည်များ
(3D CAD/CAM) Designs
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card

ကုမ္ပဏီများအတွက် အမှတ်တရဆုဒ်သီး၊ ရင်ထိုးနှင့် လက်ဝတ်ရတနာမျိုးစုံကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ကမ္ဘာ့အဆင့်မီ အသေးစိတ်အထိ (3D CAD/ CAM) ဖြင့် ဒီဇိုင်းများ လက်ခံဆောင်ရွက်ပေးနေပါပြီ။

**Super Diamond Card** အစီအစဉ်
ဝယ်ယူမှု သိန်း(၆၀)ကျပ် ပြည့်တိုင်း
ငွေသားကျပ် (၂၅၀၀၀)ကျော်ဖြင့်ဖိုးမြင့်ပေးမည်။

| | | | |
|---|---|---|---|
| ဆိုင်(၁)- အမှတ်- ၇၄၃၊မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ဈေးချိုဆိုင်အနီး PH: 01-210572,01-229409,01-227212 | ဆိုင်(၂)- အမှတ်- ၆၈၈၊၁၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် PH:01-211728, 01-226977,01-228751 | ဆိုင်(၃)- မြေညီထပ်၊ JUNCTION SQUARE SHOPPING CENTRE PH:01-211728, 09-731 45462,09-731 45463 | ဆိုင်(၄)- (G-05A), မြေညီထပ်၊ MYANMAR PLAZA (HAGL GROUP) NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977 |


SAMSUNG
Galaxy J6
ပိုမိုကောင်းမွန်သော ဘဝအတွက် Galaxy J5 | J7 2016
SAMSUNG
LEG ROWERS IN INLE LAKE
MANAW FESTIVAL
MANDALAY PALACE
BAGAN
KANDAWGYI
BOGYOKE MARKET
NGAPALI BEACH
AYEYARWADDY RIVER
5.5"
5.2"
SAMSUNG
Galaxy J7 6
SAMSUNG
Galaxy J5 6
ဒေတာသုံးစွဲမှု ကုန်ကျစရိတ် ကိုသက်သာစေမည့်
Ultra-Data Saving mode*
မြန်မာနိုင်ငံတွင် လိုင်းဆွဲအားအကောင်းဆုံး
Best Signal
SAMSUNG
16 EVO
မေတ္တာလက်ဆောင်
16GB Micro SD Card
(*ဒေတာလျှော့ချမှုတွင် Youtube နှင့် Web Browser သုံးစွဲခြင်း အတွက်သာလျှော့ချပေးသည်၊ Facebook နှင့် COC သုံးစွဲခြင်း မပါဝင်ပါ၊)
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပဲခူးရိုးမ ၁၃ မိုင်စခန်း သိုင်းချောင်းနဘေးတွင် အဖိုးတန်ဆင်များကို ထိန်းကျောင်းစောင့်ရှောက်ပေးနေသည့် ဆင်ထိန်းများ၏ မိသားစုနေအိမ်များကို တွေ့ရစဉ်။

# ပဲခူးရိုးမတောအတွင်း ဆင်စခန်းမှ ခက်ခဲကြမ်းတမ်းသော အဖြည့်ခံများ ဘဝ

သတင်းဆောင်းပါး-ဇာဏီ၊ သတင်းဓာတ်ပုံ - Alez

**တောက်. . . တောက်. . . တောက်**

အဝေးမှပင်ကြားနေခဲ့ရပြီး နီးသည်ထက်နီးလာသည်ဟု ထင်ရသည့် ခလောက်သံ. . .

ကျေးငှက်သာရကာတို့၏ မြည်ကျူးသံများကို တောတောင်လျှိုမြောင်ကြား၌ ကျွန်တော်တို့သတင်းအဖွဲ့ကြားရမည်ဟုထင်မိသော်လည်း လက်တွေ့တွင်မူ ဆင်ခလောက်သံ၊ ကျွဲခလောက်သံ၊ တဖြောင်းဖြောင်း မြည်နေသော ဝါးကွဲသံ၊ ဘိုး. . ဘိုး. . ဘိုး. . . ဟူသော ဆင်ချေ့သံ၊ ကျယ်လောင်သော ဆင်မောင်းသံများသာ ကြားခဲ့ရသည်။

**ဆင်စခန်းသွားရာ လမ်းဝဲယာတွင် သစ်ပင်ကြီးငယ်များမရှိ၊ ကြေမွပျက်စီးနေသော ဝါးပင်များကိုသာတွေ့ရသည်။ လဲပြိုကျိုးကြေနေသည့် ဝါးပင်များမှာ ဆင်များအစာစားရန်အတွက် ဆွဲချသွားဟန်တူသည်။**

တောဟုဆိုသော်လည်း သစ်ကြီးဝါးကြီးများမရှိတော့။ ပျက်စီးနေသော ဝါးပင်များ၊ တန်ဖိုးနည်းသစ်ပင် အနည်းငယ်နှင့် တောတောင်လျှိုမြောင်ကြားတွင် တသွင်သွင်ရစ်ခွေစီးဆင်းနေသော သိုင်းချောင်းတို့သာရှိသည်။ ယင်းပတ်ဝန်းကျင်မြေပြန့်နေရာတွင် တဲအိမ်ခြေ ၂၀ ခန့်ကို အစီအရီညီညီညာညာတွေ့ရသည်။ ထိုနေအိမ်လေးများမှာ ရေတာရှည်မြို့နယ်အတွင်းရှိ ပဲခူးရိုးမ ဖိုးကျား (၁၃) မိုင်ဆင်စခန်းမှ ဆင်ထိန်းများနေထိုင်သော မိသားစုနေအိမ်လေးများဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့

## ကြေးနီစီမံကိန်းနယ်မြေများရှိ ရေထုညစ်ညမ်းမှုများအတွက် ကုစားမှုများ မတွေ့ရသေး

**မုံရွာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ စပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းမြောက်ဘက်ယမားချောင်းနှင့် ချင်းတွင်းမြစ်တစ်လျှောက်ကြေးနီစီမံကိန်း နယ်မြေများတွင် ရေထုညစ်ညမ်းမှုများတွေ့နေရသော်လည်း ရေထုညစ်ညမ်းမှုကို ကုစားပေးနိုင်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်ရန် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိသလို အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အနေဖြင့်လည်း မည်သည့်ကုစားမှုမျိုး လုပ်ဆောင်ပေးခြင်းမရှိသည်ကို တွေ့ရကြောင်း MATA နှင့် ဒေသခံများပူးပေါင်းရေးဆွဲထားသည့် လက်ပံတောင်းတောင် သုတေသနစာတမ်းတွင် ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။

အကောင်အထည်ဖော်ဆောင်ရွက်သည့် အစီရင်ခံစာထဲတွင်စပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းကြောင့် ရေထုပျက်စီးမှုအတွက် မည်သို့လုပ်ဆောင်ကုစားပေးမည်ကို ဖော်ပြရမည့်အစား လက်ပံတောင်းစီမံကိန်းအတွက် ရေဆိုးသန့်စင်သည့် စနစ်ထားရှိခြင်းနှင့် စွန့်ပစ်ရေသိမ်းဆည်းကန်နှင့် ရေတားတမံခိုင်ခံ့အောင်သာ ဒီဇိုင်းရေးဆွဲထားကြောင်း ဖော်ပြထားသလို ရေဆိုးသန့်စင်သည့်စနစ်နှင့် စွန့်ပစ်ရေတားတမံဆောက်လုပ်မှုများသည် အမှန်တကယ်စိတ်ချယုံကြည်ရလောက်အောင် လုပ်ဆောင်နိုင်ကြောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးနိုင်သည့်လွတ်လပ်သော အဖွဲ့လည်း မရှိကြောင်း သိရသည်။

"ဒီဒေသမှာ မိုးများလာပြီဆိုရင် ရွာသူရွာသားတွေ လန့်နေရတယ်။ မိုးရေချိန်များလာရင် စပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းလုပ်နေတဲ့ကုမ္ပဏီက ရေဆိုးတွေကိုမထိန်းနိုင်တော့ဘဲ ရေရိုးကတစ်ဆင့် ရွာသူရွာသားတွေကိုအသိမပေးဘဲ ဖောက်ချတယ်။ အဲဒီလိုဖောက်ချနေတာအကြိမ်ပေါင်းများစွာရှိပြီ။ ရွာသားတွေကိုယ်တိုင်တွေ့တာသုံးလေးခါထက်မနည်းရှိပြီ။ သိလို့စာတင်ပြီးတားတာကိုလည်း သိပ်ဂရုမစိုက်ဘူး။ မိုးရွာပြီ၊ မိုးများပြီဆိုရင်၊ ရေဆိုးတွေမထိန်းနိုင်တော့ဘူးဆိုရင် ဖောက်ချတော့တာပဲ"ဟု ရွှေပန်းခိုင်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပြသည်။ စပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းမှ ၂၀၁၅ခုနှစ် အောက်တိုဘာလ မိုးတွင်းကာလအတွင်း ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ ရေဆိုးများကို ရေရိုးတစ်လျှောက်မှ လွှတ်ထုတ်လိုက်သည့်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ သို့

